HNIT THIT OO
Printing House
No. 27(A), Corner of U Hmoo St; and U Tun Nyo St; ,
Dagon (East) Industrial Zone,Yangon.
Mobile : 09 - 766 766 751, 09 - 766 766 752
Email : hnitthitoo8@gmail.com

The VOICE Sunday

Vol. 5 / No. 237 Established in 2004 ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃) ရက်၊ တနင်္ဂနွေနေ့၊ (Sunday, January 14, 2018)

# ရန်ကုန်ကို ဇဟိုပြု၍ လျှောက်လျှပ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဖြူးလျှော်အပြီး လျှော်ငယ်များ ဆက်တိုက်လှုပ်ခတ်နေရာတွင် ဇန်နဝါရီလ ၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ခန့်က ရန်ကုန်မြို့တော်တွင် လျှော်လှုပ်ခတ်ခဲ့ပြီး အဆိုပါလျှော်လှုပ်ခတ်မှုကို ရန်ကုန်မြို့နေထိုင်သူအများစု သိသာစွာ ခံစားလိုက်ရသည်။

"လျှော်က တော်တော်လေးပြင်းတယ်။ အဆောက်အအုံတောင် ယမ်းခါသွားတယ်။ အရင်ရက်တွေကလည်း ဆက်တိုက်လှုပ်နေတာဆိုတော့ ကြောက်မိတယ်" ဟု မြောက်ဥက္ကလာပမြို့နယ်နေထိုင်သူ အမျိုးသမီးတစ်ဦးက ပြောဆိုသည်။

အဆိုပါမြေလျှော်သည် P - 2

## "နောက်ဆက်တွဲလျှော်တွေက အနည်းနဲ့ အများတော့လာမှာပဲ"

မြေလျှော်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးနှင့် တွေ့ဆုံခြင်း P - 5




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖွင့်လှစ်ပြသသည့် သစ်ခွပြပွဲကို မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းမပေါ်ရှိ မင်္ဂလာဒုံဥယျာဉ်တွင် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ခင်းကျင်းပြသလျက်ရှိသည်

# ရောဝတီနှင့် ပဲခူးတိုင်း ပင်လုံအကြို ဆွေးနွေးပွဲများ အစိုးရက တားမြစ်

**တောင်ငူ၊ ဇန်နဝါရီ ၁၃**

ပဲခူးမြို့ပေါ်၌ ကျင်းပသည့် ၂၁ ရာစုပင်လုံအကြို ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ရောဝတီတိုင်း ပုသိမ်မြို့၌ ကျင်းပသည့် ဆွေးနွေးပွဲများကို သက်ဆိုင်ရာအစိုးရအဖွဲ့များက တားမြစ်ခဲ့ကြောင်း ယင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သူများထံမှ သိရသည်။

ပဲခူးမြို့နယ် ဥသာမြို့သစ် မရီနာ ၂ ဟိုတယ်တွင် ဇန်နဝါရီလ ၁၂ရက်မှ စတင်ကာ ၂ရက်ကြာ ကျင်းပသည့် ၂၁ရာစုပင်လုံအကြို တိုင်းဒေသကြီးအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တားမြစ်ခဲ့၍ နောက်ဆုံးရက်၌ တည်းခိုသည့်အခန်းများတွင် ဆွေးနွေးခဲ့ရကြောင်း ဆွေးနွေးပွဲတက်ရောက်သူများထံမှ သိရသည်။ P - 3

## ဂျပန်နိုင်ငံခြားရေးဝန်ကြီး မောင်တောဒေသသို့ လာရောက်

P - 7

## ပုသိမ်ဟာလဝါဘူးများတွင် ပါဝင်ပစ္စည်းများ ဖော်ပြရန် သတ်မှတ်

P - 6

## သပိတ်ကျင်းတွင် ယမ်းပေါက်ကွဲမှုကြောင့် နှစ်ဦးသေ

P - 9



# မပြီးပြတ်သောစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် တိုက်တွန်းမည်ဟု မန်းဂျော်နီပြော

ပုသိမ်၊ ဇန်နဝါရီ၁၃



– ZAW G

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ဆောင်ရွက်မည့် ရေပေးဝေရေးလုပ်ငန်းနှင့် ငပုတောမြို့နယ်တွင်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ အပါအဝင် မပြီးပြတ်သောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ဝန်ကြီးချုပ်သစ်ကို တိုက်တွန်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီကပြောကြားသည်။

ဇန်နဝါရီလ ၁၂ ရက်က ဧရာဝတီတိုင်းအစိုးရအဖွဲ့ရုံးတွင် ကျင်းပသည့်ဝန်ကြီးချုပ်ဟောင်းမန်းဂျော်နီ၏ သတင်းစာရှင်းလင်းပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားသည်။

ဝန်ကြီးချုပ်အဖြစ် တာဝန်ယူစဉ် ၂၁ လအတွင်း ဖျာပုံရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေတွင် စည်းကမ်းစနစ်တကျဖြစ်ရေးဆောင်ရွက်ခြင်း လုပ်ငန်း၊ မြတ်မော်တင်ဘုရားရင်ပြင်နှင့် တောင်ကုန်းပြုပြင်ခြင်းများကို ဆောင်ရွက်ခြင်း၊ တိုင်းအတွင်းရှိတိုက်နယ်များကို မြို့အဖြစ် ၄ မြို့တိုးမြှင့်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း ၎င်းထံမှသိရသည်။

ဆက်လက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ပုသိမ်မြို့ရေပေးဝေရေး စီမံကိန်းလုပ်ငန်း၊ ၂၀၁၈- ၂၀၁၉နှစ်လယ်တွင်ပြီးစီးနိုင်မည့်ငပုတောမြို့နယ်၊ မီးလောင်ဂျိုင်ဒေသတွင် LMG ကုမ္ပဏီက ၁၃၈၀ မဂ္ဂါဝပ်ထုတ်နိုင်မည့် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းလုပ်ငန်းများဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

၎င်းအစိုးရ တာဝန်ယူစဉ် စိန်ခေါ်မှုအရှိဆုံးနှင့် အခက်အခဲဆုံးလုပ်ငန်းမှာ ရေချိုငါးလုပ်ငန်းနှင့် အင်းတင်ဒါကိစ္စရပ်များဖြစ်ကြောင်း၊ ယင်းအပြင်လယ်မြေပြဿနာများမှာလည်း ဖြေရှင်းရန် ခက်ခဲကြောင်း ၎င်းက ပြောသည်။

■

R 11

---

## မျက်နှာဖုံး - ရန်ကုန်ကို ဗဟိုပြု၍ ငလျင်လှုပ် မှ အဆက်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ခ်ျစတာစကေး ၃ ဒသမ ၉ အဆင့်ရှိအင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲထံမှ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၁၁ ရက်နေ့ ည ၁၂ နာရီ ၅၆ မိနစ်ခန့်(ညသန်းခေါင်) က ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ ပဲခူးရိုးမအတွင်းကို ဗဟိုပြု၍ အင်အားရစ်ခ်ျစတာစကေး ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲ မြေငလျင်များ ထပ်မံလှုပ်ခတ်ခဲ့သည်။

ယင်းဖြူးငလျင်လှုပ်ခတ်ပြီးနောက် ရက်ပိုင်းအတွင်း နောက်ဆက်တွဲ အင်အားအသင့်အတင့်ရှိ မြေငလျင်များခပ်စိပ်စိပ် လှုပ်ခတ်လျက်ရှိသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့ ည ၉ နာရီ ၅၃ မိနစ်ခန့်က ဖြူးမြို့၏အနောက်တောင်ဘက် ၂၁ မိုင်ခန့်အကွာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ခ်ျစတာစကေး ၄ ဒသမ ၈ အဆင့်ရှိငလျင်အပါအဝင် အင်အားအသင့်အတင့်ရှိသည့် ငလျင်များ ခြောက်ကြိမ်ထက်မနည်း လှုပ်ခတ်ခဲ့သည်။

"ဒီရက်ပိုင်းငလျင်တွေ မကြာခဏ လှုပ်နေပေမယ့် ရန်ကုန်မှာအခုလှုပ်တာက ဖြူးငလျင်နဲ့တော့ မဆိုင်ဘူး။ ရန်ကုန်မြို့အနားမှာရှိတဲ့ ပြတ်ရွေ့အသေးလေးတွေကနေလှုပ်သွားတာပါ။ ဗဟိုချက်နဲ့ နီးတော့ ပိုသတိပြုမိတာ" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးက ပြောဆိုသည်။

ပဲခူးရိုးမသစ်တောအတွင်းဗဟိုပြုလှုပ်ခတ်ခဲ့သည့် အင်အား ၆ ဒသမ ၀ အဆင့်ရှိ ဖြူးငလျင်နှင့်ပတ်သက်၍ ယင်းဒေသကို ဘူမိဗေဒပညာရှင်များက ကွင်းဆင်းသုတေသနပြုမည်ဖြစ်ပြီး ဖြူးငလျင်သည် ဇောက်တိမ်ငလျင်အမျိုးအစားဖြစ်ခြင်းကြောင့် ရန်ကုန်အပါအဝင် မြို့ကြီးအများစုတွင် သိသာခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီက ပြောကြားထားသည်။

အင်အားပြင်းငလျင်အန္တရာယ်ရှိနေသည့် စစ်ကိုင်းပြတ်ရွေ့ပေါ်ရှိ မြို့ကြီးများအပြင် လူနေအဆောက်အအုံများ ထူထပ်လှသည့် ရန်ကုန်မြို့တော်ကို ဗဟိုပြု၍ အင်အားပြင်းငလျင်ကြီးများ လှုပ်ခတ်ခဲ့ပါက ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေ များပြားသည့်အတွက် ငလျင်အန္တရာယ်ကို ကြိုတင်တွက်ဆကာ ပြင်ဆင်ထားရန်လိုအပ်ကြောင်း မြေငလျင်ကျွမ်းကျင်ပညာရှင်များက သတိပေးပြောဆိုသည်။

မြန်မာနိုင်ငံတွင် အဓိကပြတ်ရွေ့ကြောများဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့နှင့် ကျောက်ကြမ်း ပြတ်ရွေ့အပြင် အခြားပြတ်ရွေ့ငယ်များစွာရှိနေပြီး ကီလိုမီတာတစ်ထောင်အရှည်ရှိကာ တောင်နှင့် မြောက်သွယ်တန်းနေသည့် စစ်ကိုင်းပြတ်ရွေ့သည် အင်အားပြင်းမြေငလျင်ကြီးများ အန္တရာယ်ရှိနေသည်။

■

E-03

## ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြီးကြပ်ရေးသင်တန်း ပေးမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

လာမည့် ၂၀၁၈ ရွေးကောက်ပွဲကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲကြီးကြပ်ရေးသင်တန်းပေးမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

"ကော်မရှင်တွေကို အသစ်ဖွဲ့ထားပြီးပြီ။ သူတို့ကို သင်တန်းပေးရမယ်။ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့တွေကိုလည်း သင်တန်းပေးရမယ်။ ၂၀၁၇ က ရွေးကောက်ပွဲက လူဟောင်းတွေနဲ့လုပ်တာ။ အခုက အသစ် ထပ်ဖွဲ့တဲ့သူတွေကို ရှေ့လသင်တန်း စမယ်" ဟု ၎င်းက ပြောကြားသည်။

အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်ခုနစ်နေရာအတွက် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်၊ တိုင်းကော်မရှင်နှင့် ခရိုင်ကော်မရှင်အဖွဲ့ဝင်များကို ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် လ၊ ရက်နှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ကြီးကြပ်ရေးသင်တန်းများ၊ မဲရုံးမှူးသင်တန်းများပို့ချပြီးမှသာ သတ်မှတ်မည်ဖြစ်သောကြောင့် လက်ရှိ ထုတ်ဖော်ပြောဆို၍ မရကြောင်း ၎င်းကပြောကြားသည်။

၂၀၁၈ ခုနှစ်ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပမည့်ရက်နှင့် လအတိအကျကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

■ J-18

တာဝတိံသာ
အဆင့်မြင့်အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
Ph : 09 32152526, 09 421024222, 09 31483218, 09 49344288

ဝန်ထမ်းအလိုရှိသည်
ချည်ငင်စက်မောင်းအမျိုးသမီးဝန်ထမ်း - (၃) ဦး
အဆောင်စီစဉ်ပေးမည်။

# ၆၆ (ဃ) ဖြင့် စွဲဆိုထားမှုကို ပိတ်သိမ်းပေးရန် ပန်ဆယ်လို ထွက်ဆိုချက်ပေး

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

လူမှုကွန်ရက်တွင် လူသိများသော အကောင့်ပိုင်ရှင်တစ်ဦးဖြစ်သည့်ပန်ဆယ်လို အပေါ် ဆက်သွယ်ရေး ဥပဒေ ၆၆ (ဃ) ဖြင့် အမှုဖွင့်ထားမှုကို ပိတ်သိမ်းပေးရန် ပန်ဆယ်လိုက သူ၏ ကိုယ်တိုင်ထွက်ဆိုချက်တွင်ထည့်သွင်း ဖော်ပြသည်။

ဆက်သွယ်ရေး ဥပဒေ ၆၆ (ဃ) ဖြင့်အမှုဖွင့်ခံထားရသော ဒေါ်အိမ့်ပိုးဉ(ခ) ပန်ဆယ်လိုသည် ဇန်နဝါရီလ ၁၃ ရက် နံနက် ၁၀ နာရီက တာမွေရဲစခန်းသို့ ရောက်ရှိလာပြီး ကိုယ်တိုင်ထွက်ဆိုချက် (own statement) ပေးခဲ့ရာတွင် ထည့်သွင်းဖော်ပြခဲ့ခြင်း ဖြစ် သည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၂၂) ရပ်ကွက်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြမဥ္ဇူလမ်းတွင်နေထိုင်သူ ဦးမောင်မောင်တာ၏ တိုင်ကြားချက်တွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ရပ်ကွက်၊ လမင်းသာ-၂ စားသောက်ဆိုင်တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သော သံဃာတော်တစ်ပါးက ဆေးသောက်ရန်အတွက် ရေနွေးဝင်ရောက်တောင်းသည်ကို ဆိုင်ပိုင်ရှင်နှင့်အပေါင်းပါတို့ နှိပ်စက်ညှဥ်းပန်းခားပြတိုက်မှု၌ ဗုဒ္ဓဘာသာကို ပျက်စီးစေလိုသော၊ ဖျက်ဆီးလိုသောသဘောသက်ရောက်သည့်ရေးသားချက်များကို ၎င်း၏ လူမှုကွန်ရက် စာမျက်နှာပေါ်တွင်ဖော်ပြခဲ့ရာ နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးညှိုးနွမ်းစေရန် ဆောင်ရွက်ခဲ့ခြင်း၊ ဆရာတော် ဦးဝီရသူကို ကြိမ်ဖန်များစွာ စော်ကားပုတ်ခတ်ရေးသားခဲ့ခြင်းများနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို နိုင်ငံတကာက အကြည်အညိုပျက်စေလောက်သည်အထိ ရေးသားစော်ကားခြင်းများရှိခဲ့ပါသည်ဟု ဆိုကာ တာမွေ မြို့မ ရဲစခန်းတွင် ဒီဇင်ဘာလ ၁၁ ရက်နေ့က တိုင်ကြားခဲ့ခြင်းဖြစ်သည်။

"တရားလို ဦးမောင်မောင်တာရဲ့ တိုင်ကြားချက်မှာ ဆရာတော်ဦးဣန္ဒကအပေါ် ဘယ်လိုနစ်နာအောင် ရေးသားတယ်ဆိုတဲ့ အချက်အလက်တွေလည်း မပါဘူး၊ ပန်ဆယ်လိုရဲ့ရေးသားချက်တွေက နိုင်ငံတစ်ဝန်းက ဗုဒ္ဓဘာသာဝင်တွေအပေါ် စိတ်နှလုံးညှိုးနွမ်းစေတယ်ဆိုတဲ့ အချက်သာပါတယ်။ အဲဒါကြောင့် ဒီတိုင်စာသည် ဥပဒေအရ ဆက်လက်ပြီးဖြေရှင်းဆောင်ရွက်ရန် အကြောင်းမရှိတဲ့အတွက် ပိတ်သိမ်းပေးဖို့ စာတင်ထားခဲ့တယ်"ဟု ပန်ဆယ်လို၏ ဥပဒေ အကျိုးဆောင် ဦးခင်မောင်မြင့်က ပြောကြားသည်။

ယင်းတိုင်ကြားချက်များတွင် ဆရာတော်ဦးဣန္ဒက၏ ကိုယ်စားလှယ်လွှဲစာသာပါရှိပြီး ဦးဝီရသူ၏ ကိုယ်စားလှယ်လွှဲစာနှင့်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ကိုယ်စားလှယ်လွှဲစာ ပါဝင်မှုမရှိကြောင်း၊ ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ချက်တွင် တိုင်ကြားသူသည် ကိုယ်တိုင်နစ်နာသူမဟုတ်ပါက နစ်နာသူ၏ တရားဝင်ကိုယ်စားလှယ်လွှဲစာ တင်ပြရန် ဥပဒေပုဒ်မ ၅ ဖြင့် ပြဋ္ဌာန်းထားသည့်အတွက် ဖြေရှင်းရန် တာဝန်မရှိကြောင်း တရားဝင်စာဖြင့် တင်ပြခဲ့ကြောင်း ဆရာဦးခင်မောင်မြင့်က ဆက်လက်ရှင်းပြသည်။ ■ J 16



ဓာတ်ပုံ- ဇော်မိုးလွင်

မျက်နှာဖုံး - ရောဝတီနှင့် ပဲခူးတိုင်း ပင်လုံအကြို ဆွေးနွေးပွဲများ မှ အဆက်



ဓာတ်ပုံ- ဇေယျာကို

ပထမရက်တွင် ပဲခူးတိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ခွင့်ပြုချက်တောင်းခံမှုမတင်ဟုဆိုကာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးက လာရောက်တားမြစ်ခဲ့သော်လည်း ဆွေးနွေးပွဲကို ခန်းမဆောင်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း၊ ဒုတိယမြောက်ရက် မနက်ပိုင်းတွင် ဟိုတယ်ဝန်ထမ်းများက ခုံများလာသိမ်းသဖြင့် တည်းခိုရာအခန်းများတွင် အုပ်စုလိုက်ဆွေးနွေးခဲ့ရကြောင်း ဆွေးနွေးပွဲတက်ရောက်သည့် ဒိုက်ဦးမြို့မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဦးစောလင်းက ပြောသည်။

ဆွေးနွေးပွဲ ပထမနေ့တွင် လာရောက်တားမြစ်သည့်အတွက် တိုင်းအစိုးရအဖွဲ့ထံ အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ရာ ကျင်းပသည့်ရက်နှင့် အသိပေးစာပေးပို့သည့်ရက် နီးကပ်သဖြင့် ကျင်းပခွင့်မပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲ တက်ရောက်နေသူများထံမှ သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) က ဦးဆောင်ကာ ဆွေးနွေးပွဲကျင်းပပြီး ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းအချို့က တက်ရောက်သူ ၅၀ကျော်ရှိကြောင်း ပဲခူးအနောက်ခြမ်း ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးဇေယျာက ပြောသည်။

တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)၏ ခွင့်ပြုချက်နှင့် ကြိုတင်လာရောက်ကာ အသိပေးအကြောင်းကြားခြင်းမရှိသဖြင့် တားမြစ်ခြင်းသာ ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေကပြောကြားသည်။

ဆွေးနွေးပွဲကျင်းပသည့်အဖွဲ့အစည်းများက အုပ်ချုပ်ရေးဌာနကို အသိပေးအကြောင်းကြားစာ ပေးပို့ထားခြင်းမရှိသည့်အတွက် မြို့နယ်က တားမြစ်ခိုင်းသည်ကို သွားရောက် အသိပေးခဲ့ခြင်းဖြစ်ကြောင်း ဉသာမြို့သစ် ရပ်ကွက်ကြီး(၂)အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ပြောကြားသည်။

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၃ ရပ်ကွက်ရှိ SWEEN HOTEL တွင် ဇန်နဝါရီလ ၁၃ရက်မှ ၂ရက်ကြာ ကျင်းပမည့် ၂၁ရာစု ပင်လုံ ညီလာခံ လူထုအကြို ဆွေးနွေးပွဲကို သက်ဆိုင်ရာက မေတ္တာရပ်ခံ တားမြစ်ခဲ့သဖြင့် ဆွေးနွေးပွဲကို ရပ်ဆိုင်းခဲ့ရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) က ကျင်းပပြုလုပ်မည့် ဆွေးနွေးပွဲအစီအစဉ်ကို တိုင်းအစိုးရထံ တင်ပြခဲ့ရာ ခွင့်ပြုခဲ့ကြောင်း၊ သို့သော် ဇန်နဝါရီလ ၁၂ ရက် ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၎င်းတို့ထံ ခွင့်ပြုချက် တင်ပြခြင်းမရှိသောကြောင့် မေတ္တာရပ်ခံ တားမြစ်လာ၍ ဆွေးနွေးပွဲ အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း ၈၈ မျိုးဆက် ငြိမ်းချမ်းရေး နှင့် ပွင့်လင်း လူ့အဖွဲ့အစည်း ဖော်ဆောင်ရေးအဖွဲ့ ပုသိမ်တာဝန်ခံ ဦးစိုးလှိုင်ဦးက ပြောသည်။

"နားလည်မှု လွဲမှားတဲ့ အကြောင်းအရာတွေ ဖြစ်ပါလိမ့်မယ်၊ မေတ္တာရပ်ခံ တားမြစ်တာကြောင့် ကျွန်တော်တို့ ဂုဏ်သိက္ခာရှိရှိ ရပ်ဆိုင်းလိုက်ပါတယ်။ နောက်ပိုင်းတော့ လုပ်ဖြစ်အောင် ကြိုးစားသွားမှာပါ၊ ဌာနဆိုင်ရာတွေပါ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ နဲ့ပတ်သက်ပြီး လေ့လာသိရှိထားဖို့ လိုအပ်နေပါတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် လိုအပ်သည် အခြေခံမူ ၁၀ ချက်ကို တင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည့် မူဝါဒ အဆိုပြုချက်များနှင့် အကြံပြုချက်များကို စာတမ်းပြုစုကာ ၂၁ ရာစု ပင်လုံ ညီလာခံ တတိယအကြိမ် အစည်းအဝေးတွင် တင်ပြရန်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ မလုပ်ရန် မေတ္တာရပ်ခံ တားမြစ်ခြင်းအတွက် ယာယီ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ သေချာပြန်လည် ညှိနှိုင်းဆွေးနွေးပြီးပါက ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း ABSDFမှ အထွေထွေ အတွင်းရေးမှူး ရဲဘော် ဆန်နီက ပြောကြားသည်။

"မုံရွာနဲ့ ပဲခူးပွဲမှာလည်း တားမြစ်ခံရပါတယ်၊ ကျွန်တော်တို့တစ်ဖွဲ့တည်း ဒီလိုကိစ္စမျိုး ကြုံနေတာ မဟုတ်ပါဘူး၊ ကျန်အင်အား စုများလည်း တွေ့ကြုံနေရပါတယ်၊ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ လူထုပါဝင်မှုလိုအပ်နေပါတယ်" ဟု ၎င်းက ဆိုသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)၏ ခွင့်ပြုချက်နှင့်အတူ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တရားဝင် အသိပေး အကြောင်းကြားကာ ခွင့်ပြုချက်ရယူထားခြင်း မရှိသောကြောင့် မေတ္တာရပ်ခံတားမြစ်ရခြင်းဖြစ်ကြောင်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူ က ပြောဆိုသည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောဝတီတိုင်းရှိအရပ်ဘက် အဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မသန်စွမ်း အဖွဲ့အစည်းများ၊ လူငယ် အဖွဲ့အစည်းများ တက္ကသိုလ်ကျောင်းသားများ ဖိတ်ကြားခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲများကို ပဲခူး ၊ ရန်ကုန်၊ ကျောက်ဆည်၊ မုံရွာ၊ ထားဝယ်၊ မကွေးမြို့တို့တွင် ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ထံမှ သိရသည်။ ■

**R-12, R-15**




# ဇန်းမော် - လွယ်ဂျယ် လမ်းပိုင်း ၂ နှစ်အတွင်း အပြီး ပြင်မည်

ဇန်းမော်၊ ဇန်နဝါရီ ၁၃



ဓာတ်ပုံ -ဆလိုင်းယောဇဉ်

ကချင်ပြည်နယ် ဇန်းမော်ခရိုင်ရှိ ၅၇မိုင်ရှည်သော ဇန်းမော်-မိုးမောက်-ကျောက်စခန်း- လွယ်ဂျယ်လမ်းပိုင်း အဆင့်မြှင့်တင်မှုများကို ၂နှစ်အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

လတ်တလောတွင် ယင်းလမ်းပိုင်း၏ ပြုပြင်ထိန်းသိမ်းမှုများကို ဇန်းမော်ခရိုင် လမ်းဦးစီးဌာနမှ ယာယီ တာဝန်ယူဆောင်ရွက်နေကြောင်း၊ ယင်းအပြင် အဆိုပါလမ်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံအခြေစိုက် 'ယင်းဂျန်းဟုန်းရှင်း' ကုမ္ပဏီမှ တိုင်းထွာခြင်း၊ ပုံထုတ်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်နေပြီး ကုမ္ပဏီကအစိုးရနှင့် စာချုပ်ချုပ်ပြီးပါက လမ်းဦးစီးဌာန အနေနှင့် လွှဲပြောင်းသွားမည်ဖြစ်ကြောင်း မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က ပြောသည်။

ဇန်းမော် -လွယ်ဂျယ်လမ်းမှာ ဇန်းမော်မြို့မှ အဓိက ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာရသော အရေးကြီး နယ်စပ်ကားလမ်းဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်ပို့ဆောင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ အပါအဝင် ယာဉ်အစီးရေ ၁၀၀၀ကျော် အသုံးပြုသည့်လမ်းဖြစ်ကြောင်း၊ ယင်းကြောင့် ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြင့်ကတ္တရာလမ်းဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိကို အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့ကြောင်း အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်က ပြောသည်။

အဆိုပါ လမ်းပိုင်းကို ၂၀၁၅ခုနှစ် အောက်တိုဘာလက BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်ခြင်း လုပ်ကိုင်ရန် မြောက်ပိုင်း တော်ဝင်ကျောက်စိမ်းကုမ္ပဏီနှင့် အစိုးရတို့ စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ယင်းနောက် လမ်းပိုင်းအဆင့်မြှင့်ခြင်းကို ၃နှစ် အတွင်းအပြီး မဆောင်ရွက်နိုင်သဖြင့် လုပ်ကိုင်ခွင့်ရုပ်သိမ်းခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အမျိုးသားလွှတ်တော်တွင် ဖြေကြားခဲ့သည်။

ဇန်းမော်-လွယ်ဂျယ်လမ်းမှာ လမ်းမကောင်းသဖြင့် ကား ၁၀စီးခန့် ချောက်ထဲကျတိမ်းမှောက်ကြောင်း၊ ယခုလတွင် ဆန်တင်လာသော ၁၀ဘီးကားချောက်ထဲ ကျခဲ့ကြောင်း ယင်းလမ်းသို့ သွားလာနေသော ဒေသခံကုန်သည် ဦးဂမ်အောင်က ပြောသည်။

အဆိုပါ လမ်းပိုင်းတွင် BOT စနစ်ဖြင့်လုပ်ကိုင်ခွင့်ရသော မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီထံမှ ၂၀၁၇ခုနှစ် ဩဂုတ်လက ပြန်လည်သိမ်းယူခဲ့ပြီး လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဇန်းမော်ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ လုပ်ဆောင်နေကြောင်း မိုးမောက်မြို့လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးဘရန်ရှောင်က ပြောသည်။ ■ R-14

The VOICE Sunday
The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)
**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com.
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772 **(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

## Editor's Word

# လောကဓံတရား ခံနိုင်ရည်ရှိရဲ့လား

လောကမှာရှိတဲ့လူတိုင်း တွေ့ကြုံရမယ့်လောကသဘာဝတွေကိုလောကဓံရှစ်ပါးဆိုပြီး ဗုဒ္ဓက ဟောကြား ဆုံးမခဲ့တယ်။ လောကနိယာမသဘောအရ လောကဓံရှစ်ပါးမှာလည်း အကောင်းနဲ့ အဆိုး ဒွန်တွဲနေတယ်။ အကောင်းလေးပါး၊ အဆိုးလေးပါးဆိုပြီး မျှလည်း မျှတနေတယ်။

ပစ္စည်းဥစ္စာ ရခြင်း၊ မရခြင်း၊ အချွေအရံများခြင်း၊ မရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ကိုယ်၊ စိတ်ချမ်းသာခြင်း၊ ကိုယ်၊ စိတ်ဆင်းရဲခြင်း ဆိုတဲ့ လောကဓံရှစ်ပါးကို လူ့လောကမှာ ရှိတဲ့ လူပုဂ္ဂိုလ်တိုင်း တစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံရသူချည်းပဲ။

သာမန် ပုထုဇဉ်အများစုကတော့ လောကဓံတရားကို ခံနိုင်ရည်မရှိကြဘူး။ အသိ ဉာဏ်ပညာကြီးသူ၊ စဉ်းစားဆင်ခြင်နိုင်စွမ်းရည် မြင့်မားသူ၊ ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်သူ အနည်းအကျဉ်းလောက်ပဲ လောကဓံတရားကို ခံနိုင်ရည်ရှိကြတယ်။

များသောအားဖြင့် ပြောကြတာကတော့ ဆင်းရဲတဲ့ လောကဓံ ခံနိုင်တယ် ချမ်းသာတဲ့ လောကဓံ မခံနိုင်ကြဘူး ဆိုတဲ့စကားပဲ။ ဒီစကားက လက်ရှိလူ့လောက တစ်နည်းပြောရင် မြန်မာလူ့အဖွဲ့အစည်းအတွက် ဒုတ်ဒုတ်ထိမှန်တဲ့ စကားလို့ ဆိုရမယ်။

ဒီနေ့ မြန်မာလူ့အဖွဲ့အစည်းကိုကြည့်ရင် ဒီစကား ဘယ်လောက်မှန်တယ်ဆိုတာ သက်သေပြနေသလိုပဲ။ အတိတ်က အနှိပ်စက်ခံ၊ အဖိနှိပ်ခံ၊ ကန့်သတ်ပိတ်ပင်ခံပြီး ဆင်းဆင်းရဲရဲ၊ ကျပ်ကျပ်တည်းတည်း နေလာခဲ့ရပေမယ့် စည်းစိမ်နဲ့ အာဏာဆိုတဲ့ လောက စည်းစိမ် ရသွားတဲ့အခါမှာတော့ ဒါတွေကို သာယာပြီး ဖောက်ပြန် ပျက်စီးသွားကြတာချည်းကိုး။

ပြီးခဲ့တဲ့ အနှစ် ငါးဆယ်ကျော်ကာလက သိပ်ဆင်းရဲခဲ့တဲ့ မြန်မာပြည်မှာ ၁၉၉၀ ခုနှစ်နောက်ပိုင်း တံခါးဖွင့်စီးပွားရေး မူဝါဒ စသုံးတော့ အဆက်အသွယ်ကောင်းအောင် လုပ်တတ်သူတွေ အတော် ကြီးပွားချမ်းသာသွားခဲ့ကြတယ်။ အဲလို ကြီးပွားချမ်းသာသွားတော့ အရင် ရှန်းကန်ဆင်းရဲခဲ့တုန်းက စရိုက်တွေနဲ့ မတူတော့ဘဲ လုံးလုံးပြောင်းလဲသွားကြတယ်။

အဲလို အဆက်အသွယ်ကောင်းပြီး စီးပွားရေးနဲ့မတူတဲ့ စီးပွားရေးတွေ၊ နည်းလမ်းတွေနဲ့ ချမ်းသာလာတဲ့ ခေတ်ပျက်သူဌေးတွေနဲ့ အောက်ခြေကနေစပြီး ကိုယ့်ထူးကိုယ်ချွန် ကြီးပွားချမ်းသာလာတဲ့သူတွေနဲ့တော့ ဒီနေရာမှာတော့ မတူဘူး။ တစ်နည်းပြောရရင်တော့ ဖြတ်သန်းလာတဲ့ ဘဝ၊ အတွေ့အကြုံနဲ့ ခံခဲ့ရတဲ့ အဆုံးအမတရားတွေကို မူတည်ပြီး စရိုက်တွေကွဲသွားတာမျိုးပေ့ါ။

အဲလို စရိုက်ကွဲတဲ့အတွက် လောကဓံတရားတွေကို ရှုမြင်ပုံ၊ လက်ခံပုံ၊ အဓိပ္ပာယ်ကောက်ပုံချင်း မတူကြတော့ဘူး။ တစ်နည်းပြောရရင် လောကဓံကို ခံနိုင်ရည် ရှိတာ၊ မရှိတာချည်း မတူကြတော့ဘူး။ ဒါကို လူတိုင်း နေ့စဉ် ထိတွေ့ဆက်ဆံနေရတဲ့ လူမှုပတ်ဝန်းကျင်မှာ အလွယ်တကူ မြင်နိုင်တယ်။

ကောင်းတဲ့ လောကဓံတွေကို မခံနိုင်ကြတာက အားမနာတမ်းတည့်တည့်ပြောရရင် အတိတ်က မမြင်ခဲ့၊ မရခဲ့၊ မကြုံခဲ့၊ မစားခဲ့၊ မသုံးခဲ့ဖူးတဲ့ လောကစည်းစိမ်၊ အချွေအရံတွေ ရလာတော့ အောက်ခြေလွတ်သွားတာပဲပေ့ါ။

အာဏာနိုင်ငံရေးနယ်ပယ်မှာလည်း ဒီအတိုင်းပဲ။ အရင် အဖိနှိပ်ခံဘဝက လူထုနဲ့ အင်မတန် နီးစပ်ပြီး လူထုနဲ့ တစ်သားတည်းရှိနေပါတယ်၊ အာဏာရှင်မှန်သမျှ ဆန့်ကျင်ပါတယ်၊ ဒီမိုကရေစီကို ချစ်မြတ်နိုးပါတယ်ဆိုတဲ့ သူတချို့လောကဓံကို မခံနိုင်ကြဘူး။ ကိုယ်တိုင် အာဏာကုလားထိုင်ပေါ်ကို ရောက်လာတဲ့အခါ အရင်က ကိုယ်ဆန့်ကျင်ခဲ့တာတွေကိုပဲ ကိုယ်တိုင်လုပ်နေကြတော့တာ။

သာမန်လူတွေကတော့ လောကဓံတရားကို မခံနိုင်တာ ထားလိုက်တော့။ ဗုဒ္ဓအပါအဝင် ဘာသာတရားအသီးသီးရဲ့ အဆုံးအမတွေကို တစ်ဆင့်ပြန်ပြီး လူ့အဖွဲ့အစည်းကို ဖြန့်ချိဆုံးမပေးရမယ့် တာဝန်ယူထားသူတွေနဲ့ နယ်ပယ်အသီးသီးရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် လောကဓံတရားကို မခံနိုင်ကြဘူး ဆိုရင်တော့ အဲဒီ လူ့အဖွဲ့အစည်း အန္တရာယ်ရှိနေပြီလို့ ပြောရမယ်။

မိသားစုတစ်စု၊ စာသင်ခန်းတစ်ခန်း၊ တက္ကသိုလ်တစ်ခု၊ နိုင်ငံရေးပါတီတစ်ခုကနေ လက်နက်ကိုင်တပ်အားလုံး၊ ဘာသာရေးနယ်တစ်ရပ်၊ အာဏာသုံးရပ်၊ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဦးဆောင်ရမယ့်သူတွေက သာမန်လူတွေ၊ တစ်နည်းအားဖြင့် ပြည်သူလူထုထက် ပိုပြီး လောကဓံတရားကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပြင်ဆင်ထားကြဖို့ လိုမယ်ဆိုတာ ပြောလိုရင်းပါ။

**အယ်ဒီတာ(၁၃-၁-၂၀၁၈)**

# "နောက်ဆက်တွဲလျှင်တွေက အနည်းနဲ့ အများတော့ လာမှာပဲ"

## မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးနှင့် တွေ့ဆုံခြင်း

ပြည့်ဖြိုးလင်း

ဖြူးမြို့၏အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ ပဲခူးရိုးမအတွင်းကိုဗဟိုပြု၍ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက် ၁ နာရီခန့်က အင်အားရစ်ခ်စတာ စကေး ၆ ဒသမ ၀ အဆင့်ရှိပြင်းအားပြင်း မြေငလျင် နှင့် နောက်ဆက်တွဲမြေငလျင်များ လှုပ်ရှားမှုကို ရန်ကုန် မြို့တော်အပါအဝင် ပဲခူး၊ နေပြည်တော်၊ မကွေး၊ ဧရာဝတီနှင့် ကယား အစရှိသည့် ဒေသများတွင် သိသာစွာခံစားလိုက်ရသော်လည်း လတ်တလော အပျက်အစီး မရှိခဲ့ပေ။ ယင်းငလျင် လှုပ်ရှားပြီး တစ်ရက်အကြာတွင် ရန်ကုန်မြို့တော်နှင့် ၁၃ မိုင်ခန့်အကွာ ထန်းတပင်မြို့ အနီးကို ဗဟိုပြု၍ အင်အားရစ်ခ်တာ စကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ရန်ကုန်မြို့တော်ရှိ အထပ်မြင့်တိုက်ခန်းတွင် နေထိုင်သူ မြေပြင်လမ်းမများအထိ ဆင်းပြေးခဲ့ရသည့်အထိ သက်ရောက်မှုများရှိခဲ့သည်။ ငလျင်များ လှုပ်ခတ်ခဲ့သည့် အခြေအနေနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးမင်းထွေးနှင့် ဆက်သွယ်မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။



မြန်မာနိုင်ငံမှာ အဓိကပြတ်ရွေ့က စစ်ကိုင်းပြတ်ရွေ့ဖြစ်နေတဲ့အတွက် ဒီပြတ်ရွေ့တစ်လျှောက်မှာရှိတဲ့ မြို့ကြီးတွေအကုန်လုံးက ပိုပြီးသတိထားဖို့လိုတယ်။ ဒါ့အပြင် နောက်ပြီး မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းအနေနဲ့က ပုံမှန်လည်း မကြာခဏလည်း လှုပ်နေတယ်။ တောင်တွေလည်း ရှိတဲ့အတွက်ကြောင့် မြေပြိုမှုအန္တရာယ်လည်း ရှိနိုင်တာကို ကြိုတင် စဉ်းစားထားဖို့လိုတယ်။

**Voice ။ လက်ရှိလှုပ်ခတ်ခဲ့တဲ့ မြေငလျင်က စစ်ကိုင်းပြတ်ရွေ့ကြောကနေ အဓိကလှုပ်ခတ်တာပါလား။ ဘယ်လိုအခြေအနေမျိုးကြောင့်လဲဆိုတာ သိပါရစေဆရာ။**

**Dr. YMMH ။** အခုငလျင်က စစ်ကိုင်းပြတ်ရွေ့နဲ့ မဆိုင်ဘူး။ စစ်ကိုင်းပြတ်ရွေ့အနောက်ဘက်ထဲမှာ ပဲခူးရိုးမထဲက Thrust Fault ပြတ်ရွေ့အသေးစား တစ်ခုကြောင့်ပါ။ ဒါကြောင့် ပဲခူးရိုးမဘက်မှာ လှုပ်တာ။ သူက နာမည်တော့မရှိဘူး။

**Voice ။ နောက်ဆက်တွဲငလျင်တွေ ဆက်တိုက်လှုပ်တာကရော သူ့အရှိန်ကြောင့်ပဲလား။ ထပ်ပြီးတော့ နောက်ဆက်တွဲငလျင်တွေ လာနိုင်သေးလား ဆရာ။**

**Dr. YMMH ။** ပထမအင်အားက 6.0 (၆ ဒသမသုည) ရှိတယ်။ သူ့ရဲ့မြေငလျင်ဗဟိုချက်က ဇောက်တိမ်တော့ နောက်ဆက်တွဲငလျင်တွေ လိုက်လာတာပါ။ နောက်ဆက်တွဲငလျင်အနေနဲ့က ဒီနေ့မနက် တစ်ခုအပါအဝင် စုစုပေါင်း ငါးကြိမ်လှုပ်သွားတယ်။ အခု ဖြူးမှာလှုပ်တဲ့ငလျင်ကတော့ လောလောဆယ် သုံးသပ်ချက်အရ စစ်ကိုင်းပြတ်ရွေ့နဲ့ ဆက်စပ်မှုမရှိဘူး။ ဒါပေမဲ့ ဇောက်တိမ်ငလျင်လည်းဖြစ်တဲ့အတွက် ရန်ကုန်ရယ် ဒီဘက်တစ်ခြမ်းလုံး ဖြူးတို့၊ ပဲခူးတို့၊ တောင်ငူတို့၊ ဇီးကုန်းတို့၊ ပြည်တို့၊ နေပြည်တော်မှာလည်း သတိပြုမိလိုက်တာပါ။ ငလျင်ကတော့ ကြိုတင်ပြီးခန့်မှန်းလို့တော့မရပေမယ့် ပုံမှန်ဆိုရင်တော့ ဒီလောက်ပြင်းအားနဲ့ လှုပ်သွားတယ်ဆိုတော့ နောက်ဆက်တွဲငလျင်တွေတော့ အနည်းနဲ့အများတော့ လာမှာပဲ။

**Voice ။ မြန်မာနိုင်ငံက မြို့ကြီးတွေကရော အင်အားပြင်း မြေငလျင်ကြီးအန္တရာယ်ရှိပါသလား။ ဘယ်လောက်စိုးရိမ်ရပါသလဲ။**

**Dr. YMMH ။** အဓိကကတော့ မြန်မာနိုင်ငံမှာ စစ်ကိုင်းပြတ်ရွေ့ကတော့ Main Fault ဖြစ်တဲ့အတွက် ဒီစစ်ကိုင်းပြတ်ရွေ့ကိုတော့ သတိပေးထားတာပေါ့။ တခြားပြတ်ရွေ့ငယ်တွေကတော့ တစ်နိုင်ငံလုံးအနှံ့ တော်တော်များများ ရှိနေတဲ့အတွက် သတိထားရမှာပေါ့။ ဒီတစ်လပိုင်း တစ်ရက်နေ့ကစပြီးတော့ ဒီမနက် လှုပ်တာတွေအပါအဝင် ငလျင်လှုပ်တာ ၁၄ ကြိမ် ထုတ်ပြန်ထားတယ်။ အဲဒီမှာမှ ညတုန်းက အဓိကငလျင်ရယ် အခုမနက်လှုပ်တဲ့ငလျင်တွေအပြင် တခြားသတင်းထုတ်ထားတဲ့ ခြောက်ခုလောက်မှာ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းက ပိုများတယ်။ အရင်ကလည်း အနောက်မြောက်ပိုင်းက ပိုပြီးလှုပ်လေ့ရှိတယ်။ တချို့ဟာကတော့ အင်အားနည်းပြီး ဇောက်နက်တဲ့အခါကျတော့ လူသတိမပြုမိတာပေါ့။ နည်းနည်းလည်း Activity များလာတာပေါ့။

**Voice ။ ငလျင်အန္တရာယ်နဲ့ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်ပါသလဲ ဆရာ။**

**Dr. YMMH ။** မြန်မာနိုင်ငံမှာ အဓိကပြတ်ရွေ့က စစ်ကိုင်းပြတ်ရွေ့ ဖြစ်နေတဲ့အတွက် ဒီပြတ်ရွေ့တစ်လျှောက်မှာရှိတဲ့ မြို့ကြီးတွေအကုန်လုံးက ပိုပြီးသတိထားဖို့လိုတယ်။ ဒါ့အပြင် နောက်ပြီး မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းအနေနဲ့က ပုံမှန်လည်း မကြာခဏလည်း လှုပ်နေတယ်။ တောင်တွေလည်း ရှိတဲ့အတွက်ကြောင့် မြေပြိုမှုအန္တရာယ်လည်း ရှိနိုင်တာကို ကြိုတင် စဉ်းစားထားဖို့လိုတယ်။ နောက် ဒီပြတ်ရွေ့တွေတစ်လျှောက်မှာရှိနေတဲ့ မြို့တွေအပြင် ယခင်က ငလျင်ကြီး လှုပ်ခတ်ခဲ့ဖူးတဲ့ ပဲခူးလိုမြို့တွေအပြင် ပျဉ်းမနား - သာစည် အပိုင်းအနေနဲ့လည်း ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားသင့်တယ်။

**Voice ။ ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

■

ပြည့်ဖြိုးလင်း




# အမ်းမြို့မှ ပြန်လည်စွန့်လွှတ်မြေများ တောင်သူအများစု မရသေး

**စစ်တွေ၊ ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် အမ်းမြို့တွင် သိမ်းဆည်းခံထားရသည့်မြေများကို သိမ်းဆည်းခဲ့သူများက ပြန်လည် စွန့်လွှတ်ခဲ့သော်လည်း မြေယာကော်မတီက လုပ်ဆောင်ပေးခြင်းမရှိသဖြင့် တောင်သူအများစု မြေယာများ ပြန်မရသေးကြောင်း တောင်သူများထံမှ သိရသည်။

အဆိုပါ မြေယာများအား တပ်မတော်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများက သိမ်းဆည်းခဲ့သော မြေယာများကို ပြန်လည် စွန့်လွှတ်ခဲ့သော်လည်း တောင်သူများ ပြန်လည်ရရှိရေးအတွက် မည်သို့လုပ်ဆောင်ရန် မြို့နယ်မြေယာကော်မတီက ပွင့်လင်းစွာချမပြသေးကြောင်း တိုင်းရင်းသား လူထုတိုးတက်ရေးမိတ်ဖက်အဖွဲ့မှ ရခိုင်ပြည်နယ်တာဝန်ခံ ဦးစိုးသိန်း ကပြောသည်။

"မြေယာကော်မတီက တောင်သူတွေကို ဘယ်လိုလုပ်ရတယ်ဆိုတာ မချပြသေးဘူး။ တချို့ကျတော့ မြေတွေကို ဝန်ထမ်းအိမ်ရာဆောက်၊ တခြားဟာတွေလုပ်မယ်၊ အဲဒီပုံစံတွေ လုပ်နေတာရှိတယ်"ဟု ၎င်းက ဆိုသည်။

စွန့်လွှတ်မြေယာများကို မူလပိုင်ရှင်တောင်သူ ပြန်လည်ရရှိရေးအတွက် ဇန်နဝါရီလ ၈ ရက်က အမ်းမြို့နယ်တွင် တောင်သူများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ မြေယာပြန်ရရေး ပြည်နယ်အစိုးရနှင့် ညှိနှိုင်းကာ တောင်းဆိုသွားမည်ဖြစ်ကြောင်း တောင်သူများက ပြောသည်။

အမ်းမြို့နယ်တွင် ၁၉၉၀ ခုနှစ်နောက်ပိုင်းကတည်းက တောင်သူ ၃၀၀ ကျော်ပိုင်ဆိုင်သောလယ်မြေဧက တစ်သောင်းကျော်ကို သိမ်းဆည်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကပင် လယ်ယာမြေ ဧက ၁၆၀၀ ကျော်ကို ပြန်လည်စွန့်လွှတ်ခဲ့ရာ မူလပိုင်ရှင်အချို့သာ ပြန်လည်ရရှိသော်လည်း အများစုမှာ မရသေးကြောင်း တောင်သူများထံမှ သိရသည်။

စွန့်လွှတ်မြေများကိုရယူလိုကြောင်း ပြန်လည်လျှောက်ထားပါက မူလလယ်လုပ်သူနှင့် လက်ရှိလယ်လုပ်သူများကို စိစစ်ဆေးကာ ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်မြေယာကော်မတီဥက္ကဋ္ဌလည်းဖြစ်သည့် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် က ပြောကြားသည်။

၁၉၉၉ ခုနှစ်တွက် လယ်ယာမြေဧက ၃၀၀ကျော်ကို တပ်မတော်ဘက်က နှုတ်မိန့်ဖြင့်သိမ်းဆည်းခဲ့ပြီး လျော်ကြေးမရခဲ့ကြောင်း၊ ယခုအခါ ပြန်လည် စွန့်လွှတ်ထားသည်ဟုဆိုသော်လည်း ပြန်မရသေးကြောင်း တောင်သူဦးလှဌေး ကပြောသည်။

"တောင်သူတွေမှာ လယ်ယာမြေအသိမ်းခံထားရတော့ စားဝတ်နေရေး ကျပ်တည်းတယ်။ လုပ်စားလို့ရတယ်ဆိုရင်ပြန်လိုချင်တယ်။ မရရင်လည်း နေလို့ထိုင်လို့ အဆင်ပြေရင်တော့ မြေကိုလည်း ပြန်လိုချင်တယ်။ လျော်ကြေးဆိုရင်လည်း တန်ရာတန်ကြေးရရင် အဆင်ပြေတယ်"ဟု ၎င်းက ဆိုသည်။

■ **နိုင်မင်းညို**



Photo - Zaw G

# ပုသိမ်ဟာလဝါဘူးများတွင် ပါဝင်ပစ္စည်းများဖော်ပြရန် သတ်မှတ်

**ပုသိမ်၊ ဇန်နဝါရီ ၁၃**

ပုသိမ်မြို့၏ ထွက်ကုန်တစ်ခုဖြစ်သော ပုသိမ်ဟာလဝါတွင် ကုန်ပစ္စည်းအမှတ်တံဆိပ်အပြင် ပါဝင်ပစ္စည်းများကို ဖော်ပြထားသည့် အမှတ်တံဆိပ်များကို ဇန်နဝါရီလမှစတင်ကာ ထည့်သွင်းရောင်းချရန် စားသုံးသူရေးရာ ဦးစီးဌာနထံမှ သိရသည်။

"ထုတ်လုပ်ရောင်းချနေတဲ့ ပုသိမ်ဟာလဝါမှာ ကုန်ပစ္စည်း အမှတ်တံဆိပ်အပြင် ထုတ်လုပ်တဲ့နေ့၊ သက်တမ်းကုန်မယ့်နေ့၊ ပါဝင်တဲ့ပစ္စည်းတွေ ကပ်ထားရပါမယ်၊ ဆိုင်ကြီးတွေမှ မဟုတ်ပါဘူး၊ ဆိုင်ငယ်တွေရော၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးတွေနဲ့ လိုက်ရောင်းနေတဲ့သူတွေပါ အကျုံးဝင်ပါတယ်"ဟု ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးဦးက ရှင်းပြသည်။

ပုသိမ်ဟာလဝါ ထုတ်လုပ်ရောင်းချနေသည့် ဆိုင်ကြီးများတွင် ဟာလဝါထဲက ပစ္စည်းများကို ပစ္စည်းမှန် အသုံးပြုရောင်းချသော်လည်း ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာများတွင် ရောင်းချနေသော ဈေးသည်များမှာ ထုတ်လုပ်သည့်ပစ္စည်းများမှာ အရောအနှောများ ရှိခြင်းကြောင့် စားသုံးသူနှင့် မကြာခဏ ပြဿနာများ ဖြစ်ပေါ်ရကြောင်း၊ ပုသိမ်ဒေသထွက်ကုန်ဖြစ်သည့် ပုသိမ်ဟာလဝါမှာ နိုင်ငံတွင်းသာမက နိုင်ငံပြင်ပတွင်ပါ နာမည်ကျော်သော်လည်း ယင်းဖြစ်စဉ်များကြောင့် နာမည်ပျက်နေရသဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် မကြာခဏဆွေးနွေးရကြောင်း ပုသိမ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူထွေး က ပြောသည်။

"ပုသိမ်တစ်ခေါက်ရောက်တော့ ပုသိမ်ဟာလဝါဆိုတော့ ဈေးလည်း သက်သာတာနဲ့ ဝယ်လိုက်တယ်၊ စက်ဘီးနဲ့လိုက်ရောင်းတာပါ၊ နောက်နေ့ စားဖို့လုပ်တော့ အရည်တွေပျော်ပြီး အချဉ်နံ့ထွက်နေပြီ" ဟုဟင်္သာတမြို့နေ ဦးငယ်လေး ကပြောသည်။

ပုသိမ်ဟာလဝါ ထုတ်လုပ်ရောင်းချမည့်သူများ အနေနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာတွင်လည်း လုပ်ငန်းလိုင်စင် လုပ်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့ထုတ်လုပ်သည့် ဟာလဝါဘူးများတွင် ကုန်ပစ္စည်း အမှတ်တံဆိပ်အပြင် အန္တရာယ် ကင်းသော အစားအစာဖြစ်ကြောင်း၊ ဟာလဝါတွင် ပါဝင်သည့်ပစ္စည်းများ၊ ထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးသည့်ရက်နှင့် ထုတ်လုပ်သူ၏ ဖုန်းနံပါတ်များပါ ဖော်ပြရမည်ဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနထံမှ သိရသည်။

ယင်းညွှန်ကြားချက်ကို မလိုက်နာပါက စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ-၁၉ ဖြင့်အရေးယူမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေနှင့် မကျေနပ်ပါက စားသုံးသူရေးရာ ဦးစီးဌာနထံစာဖြင့်ဖြစ်စေ၊ စားသုံးသူရေးရာ ဦးစီးဌာန(တိုင်းရုံး) ၀၄၂-၂၄၅၂၃၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (ပုသိမ်ခရိုင်) ၀၄၂-၂၄၅၂၀၊ ၀၉-၈၅၅၂၂၉၉ သို့ဖြစ်စေ တိုင်ကြားနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■ **R-11**

## NEWS IN BRIEF

### သာယာဝတီမြို့ရှိ အမှိုက်ပုံတွင် ကာဘိုင်ကျည်ဆန်များတွေ့

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဈေးရပ်ကွက် ရတနာလမ်းရှိ စည်ပင်အမှိုက်ပုံတွင် ဇန်နဝါရီ ၁၂ ညနေ ၅ နာရီက စည်ပင်ဝန်ထမ်းများ အမှိုက်ရှင်းလင်းစဉ် ကာဘိုင်ကျည်ဆန်များကို တွေ့ရှိခဲ့ကြောင်း စည်ပင်ဝန်ထမ်း ဦးစိုးရွှေက ပြောသည်။

အသုံးပြုရှိရသော ကျည်ကတ်နှင့်တွဲလျက် ကာဘိုင်ကျည်ဆန် ရှစ်တောင့်ကို တွေ့ရှိခဲ့ပြီး သာယာဝတီမြို့မ ရဲစခန်းထံ စည်ပင်ဝန်ထမ်းက အပ်နှံခဲ့ကြောင်း၊ ကျည်ဆန်များ စွန့်ပစ်သူကို စုံစမ်းနေပြီး ကျည်ဆန်များကို ခလရ(၃၅) တပ်ရင်းသို့လွှဲပြောင်းအပ်နှံရန် လုပ်ဆောင်နေကြောင်း သာယာဝတီမြို့မ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ■ **R - 19**

### ဂက်စ်အိုးပေါက်ကွဲ၍ မိုးပျံပူဖောင်းရောင်းသူ သေဆုံး

ကျေးရွာမျက်လှည့်ပွဲ၌ မိုးပျံပူဖောင်းရောင်းချရန် ပြင်ဆင်နေစဉ် ဂက်စ်အိုးပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့မှု ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အင်္ဂပူမြို့နယ်၊ တိုင်တရာရွာတွင်နေထိုင်သည့် အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးသည် ဇန်နဝါရီလ ၁၁ ရက်နေ့က ဂက်စ်အိုးပေါက်ကွဲရာမှ ရသည့်ဒဏ်ရာများဖြင့် ဟင်္သာတဆေးရုံသို့ရောက်ရှိလာပြီး သေဆုံးခဲ့ကြောင်း အဆိုပါရုံးထံမှ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၈ ဖြင့် အမှုဖွင့်ထားကြောင်း မဲဇလီကုန်းနယ်မြေစခန်းထံမှ သိရသည်။ ■ **R-13**

### လားရှိုးခရိုင်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူ ၅၀ ခန့်သေဆုံး

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်တွင် ၂၀၁၇ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၁၄ မှု ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ ၅၀ ဦးခန့်ရှိကြောင်း လားရှိုးမြို့အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့စုထံမှ သိရသည်။

လားရှိုးခရိုင်အတွင်း လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ မိုင်းရယ်နှင့် တန့်ယန်းစသည့် မြို့ငါးမြို့တွင် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၆၅ ဦးခန့်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ခိုင်က ရှင်းပြပြောဆိုသည်။

ယင်းကြောင့် လားရှိုးမြို့ပေါ်ရှိအခြေခံပညာကျောင်းများ၊ ကျေးရွာလူထုအတွင်း ယာဉ်အန္တရာယ်အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့လုပ်ဆောင်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **R-07**


ဓာတ်ပုံ - ခန့်မင်းညို

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မောင်တောဒေသသို့ လာရောက်

**စစ်တွေ၊ ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းက မောင်တောမြို့နယ်ရှိ ဘင်္ဂါလီများနေထိုင်ရာ ပန်းတောပြင် ကျေးရွာနှင့် တောင်ပြိုလက်ဝဲမြို့သို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့က စစ်တွေမြို့သို့ ရောက်ရှိလာပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD)၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တပ်မတော် ရဟတ်ယာဉ်ဖြင့် မောင်တောဒေသသို့ သွားရောက်ကာ ဘင်္ဂါလီများ ပြန်လည်လက်ခံရေး စခန်းတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။

ကိုယ်စားလှယ်အဖွဲ့က တောင်ပြိုလက်ဝဲမြို့၌ နယ်စပ်ခြံစည်းရိုးဆောက်လုပ်နေမှုကို ကြည့်ရှုခဲ့ပြီး ပန်းတောပြင်ကျေးရွာတွင် ဒေသခံများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း မောင်တောခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး ကဆိုသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့က စစ်တွေမြို့သို့ မွန်းလွဲ ၁နာရီတွင် ပြန်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ဂျပန်အစိုးရအနေနှင့် ဒုက္ခသည်များ ပြန်လာနိုင်ရေး၊ ပြန်လည်နေရာချထားနိုင်ရေးတို့တွင် ကူညီထောက်ပံ့မှုအနေနှင့် မြန်မာအစိုးရကို ဒုက္ခသည်များ နေထိုင်ဖို့ လိုအပ်သည့် ဒေါ်လာသုံးသန်း တန်ဖိုးရှိသည့် ပစ္စည်းများကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းအပြင် နိုင်ငံတကာ အဖွဲ့အစည်းများမှ တစ်ဆင့် အသက်မွေးဝမ်းကျောင်း ပညာပေးရေး အပါအဝင် ဒေါ်လာသန်း ၂၀တန်ဖိုးရှိ ကူညီထောက်ပံ့မှုကို ဆောင်ရွက်ရန် စီစဉ်နေကြောင်း ဇန်နဝါရီလ ၁၂ရက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုက ပြောကြားခဲ့သည်။

■ **ခိုင်မင်းညို**

# ပြည်မြို့လယ် ဆန်ဆိုင်ဖောက်ထွင်းသူများကို ဖမ်းမိ

**ပြည်၊ ဇန်နဝါရီ ၁၃**

ပြည်မြို့လယ်ရှိ ဆန်ဆိုင်ကို ဒီဇင်ဘာလ ၂၉ ရက်နေ့ညက ကျပ်သိန်းတစ်ထောင်ကျော်ဖောက်ထွင်းခံရမှုတွင် ကျူးလွန်သူများကို ဖမ်းမိထားကြောင်း ပြည်ခရိုင်၊ ဒုတိယရဲမှူးကြီး ပြုံးလွင်က ပြောကြားသည်။

"ဖောက်ထွင်းတဲ့သူက မဖောက်ထွင်းခင် တစ်ပတ်လောက်အလိုမှာ တည်းခိုခန်းမှာ တည်းပြီး ဆန်ဆိုင်မှာ လာအလုပ်ဆင်းတယ်။ ကျူးလွန်သူက ပဲခူးခရိုင်၊ ကဝမြို့နယ်ကလို့သိရတယ်"ဟု ၎င်းက ဆိုသည်။

အဆိုပါဖြစ်စဉ်တွင် ကျူးလွန်သူများကို ဇန်နဝါရီ ၇ ရက်နေ့တွင် လှိုင်သာယာတွင်လည်းကောင်း၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပန်းတောင်းဘက်တွင်လည်းကောင်း၊ တစ်ဦးကိုအောင်လံမြို့တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဖမ်းဆီးရမိမှုမှ ဖောက်ထွင်းခံရသော သိန်းတစ်ထောင်အနက် ငွေသား ၂၈၃ သိန်း၊ ရွှေထည် ၁၆ မျိုး၊ တန်ဖိုး ၃၈ သိန်းကျော် ဝယ်ယူထားသော mini Bus တစ်စီး၊ ၂၈သိန်းခန့် တန်ဖိုးရှိ ဆိုင်ကယ်တစ်စီးကိုသိမ်းဆည်းရမိထားကြောင်း၊ ကျူးလွန်သူများမှာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးဖြစ်ကာ စစ်ဆေးဆဲဖြစ်ကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှ စုံစမ်းသိရှိရသည်။

■ **M-06**

# ပြည်တွင် အုပ်စုဖွဲ့ရိုက်နှက်သူများအနက်မှ သုံးဦးကို ဖမ်းမိ

**ပြည်၊ ဇန်နဝါရီ ၁၃**

ပြည်မြို့ပေါ် ရပ်ကွက်များအတွင်း ပြီးခဲ့သည့်ရက်ပိုင်းက လမ်းပေါ်သွားလာနေသူများကိုရန်ပြုကာ အုပ်စုဖွဲ့၍ ရိုက်နှက်ခဲ့သူများအနက်မှ သုံးဦးကို လက်ရှိဖမ်းဆီးရမိထားကြောင်း ပြည်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးမြင့်ဇော်က ပြောကြားသည်။

ဇန်နဝါရီလ ၉ ရက်နေ့ ညပိုင်းက ပြည်မြို့ရွာဘဲရပ်ကွက်နှင့် အောင်ဆန်းပြည်သာယာရပ်ကွက်အတွင်း အမျိုးသား ၁၀ ဦးခန့်က အုပ်စုဖွဲ့၍ ရိုက်နှက်မှုများရှိပြီး ယင်းဖြစ်စဉ်တွင် လူငယ်တစ်ဦးဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသနေရကြောင်း အဆိုပါရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

"လောလောဆယ် သုံးဦးမိထားတယ်။ သူတို့ကနေတစ်ဆင့်ခြောက်ဦးပါဝင်တယ်လို့သိရတယ်။ အုပ်စုဖွဲ့ရိုက်တဲ့သူတွေက ၁၆ နှစ်၊ ၁၉ နှစ်ဝန်းကျင် လူငယ်လေးတွေပဲ ဖြစ်နေတယ်။ သူတို့က ဒီလိုပဲ ရိုက်လိုက်ပြီးရင် တခြားမြို့က သူတို့အသိအဆက်အသွယ်တွေဆီထွက်ပြေးလိုက်နဲ့ လုပ်နေကြတယ်"ဟု စခန်းမှူး ဒုရဲမှူးမြင့်ဇော်က ပြောဆိုသည်။

ယင်းဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်နေသူများကို နယ်မြေရဲစခန်းများ၊ အခြား မြို့နယ်ရဲစခန်းများနှင့် ချိတ်ဆက်ကာ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၉ ရက်နေ့ည ၉ နာရီခန့်က ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက်၊ ချင်းစုအနီးတွင် ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးကို လမ်းဘေးမှောင်ရိပ်အတွင်းမှ လူ ၁၀ ဦးခန့်အုပ်စုလိုက်ထွက်လာကာ တားဆီးရန်ပြု ထိုးကြိတ်ကာ ဓားဖြင့်ခြိမ်းခြောက်ခဲ့သည့်အပြင် ယင်းနေ့ညပိုင်းက စာကျက်ပြီးထမင်းကြော်ထွက်စားသည့် လူငယ်များကိုလည်း အုပ်စုဖွဲ့ရန်ပြုရိုက်နှက်မှုဖြစ်ခဲ့သည်။

■ **M-06**

# လမ်းပန်းဆက်သွယ်ရေးကြောင့် တိုက်နယ်ဆေးရုံထားရှိပေးရန် ဒေသခံများ တောင်းဆို

**ကလေး၊ ဇန်နဝါရီ ၁၃**

အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သစ်ရာအိုင်ကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန် လိုအပ်ကြောင်း ဒေသခံများက ပြောကြားသည်။

သစ်ရာအိုင်ကျေးရွာသည် ဒီပဲယင်းမြို့နှင့် မိုင် ၂၀ ကျော်အကွာတွင်တည်ရှိပြီး ကျေးရွာအုပ်စုအတွင်း အိမ်ခြေ ၅၀၀ ကျော်၊ လူဦးရေ ၄၀၀၀ကျော် နေထိုင်လျက်ရှိသည်။

ယင်းကျေးရွာမှ မြို့ပေါ်ရှိဆေးရုံသို့ သွားရောက်ဆေးကုသမည်ဆိုပါက လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ရွာမှ ဆေးရုံသို့အပို့တွင် ကြန့်ကြာကာ အချိန်မီ ဆေးကုသမှုမခံရခြင်းကြောင့် လူသေဆုံးမှုများ နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် လိုအပ်နေခြင်းဖြစ်ကြောင်း သစ်ရာအိုင်ရွာ အုပ်ချုပ်ရေးမှူး ဦးမှတ်ခင်က ပြောကြားသည်။

"မြေနေရာလည်း အဆင်သင့်ရှိပြီးသား။ ဆေးရုံဆောက်ပေးမယ်ဆိုရင်လည်း လိုအပ်တဲ့ဆေးဝါး၊ ဆေးပစ္စည်း၊ ကိရိယာလည်း လှူဒါန်းပေးမယ့်သူတွေ ရှိပြီးသား။ ဆေးရုံဆောက်ပေးပြီး ဆရာဝန်ချထားပေးစေချင်တာ" ဟု ပြောဆိုသည်။

သစ်ရာအိုင်ရွာတွင် အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ နယ်မြေရဲစခန်းတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိကာ ကျေးလက် ကျန်းမာရေးဌာနမှ တစ်ဆင့် တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်အတွက် ၂၀၁၄ ခုနှစ်ကတစ်ကြိမ်၊ ၂၀၁၆ ခုနှစ်က တစ်ကြိမ် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြခဲ့ကြောင်း၊ သစ်ရာအိုင်ရွာတွင် တိုက်နယ်ဆေးရုံတည်ဆောက်ပေးပါက သစ်ရာအိုင်ရွာအပါအဝင် ရွာအနီးရှိ ကျေးရွာပေါင်း ၁၁ ရွာပါ ဆေးကုသမှုခံယူနိုင်သည့်အတွက် ယင်းသို့တောင်းဆိုမျှော်လင့်ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

သစ်ရာအိုင်ရွာအပါအဝင် ယင်းရွာအနီးအနားရှိ အခြားရွာအုပ်စုများကလည်း တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် တင်ပြမှုများရှိနေကြောင်း၊ ယင်းသို့ကျေးရွာများမှ တင်ပြချက်များကို သက်ဆိုင်ရာတာဝန်ရှိ ဝန်ကြီးဌာနထံ တင်ပြထားကြောင်း ဒီပဲယင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်းက ပြောဆိုသည်။

■ **R-20**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊ ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# မင်းဝံတောင်ဘေးမဲ့ကာကွယ်တော နယ်နိမိတ် ပြင်ဆင်သတ်မှတ်မည်

**မန္တလေး၊ ဇန်နဝါရီ ၁၃**

စစ်ကိုင်းမြို့ မင်းဝံတောင်ဘေးမဲ့ကာကွယ်တောကို နယ်နိမိတ်ပြင်ဆင်သတ်မှတ်နိုင်ရန် စီစဉ်နေကြောင်း စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနထံမှ သိရသည်။

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောကို ၁၉၇၂ ခုနှစ်ကစ၍ ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ရာ လက်ရှိတွင် လူနေရပ်ကွက်များ၊ ကျောင်းများ၊ လယ်ယာမြေများ ဖော်ထုတ်ထားသဖြင့် ကာကွယ်တောကို ပြင်ဆင်နိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးညွန့်လှိုင်က ပြောကြားသည်။

"ကျွန်တော်တို့ရုံးအပါအဝင် မြေစာရင်း၊ ထွေအုပ် စတဲ့အဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ရထားတဲ့အချက်အလက်တွေကို နေပြည်တော်သစ်တောဦးစီးဌာနကို တင်ပြထားတယ်" ဟု ၎င်းကပြောဆိုသည်။

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောဧရိယာသည် ဧက ၅၀,၈၇၀ ကျယ်ဝန်းရာ ယင်းအနက် ၃၆,၆၅၀ ဧကကျော်ကို ဘေးမဲ့တောအဖြစ် သတ်မှတ်ထားမှုကို ၁၄,၂၂၀ ဧကကျော်ဟု ပြင်ဆင်သတ်မှတ်နိုင်ရန် စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနက စီစဉ်နေခြင်းဖြစ်သည်။

အဆိုပါပြင်ဆင်သတ်မှတ်မည့် ဧရိယာ အတည်ပြုချက်ရသည်နှင့် ဘေးမဲ့ကာကွယ်တောအဖြစ် ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ သစ်တောဥပဒေများအကြောင်း အသိပညာပေးဆိုင်းဘုတ်များကိုလည်း သစ်တောဦးစီးဌာနက စိုက်ထူမည်ဟု ယင်းဌာနထံမှ ထပ်မံသိရသည်။

■ M-05



ဓာတ်ပုံ- မောင်ရဲနွေ

နွေစပါးစိုက်ဧက တစ်သိန်းနီးပါးအတွက် စိုက်ပျိုးရေပေးဝေမည့် ကင်းတားရေလှောင်တမံကိုတွေ့ရစဉ်

# ကင်းတားရေလှောင်တမံ နွေစပါးစိုက်ဧက တစ်သိန်းနီးပါးအတွက် ရေပေးမည်

**မန္တလေး၊ ဇန်နဝါရီ ၁၃**

မြစ်သားမြို့နယ်အတွင်းရှိကင်းတားရေလှောင်တမံမှနေ၍ ကျောက်ဆည်ခရိုင်အတွင်းရှိ နွေစပါးစိုက်ဧက တစ်သိန်းနီးပါးအတွက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစတင်ကာ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း အဆိုပါရေလှောင်တမံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြစ်သားမြို့နယ်အတွင်းရှိ နွေစပါးစိုက်ဧက ငါးသောင်းကျော်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ဧက ၁၇၀၀၀ ကျော်၊ တံတားဦးမြို့နယ်အတွင်းရှိ စိုက်ဧကနှစ်ထောင်ကျော်၊ ဝမ်းတွင်းမြို့နယ်ရှိ စိုက်ဧက ၂၀၀၀၀ ကျော်အတွက် ပေးဝေမည်ဟု ၎င်းကပြောဆိုသည်။

ကင်းတားရေလှောင်တမံကနေ၍ လက်ယာမြောင်းမကြီးစနစ်၊ လက်ဝဲမြောင်းမကြီးစနစ်၊ ပန်းလောင်ရေသောက်စနစ်ဖြင့် စိုက်ပျိုးရေ ရရှိစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနထံမှ သိရသည်။

မန္တလေးတိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေနှင့် မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်တို့ရှိ နွေစပါး ၃၅၆၅ ဧက၊ အခြားသီးနှံ ၅၇၁ ဧကတို့ကို မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေနိုင်ရန်လည်း စီစဉ်ထားသည်။

■ M-01

# မန္တလေးတိုင်း ကျေးလက်ကျန်းမာရေးဌာနများ အဆင့်မြှင့်တင်ရန် စီစဉ်

**မန္တလေး၊ ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းအတွင်း ကျေးလက်ကျန်းမာရေးဌာနများတွင် အခြေခံအဆောက်အဦများ အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် အမျိုးသားကျန်းမာရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် ရည်ရွယ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က ပြောကြားသည်။

"မြို့နယ်အဆင့်မှာ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနဲ့ သူ့အောက်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲလေးခု ထားမှာဖြစ်ပါတယ်။ မြို့နယ်တစ်ခုစီမှာ ကျေးလက်ကျန်းမာရေးဌာနလေးခုကနေ ခုနစ်ခုအထိ ရှိကြတယ်။ ကျန်းမာရေးဌာနခွဲဆိုရင်လည်း ၂၀ ကနေ ၄၀ ကျော်အထိ ရှိကြတယ်။ ဒီထဲကမှရွေးချယ်ပြီးတော့ ပြင်ဆင်တာတွေလုပ်မယ်" ဟု ၎င်းကပြောဆိုသည်။

မန္တလေးမြို့တော်ရှိဗြိတ်စိုက်ရဲလူမှုကူညီရေးအသင်း၌ ဇန်နဝါရီလ ၁၃ ရက်နေ့က ကျင်းပသည့် နိုင်ငံတစ်ဝန်းကျန်းမာရေးမျှတမှုဖြင့် လွှမ်းခြုံပေးစနစ်နှင့်ဆောင်ရွက်နေသည့် အမျိုးသားကျန်းမာရေးစီမံကိန်းအကြောင်း အသိပညာပေးခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးပွဲတွင် ဒေါက်တာသန်းသန်းမြင့်က ပြောကြားခြင်းဖြစ်သည်။

ဗြိတ်စိုက်ရဲ လူမှုကူညီရေးအသင်း၌ ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ အရပ်ဘက်အဖွဲ့အစည်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

"ဝန်ကြီးဌာနကနေပြီးတော့ အမျိုးသားကျန်းမာရေးစီမံကိန်းဆိုပြီး ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့လို အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ထဲထဲဝင်ဝင်သိဖို့လိုပါတယ်။ ဘယ်အပိုင်းကနေ ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတာ သိဖို့အရေးကြီးပါတယ်။ ဒီဆွေးနွေးပွဲကနေ ရရှိလာတဲ့အချက်အလက်တွေကို ဖေဖော်ဝါရီလမှာ နေပြည်တော်မှာကျင်းပမယ့် အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာ ကျန်းမာရေးဖိုရမ်မှာတင်ပြမယ်" ဟု ဗြိတ်စိုက်ရဲ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးစီမံကိန်းအရ လက်ရှိဘဏ္ဍာနှစ်အတွင်း၌ မန္တလေးတိုင်းရှိ သပိတ်ကျင်း၊ စဉ့်ကူး၊ သာစည်၊ တောင်သာ၊ အမရပူရ၊ ပုသိမ်ကြီး၊ ကျောက်ပန်းတောင်း၊ ပျော်ဘွယ်စသည့်မြို့နယ်ရှစ်ခုတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မလှိုင်၊ ငါန်းဇွန်၊ စဉ့်ကိုင်၊ တံတားဦး၊ မတ္တရာ၊ အောင်မြေသာစံ၊ ပြည်ကြီးတံခွန်စသည့် မြို့နယ်တို့တွင်လည်းကောင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် နွားထိုးကြီး၊ ဝမ်းတွင်း၊ ရမည်းသင်း၊ မြစ်သား၊ မိုးကုတ်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေမြို့နယ်တို့တွင်လည်းကောင်း၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ချမ်းမြသာစည် မြို့နယ်တို့တွင်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန လုပ်ငန်းစီမံချက်များအရ သိရသည်။



ဓာတ်ပုံ – မြတ်မင်း

ဗြိတ်စိုက်ရဲ လူမှုကူညီရေးအသင်း၌ကျင်းပသည့် နိုင်ငံတစ်ဝန်း ကျန်းမာရေးမျှတမှုဖြင့် လွှမ်းခြုံပေးစနစ်နှင့်ဆောင်ရွက်နေသည့် အမျိုးသားကျန်းမာရေးစီမံကိန်းအကြောင်း အသိပညာပေးခြင်းအခမ်းအနားသို့ တက်ရောက်သူများကိုတွေ့ရစဉ်။

■ M05



ဓာတ်ပုံ - The Voice

# မျက်နှာစာ ၂၅ ပေကျော်မြေတွင် ကားရပ်ရန်နေရာပါမှသာ အထပ်မြင့်ဆောက်ခွင့်ပေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့တွင် မျက်နှာစာ ၂၅ ပေကျော်ရှိသော မြေကွက်တွင် အထပ်မြင့်ဆောက်ရန် လျှောက်ထားပါက ကားရပ်ရန်နေရာရှိမှသာ ဆောက်လုပ်ခွင့်ပါမစ်ချပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

လက်ရှိရန်ကုန်မြို့တွင် တည်ဆောက်ထားသည့် အထပ်မြင့်အဆောက်အအုံအချို့မှာ မျက်နှာစာ ၂၅ ပေကျော် မြေအကျယ်အဝန်းရှိသော်လည်း ယာဉ်ရပ်နားရန်နေရာ မရှိသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ယခုကဲ့သို့ ကားရပ်ရန် မြေနေရာရှိရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် ချပေးထားသည့် အထပ်မြင့်အဆောက်အအုံများမှာ ပုံမှန်အတိုင်းတည်ဆောက်ခွင့် ရမည်ဖြစ်သော်လည်း ၂၀၁၈ ခုနှစ်အတွင်း လျှောက်ထားသည့် အထပ်မြင့်အဆောက်အအုံများမှာ ကားရပ်ရန်နေရာ မပါရှိပါက ဆောက်လုပ်မှု ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားစေလျက်ရှိပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် အထပ်မြင့်အဆောက်အအုံများ၌ ကားရပ်ရန် နေရာဦးသည့် ပြဿနာများ နေ့စဉ်ဖြစ်ပွားလျက်ရှိကြောင်း မြို့တွင်းမြို့နယ်နေပြည်သူများထံမှ စုံစမ်းသိရှိရသည်။

"အရင်ကဆို မျက်နှာစာအကျယ် ပေ ၅၀ ရှိမှ ကားပါကင်ထားခိုင်းတာ။ အခုက မျက်နှာစာ ၂၅ ပေအကျယ် အထပ်မြင့်ဆောက်ရင် ၂၅ ပေရှိရင် ကားပါကင်ထားရမယ်ဆိုတော့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအနေနဲ့ ဆောက်လုပ်ရတာ နေရာကျဉ်းသွားတော့ လုပ်ရကိုင်ရတာ အခက်အခဲဖြစ်တာပေါ့" ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးထွန်းထွန်းလင်းက ဆိုသည်။

■ J-10

# သပိတ်ကျင်းတွင် ယမ်းပေါက်ကွဲမှုကြောင့် နှစ်ဦးသေ

**သပိတ်ကျင်း၊ ဇန်နဝါရီ ၁၃**

သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ရေထွက်ကျေးရွာအနီးရှိ ရွှေတူးဖော်ရေးကုမ္ပဏီတစ်ခု၌ ဇန်နဝါရီလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းက ယမ်းပေါက်ကွဲမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သပိတ်ကျင်းမြို့မရဲစခန်းထံမှ သိရသည်။

ရေထွက်ကျေးရွာအနီးတွင် ရွှေတူးဖော်ထုတ်လုပ်နေသော မွန်ကြည်ဖြူကုမ္ပဏီ လုပ်ကွက်အမှတ် TPK-203 ဝင်းအတွင်း ကျောက်မိုင်းခွဲရာ၌ အသုံးပြုသောယမ်းများ မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အဆိုပါနေရာသို့ သွားရောက်စစ်ဆေးခဲ့သော ဒုရဲအုပ်ဆန်းဦးက ပြောကြားသည်။

"ကုမ္ပဏီလုပ်ကွက်တာဝန်ခံက အလုပ်သမားတွေကို လုပ်ငန်းမှာသုံးဖို့ ယမ်း ချက်ခိုင်းတဲ့အချိန် ပေါက်ကွဲမှုဖြစ်တာပါ" ဟု ၎င်းက ပြောဆိုသည်။

ယင်းယမ်းပေါက်ကွဲမှုကြောင့်အသက် ၃၀ အရွယ်ရှိ ရောင်စဉ်ဆိုသူနှင့် အသက် ၄၅ နှစ်အရွယ်ရှိ ဦးမင်းမော်တို့ သေဆုံးခဲ့သည်ဟု အဆိုပါအရာရှိက ရှင်းပြသည်။

လက်ရှိတွင် ကုမ္ပဏီလုပ်ကွက်တာဝန်ခံ ဦးတူးကို (ပ) ၁၁၂/၂၀၁၈ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၈၆/၃၀၄ ရေးဖွင့်ထားပြီး ၎င်းကို ဖမ်းဆီးရမိရေးဆောင်ရွက်နေသည်ဟု သပိတ်ကျင်းမြို့မရဲစခန်းမှ အမှုစစ်အရာရှိ ဒုရဲအုပ်ဆန်းဦးက ပြောကြားသည်။

■ R-05

# ဒုက္ခသည်လက်ခံရန် တောင်ပြိုလက်ဝဲစခန်းသို့ အစိုးရဝန်ထမ်း ၆၀ ဦး ရောက်ရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဘင်္ဂလားဒေ့ရှ်မှပြန်လာမည့် ဒုက္ခသည်များ လက်ခံရန် တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းတွင် ဌာနဆိုင်ရာဝန်ထမ်း ၆၀ ဦးရောက်ရှိလာပြီဖြစ်သောကြောင့် လက်ခံရေးစတင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောကြားသည်။

"သက်ဆိုင်ရာဌာနတွေက ဝန်ထမ်း ၆၀ ယောက်တော့ ဒီနေ့ တောင်ပြိုလက်ဝဲစခန်းရောက်ပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်က လျှောက်လွှာတွေ မပို့သေးဘူး။ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေပြီ" ဟု ၎င်းက ဆိုသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ဝန်ထမ်း ၆၀ ဦးသည် တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဇန်နဝါရီလ ၂၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ရောက်ရှိလာမည့် ဒုက္ခသည်များ လက်ခံရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ငါးခူရစခန်းတွင်လည်း ဒုက္ခသည်များလက်ခံရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် ဝန်ထမ်းများ သွားရောက်နေပြီဖြစ်ကြောင်း ဦးမြင့်ကြိုင်က ပြောကြားသည်။

■ j-18

# ထောက်ကြန့်စစ်သင်္ချိုင်း အဆောက်အအုံအမိုးများ ရှေးမူမပျက်ပြင်ဆင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဓနသဟာယ စစ်သင်္ချိုင်းများကော်မရှင်(Commonwealth War Graves Commission)က ထိန်းသိမ်းစောင့်ရှောက်ထားသည့် ထောက်ကြန့်စစ်သင်္ချိုင်းရှိ အဆောက်အအုံအမိုးများကို နိုင်ငံတကာ ပညာရှင်များနှင့် ရှေးမူလက်ရာ မပျက်ပြင်ဆင်လျက်ရှိပြီး ဇန်နဝါရီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ မြန်မာနိုင်ငံတာဝန်ခံ ဦးသက်မွန်က ပြောကြားသည်။

စစ်သင်္ချိုင်းဧရိယာရှိအဆောက်အအုံများသည် ၁၉၅၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းကြောင့် အမိုးရေယိုခြင်းများ ဖြစ်ပေါ်လာသဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ပြင်ဆင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အဆောက်အအုံတွေက အမိုးတွေပြန်ခွာပြီးတော့ ရှေးဟောင်းလက်ရာမပျက်အောင် အကြီးစားပြင်တာပါ။ အင်္ဂလန်နဲ့ ဟောင်ကောင်က ပညာရှင်တွေ ခေါ်လုပ်တာပါ" ဟု ၎င်းက ဆိုသည်။

ပြင်ဆင်မှုကုန်ကျစရိတ်ကိုကော်မရှင်အောက်ရှိ အာရှ - ပစိဖိတ်အဖွဲ့ဝင် ၃၉ နိုင်ငံထံမှ နိုင်ငံအလိုက်ရရှိသည့် ဘတ်ဂျက်ခွဲတမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ထောက်ကြန့်စစ်သင်္ချိုင်းအတွက် စတာလင်ပေါင် သုံးသောင်းခန့် အသုံးပြုပြင်ဆင်လျက်ရှိကြောင်း၊ နောက်ပိုင်းတွင် အဆောက်အအုံများကို ဆက်လက်ပြင်ဆင်မည်ဖြစ်ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

အဆိုပါကော်မရှင်သည် အင်္ဂလန်နိုင်ငံတွင် အခြေစိုက်ရုံးဖွင့်လှစ်ထားပြီး ရန်ကုန်မြို့ရှိ ထောက်ကြန့် စစ်သင်္ချိုင်း၊ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ The Rangoon War Cemetery စစ်သင်္ချိုင်းနှင့် မွန်ပြည်နယ် သံဖြူဇရပ် စစ်သင်္ချိုင်း အပါအဝင် နိုင်ငံပေါင်း ၁၅၃ ခုရှိ သင်္ချိုင်းပေါင်း နှစ်သောင်းခွဲခန့်ကို ထိန်းသိမ်းစောင့်ရှောက်နေသောအဖွဲ့အစည်း ဖြစ်သည်။

အဆိုပါ ပြင်ဆင်ကာလ၌ ထောက်ကြန့်စစ်သင်္ချိုင်းဧရိယာအတွင်းသို့ ဝင်ရောက်လည်ပတ်ခွင့် ပြုသော်လည်း အဆောက်အအုံထဲသို့ မလာရောက်ရန် ကန့်သတ်ထားကြောင်း ကော်မရှင်ထံမှ သိရသည်။

"ထောက်ကြန့်စစ်သင်္ချိုင်းက စစ်အတွင်း ကျဆုံးခဲ့တဲ့ အင်္ဂလိပ်စစ်သားတွေ မြှုပ်နှံထိန်းသိမ်းတဲ့ တကယ့်အမှတ်တရနေရာတစ်ခုပေါ့။ ကျဆုံးစစ်သားတွေရဲ့ မိသားစုဝင်မျိုးဆက်တွေက လာဂါရဝပြုကြတယ်။ သူတို့လူမျိုးတွေအတွက်တော့ သမိုင်းမှာ ဂုဏ်ယူစရာနယ်မြေပေါ့" ဟု သမိုင်းသုတေသီစာရေးဆရာတစ်ဦးက မှတ်ချက်ပြု ပြောဆိုသည်။

ထောက်ကြန့်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်တွင် စတင်ဖွင့်ခဲ့ခြင်းဖြစ်ပြီး မြေဧရိယာ ၁၆ ဧက ကျယ်ဝန်းကာ ဗြိတိသျှစစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော နိုင်ငံအသီးသီးရှိ စစ်သားများနှင့်အင်္ဂလိပ်စစ်သားများကို ဂုဏ်ပြုဖော်ဆောင်ထားခြင်းဖြစ်ပြီး အုတ်ဂူပေါင်း ၆၄၇၂ ခုရှိပြီး အဆောက်အအုံများအတွင်းရှိ ကော်လံတိုင်များတွင်မူ ဂုဏ်ပြုကမ္ပည်းရေးထိုးခံရသူ ၂၇,၀၀၀ ခန့်ရှိကြောင်း ဓနသဟာယ စစ်သင်္ချိုင်းများကော်မရှင်ထံမှ သိရသည်။

■ J-17

# တစ်နှစ်အတွင်း ယာဉ်လုပ်သားများထံမှ ဒဏ်ကြေး ကျပ် ၈၈ သိန်းကျော်ရရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

YBS ယာဉ်လိုင်းစနစ်တွင် ယာဉ်လိုင်းအများဆုံးကို တာဝန်ယူပြေးဆွဲနေသည့် ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး YUPT ကုမ္ပဏီသည် တစ်နှစ်အတွင်း ယာဉ်လုပ်သားများထံမှ စည်းကမ်းဖောက်သည့်အတွက် ဒဏ်ကြေးကျပ် ၈၈ သိန်းကျော်ရရှိခဲ့ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

“တစ်နှစ်လုံး စည်းကမ်းဖောက်ဖျက်မှု ၅၀၀ ကျော် ဖြစ်ခဲ့တယ်။ အရင်ကတော့ ဒဏ်ကြေးထိတာ စပယ်ယာတွေပါ ပါတာပေါ့။ အခုတော့ မရှိသလောက် ရှားသွားပါပြီ” ဟု YUPTကုမ္ပဏီ ယာဉ်စစ်ဆေးရေးမှူး ဦးကျော်တင့်က ဆိုသည်။

ရရှိထားသည့် ဒဏ်ကြေးငွေများကို ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA ထံကို လစဉ်ပေးသွင်းခဲ့ပြီး YBS ယာဉ်လိုင်းစနစ်အောင်မြင်ရေး၊ ဝန်ထမ်းစရိတ်၊ ယာဉ်လုပ်သားများအတွက် ထောက်ပံ့ရန် လိုအပ်သည့်နေရာတွင် ပြန်အသုံးပြုကြောင်း ၎င်းက ပြောကြားသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း စည်းကမ်းဖောက်ဖျက်မှု ၅၈၉ မှုရှိပြီး ကုမ္ပဏီစည်းကမ်းချက် ၁၃၈ ချက်ဖြင့် အရေးယူရာ ဒဏ်ကြေးငွေအဖြစ် ကျပ်သိန်းရှစ်ဆယ့်ရှစ်သိန်းခြောက်ထောင် ရရှိကြောင်း YUPT ကုမ္ပဏီထံမှ သိရသည်။

တစ်နှစ်အတွင်း စည်းကမ်းဖောက်ဖျက်မှုအများဆုံးမှာ ခရီးသည်ကို မချေမင်ဆက်ဆံခြင်း ၈၄ မှု၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းခြင်း ၉၁ မှု၊ မှတ်တိုင်တွင် မရပ်ခြင်း ၉၁ မှု၊ ငွေပုံးစနစ်တပ်ဆင်ထားခြင်း မရှိသေးဘဲ ယာဉ်အကူမှ ယာဉ်စီးခ ပိုတောင်းခြင်း ၉၃ မှု၊YBS စတစ်ကာ မတပ်ခြင်း ၄၃ မှုရှိခဲ့သည်။

အဆိုပါပြစ်မှုများ ကျူးလွန်ပါက စည်းကမ်းချက် ၁၃၈ ချက်အရ ဒဏ်ငွေကျပ်သုံးထောင်၊ ကျပ်တစ်သောင်း၊ ကျပ်သုံးသောင်းနှင့်ကျပ်ငါးသောင်း (သို့မဟုတ်) ယာဉ်မောင်းလိုင်စင် သုံးလပိတ်သိမ်းဖြင့် အရေးယူကြောင်း YUPT ကုမ္ပဏီထံမှ သိရသည်။

ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီ YUPT သည် YBS၃၆၊၇၊၈၊၁၀၊၂၉ယာဉ်လိုင်းအပါအဝင် ယာဉ်လိုင်းပေါင်း ၂၀ ကို တာဝန်ယူပြေးဆွဲနေပြီး ယာဉ်တစ်လိုင်းတွင် ယာဉ်စီးရေ ၄၀ မှ၁၀၀ စီးကျော်အထိ ရှိကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

■ J-06

# ဆန်စပါးပြည်ပပို့ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ချေးငွေရရန် ဆန်စပါးအသင်းချုပ် ကူညီမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဆန်စပါးလုပ်ငန်း ဆောင်ရွက်နေသည့် အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံဆက်သွယ်နိုင်ပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

ဆန်စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ ဆန်စပါးအခြောက်ခံစက်များ တပ်ဆင်ရန်၊ သိုလှောင်ရုံများ တည်ဆောက်ရန်၊ ဆန်စပါး ပြည်ပတင်ပို့ရောင်းချသည့် SME ပို့ကုန်လုပ်ငန်းရှင်များအတွက် လုပ်ငန်းတိုးချဲ့ရန်၊ ဆန်စက်များအဆင့်မြှင့်တင်ရန်နှင့် ခေတ်မီဆန်စက်ယူနစ်များ တပ်ဆင်ရန်၊ တောင်သူလယ်သမားများစုဖွဲ့၍ စုပေါင်းစိုက်ပျိုးထုတ်လုပ်ရန်၊ ဖွဲ့နုဆီစက်များနှင့် တိရစ္ဆာန်အစာစက်ရုံများ တည်ထောင်ရန်၊ ဆန်ခေါက်ဆွဲ ဆန်ကြာဆံနှင့် ဆန်မှုန့်စသည့်တန်ဖိုးမြင့်ကုန်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

ချေးငွေရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်လျှော့ကျ အစားထိုးရေးလုပ်ငန်းများ၊ တန်ဖိုးမြင့်ကုန်ပစ္စည်းထုတ်လုပ်မည့်လုပ်ငန်းများကို ဦးစားပေးထုတ်ချေးပေးမည်ဖြစ်ကာ စပါးခွံ လောင်စာတောင့်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပါးခွံမှ လျှပ်စစ်ထုတ်လုပ်သည့်လုပ်ငန်းများအတွက်လည်း အသင်းချုပ်ထံဆက်သွယ်နိုင်ပြီး လက်ရှိဆောင်ရွက်နေခြင်းမရှိသော်လည်း ဆောင်ရွက်ရန်ဆန္ဒရှိပါက ဆက်သွယ်နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ချေးငွေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖုန်း ၀၁- ၂၁၈၂၆၆၊ ၀၁- ၂၁၈၂၆၈၊ ၀၁- ၂၃၀၁၁၂၈ ၊ ဖက်စ် ၀၁- ၂၁၈၂၆၆ ၊ အီးမေးလ် admin@mrf.com.mm၊ mrf.myanmar@gmail.com တို့ထံဆက်သွယ်ဆောင်ရွက်နိုင်ပြီး ဆန်စပါးလုပ်ငန်းများချေးငွေရရှိစေရန်အတွက် ဒီဇင်ဘာလအတွင်းက ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ညီလာခံတွင် စီမံ/ဘဏ္ဍာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဆန်စပါးလုပ်ငန်းဆိုင်ရာ ချေးငွေလျှောက်လွှာများကို စိစစ်လက်ခံဆောင်ရွက်ပေးရန် ဆန်စပါးအသင်းချုပ်မှတာဝန်ရှိသူများကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

■ J-11



ဓာတ်ပုံ - The Voice

# မြို့ပတ်ရထား လပေးစီးနင်းသူ နှစ်ဆတိုး

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့တော်အတွင်း မြို့ပတ်ရထားကို လပေး လက်မှတ်ဝယ်ယူစီးနင်းသူအရေအတွက်သည် ယခင်ဘဏ္ဍာနှစ်ကထက် နှစ်ဆခန့် တိုးလာခဲ့ကြောင်း မြန်မာ့မီးရထားထံမှသိရသည်။

“အရင်နှစ်က ငါးထောင်ကျော်ပဲရှိတာ။ တရိပ်ရိပ် တက်လာခဲ့တာပါ။ ငါးထောင်၊ ခြောက်ထောင်ဆိုပြီးတော့ပေါ့။ ဒီဘဏ္ဍာနှစ်မှာ ကိုးထောင်ကျော်ဆိုတော့ နှစ်ဆလောက် တက်လာခဲ့တာပါ” ဟု မြန်မာ့မီးရထား၊ တိုင်း(၇)၊ သွားလာပို့ဆောင်ရေးဌာန အထွေထွေမန်နေဂျာ ဦးဇော်လွင်က ဆိုသည်။

YBS ခရီးသည်တင်ယာဉ်လိုင်းစနစ် ပြေးဆွဲသည့်နောက်ပိုင်းတွင် စီးနင်းမှုအခက်အခဲများ ရှိလာသဖြင့် ရန်ကုန်မြို့နေပြည်သူများကြား မြို့ပတ်ရထား စီးနင်းသူများလာသည့်အတွက် လပေးလက်မှတ်ဖြင့် ဝယ်ယူသူလည်း တိုးလာခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

မြို့ပတ်ရထားကို တစ်လစာကြိုတင်ဝယ်ယူရသည့် လပေးလက်မှတ်ဖြင့် ဝယ်ယူစီးနင်းသူဦးရေမှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလက ၈၀၀၀ ဦးကျော် ရှိပြီး ဒီဇင်ဘာလတွင် ၉၆၀၀ ဦးအထိ မြင့်တက်လာကြောင်း ဦးဇော်လွင်က ပြောကြားသည်။

“လပေးလက်မှတ်နဲ့ စီးနင်းမှုက ပြီးခဲ့တဲ့လနဲ့ယှဉ်ရင်တောင် ဒီလက တိုးလာခဲ့တယ်။ အရင်ဘဏ္ဍာနှစ်နဲ့ယှဉ်ရင် စံချိန်တင် တိုးလာတယ်လို့ ပြောလို့ရတယ်” ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့ပတ်ရထားလက်မှတ်ခ ဈေးနှုန်းများမှာ ခရီးစဉ်အစမှ ၁၅ မိုင်အထိ ကျပ် ၁၀၀နှုန်း၊ ၁၅မိုင်အထက်နှင့် မြို့တစ်ပတ်လုံးကို ကျပ် ၂၀၀ သတ်မှတ်ထားပြီး နံနက် ၄နာရီမှ ညဝ၁၀နာရီအထိ ပြေးဆွဲလျက်ရှိသည်။

“ရထားစစီးတုန်းက တစ်ရက်ကို အသွားအပြန် နှစ်ရာပေးရတယ်။ လပေးနဲ့ကျတော့ တစ်လကို ၃၃၅၀ ဆိုတော့ ဈေးက ထက်ဝက်လောက် သက်သာလို့ လပေးဝယ်စီးဖြစ်တာပါ” ဟု သမိုင်းတွင်နေထိုင်သူတစ်ဦးက ဆိုသည်။

မြို့ပတ်ရထားစီးနင်းမှုတွင် တစ်လစာကြိုတင်ဝယ်ယူရသည့် လပေးလက်မှတ်စနစ်ဖြင့် ဝယ်ယူစီးသူဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၀၀၀ ဦးကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ၉၆၀၀ ဦးအထိရှိကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ရန်ကုန်မြို့တွင် လက်ရှိပြေးဆွဲနေသည့် မြို့ပတ်ရထား ကိုးစီးရှိပြီး ဘူတာ ၃၈ ခုရှိကာ တစ်ရက်လျှင် အခေါက်ရေ ၂၁၅ ပြေးဆွဲလျက်ရှိရာ ပြည်တွင်း၊ပြည်ပခရီးသွားပြည်သူ ကိုးသောင်းကျော် စီးနင်းမှုရှိကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

■ J-06

# ကချင်ပြည်နယ်တွင် ၂၀၁၇ ၌ မှုခင်းဖြစ်ပွားမှု ၅၀၀၀ ကျော်

**မြစ်ကြီးနား၊ ဇန်နဝါရီ ၁၃**

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း ကချင်ပြည်နယ်၌ အမှုကြီးစုစုပေါင်း ၁၅၇ မှု၊ အခြားမှု စုစုပေါင်း ၁၈၀၈မှုနှင့် ကြိုတင်ကာကွယ်မှုစုစုပေါင်း ၃၀၇၀မှု ဖြစ်ပွားခဲ့၍ မှုခင်းဖြစ်ပွားမှု ၅၀၃၅ မှုရှိကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အမှုကြီးဖြစ်ပွားမှုတွင် လူသတ်မှု ၈၂ မှု၊ ဓားပြမှု ၇ မှု၊ လုယက်မှု ၉ မှု၊ ပြန်ပေးမှု ၃ မှု၊ မုဒိမ်းမှု ၃၂ မှု၊ တိရစ္ဆာန်ခိုးမှု ၉ မှုနှင့် မတရားအသင်း ၁၅ မှု ရှိခဲ့ပြီး မှုခင်းဖြစ်ပွားမှုသည် ယခင်နှစ်ထက်များပြားကြောင်း ယင်းရုံးထံမှ သိရသည်။

ပြီးခဲ့သည့်၂၀၁၆ ခုနှစ်ကမူ အမှုကြီး စုစုပေါင်း ၁၃၃မှု ၊ အခြားအမှုစုစုပေါင်း ၁၆၉၃မှုနှင့် ကြိုတင်ကာကွယ်မှု ၂၅၁၀ မှု စုစုပေါင်း ၄၃၃၆မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **R-06**

# မြစိမ်းရောင် ရန်ပုံငွေ သိန်း ၃၀၀ ကျော် ကိုယ်ကျိုးသုံးသည်ဟုဆိုကာ ဥက္ကဋ္ဌကို အမှုဖွင့်

**ကျိုင်းတုံ၊ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် ဟွေ့ပါကူးကျေးရွာ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက ရန်ပုံငွေ သိန်း ၃၀၀ ကျော်ကို ကိုယ်ကျိုးသုံးသည်ဟုဆိုကာ ဇန်နဝါရီလ ၁၁ ရက်က အမှုဖွင့်ထားကြောင်း ယင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကြည်စောက ပြောကြားသည်။

"အရင်းမပျောက် ရန်ပုံငွေ သိန်း ၃၀၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ထုတ်ပေးထားတာပါ၊ ကျေးရွာသားတွေက ချေးထားတဲ့ ငွေတွေ ပြန်ဆပ်ထားပေမယ့် ဥက္ကဋ္ဌက အလွဲသုံးစားလုပ်ထားတဲ့ အတွက် အမှုဖွင့်လိုက်တာပါ၊ ဒီဖြစ်စဉ်မျိုး မိုင်းပျဉ်းမြို့နယ်မှာ ဖြစ်ဖူးပေမယ့် ပြန်ဆပ်လို့ ရထားတယ်"ဟုငင်းကဆိုသည်။

မိုင်းဖြတ်မြို့နယ် ဟွေ့ပါကူး ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအာလိယာသည် ကျေးရွာသားများပေးဆပ်ထားသည့် ချေးငွေများကို ကျေးလက်ဌာနသို့ ပေးသွင်းခြင်းမရှိ၍ ဒေသခံများအပါအဝင် တာဝန်ရှိသူများနှင့်နိုဝင်ဘာလအတွင်းက ညှိနှိုင်းတွေ့ဆုံပြီး ဒီဇင်ဘာလကုန်၌ အကျေပေးသွင်းရန် သဘောတူထားသော်လည်း ပေးသွင်းခြင်းမရှိကြောင်း အဆိုပါရန်ပုံငွေ ကြီးကြပ်မှုကော်မတီထံမှ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဦးအာလိယာ(၄၆နှစ်)ကို (ပ)၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့် အရေးယူထားပြီး ဖမ်းဆီးရမိရန် စုံစမ်းနေကြောင်း မိုင်းဖြတ်မြို့မ ရဲစခန်းထံမှ သိရသည်။

■ **R-16**

# လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း ဝင်ပေါက်ဝရှေ့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း၊ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း ဝင်ပေါက်ဝရှေ့တွင် ဇန်နဝါရီလ ၁၂ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က အသက် ၅၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သီရိမြိုင်(၇)လမ်းတွင်နေထိုင်သူ အသက် ၅၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် မူးယစ်ဆေးဝါများ ရောင်းဝယ်မှု ပြုလုပ်နေကြောင်း သတင်းအရ စောင့်ဆိုင်းဖမ်းဆီးရှာဖွေရာ ၎င်း၏ လက်ကိုင်အိတ်အတွင်းမှ 88/1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ ကျပ် ၄၆ သိန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဆက်လက်တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"သတင်းရလို့ မူးယစ်တပ်ဖွဲ့နဲ့ ပူးပေါင်းဖမ်းခဲ့တာ။ လက်ကိုင်အိတ်ထဲကနေ ဆေးပြား ၉၀၀ ကျော်နဲ့ သူ့အိမ်ထဲကနေ ၁၅၀၀ ကျော် တွေ့တယ်။ ပြီးတော့ ရောင်းကုန်ပြီးသား အိတ်ခွံတွေ၊ မူးယစ်ဆေးသုံးတဲ့ မှိုင်းခံစက္ကူတွေ တခြား ဆက်စပ်ပစ္စည်းတွေအပြင် ဆေးခြောက်တွေပါ ဖမ်းမိခဲ့တာ။ မူးစိတ်ပုဒ်မ ၁၅/၁၉(က)နဲ့အမှုဖွင့်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကရှင်းပြသည်။

အလားတူ လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ အင်းစိန်လမ်းပေါ်ရှိ ဘာတာကားမှတ်တိုင်အနီးတွင် ဇန်နဝါရီလ ၁၂ ရက် ည ၉ နာရီခွဲခန့်က ကြိုတင်သတင်း ရရှိထားသူ အသက် ၄၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို စစ်ဆေးရှာဖွေရာ ၎င်း၏လက်အတွင်း ကိုင်ဆောင်ထားသော အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ ဆေးခြောက်ဟု ယူဆရသည့် အရိုး၊ အရွက်၊ အစေ့ခြောက်များကို ဖမ်းမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်း၏နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဆေးခြောက်များ၊ ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိခဲ့သဖြင့် ယင်းအမျိုးသားကို လှိုင်မြို့ မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

■ **J 16**





ဓာတ်ပုံ - The Voice

# ဈေးနှုန်းအပြောင်းအလဲကြောင့် ရောင်းမှားဝယ်မှားဖြစ်လျှင် ရွှေအသင်းက တာဝန်ယူဖြေရှင်းမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

ဈေးနှုန်းအပြောင်းအလဲကြောင့် ရွှေကုန်သည်အချင်းချင်း ရောင်းမှားဝယ်မှားဖြစ်လျှင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ယင်းအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

ရွှေအရောင်းအဝယ်လုပ်သည့်အခါ စာရင်းမှားများရှိသကဲ့သို့ ငွေအပေးအယူကြန့်ကြာခြင်းများလည်းရှိကြောင်း၊ လက်ရှိပြဿနာမှာ ရွှေဝယ်ပြီး ညနေဈေးပိတ်သည့်အချိန် ငွေရှင်းသည့်အခါ ဈေးနှုန်းအတက်အကျကြောင့် ရောင်းသူနှင့် ဝယ်သူအကြား ပြဿနာများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ညနေ ငွေရှင်းတဲ့အခါ ဈေးက တက်နေရင် ပြဿနာမဟုတ်ဘူး။ ဈေးကျတဲ့အခါ ရောင်းသူကရှုံးတော့ ပြဿနာတွေဖြစ်လာရော။ ဒီလိုမျိုးမဖြစ်ရအောင် အသင်းက ဈေးနှုန်းကိုအတည်ဖြစ်အောင် တာဝန်ယူဖြေရှင်းပေးမှာပါ။ ဒီလိုဖြေရှင်းပေးနိုင်အောင် ကုန်သည်တွေက အသင်းဝင်ဖြစ်ရမယ်" ဟု ၎င်းကဆိုသည်။

ပြည်တွင်းရွှေဈေးသည် နိုင်ငံတကာဈေးနှုန်းကိုလိုက်၍ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်နီးပါး ဈေးအတက်အကျဖြစ်နေသည့်အတွက် အရောင်းအဝယ်လုပ်သည့် အချိန်တွင် ဖြစ်ပေါ်နေသည့်ဈေးကို အတည်တကျယူသင့်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောဆိုကြသည်။

"တချို့ကျတော့ ညနေ သူတို့ငွေပေးတဲ့အချိန် ဈေးတက်ရင် နေ့လယ်က ပြောထားတဲ့ဈေးကိုပဲ ပေးချင်တာ။ ဈေးကျသွားရင် ကျဈေးကို လိုက်ကြည့်နေတော့ တရားရုံးတွေအထိ ရောက်ကုန်တာ။ ဒီဟာတွေက ကုန်သည်တွေကြားမှာ ခဏခဏဖြစ်လာတော့ ဈေးကိုတရားဝင်နှုန်းတစ်ခုဖြစ်ဖို့ လိုလာတယ်" ဟု ရွှေကုန်သည် ဦးအောင်မြင့်က ပြောကြားသည်။

လက်ရှိ ရွှေလုပ်ငန်းရှင်များအသင်းက ရွှေဈေးနှုန်းကို အဖွင့်ဈေးနှင့် အပိတ်ဈေးဟူ၍ တစ်နေ့လျှင် နှစ်ကြိမ်ထုတ်ပြန်ပေးလျက်ရှိပြီး ကုန်သည်အချင်းချင်း ရွှေအရောင်းအဝယ်လုပ်သည့်အခါ ယင်းဈေးနှုန်းကို အဓိကစံထား၍ ရောင်းချကြောင်း၊ ရွှေတစ်ပိဿာလျှင်လည်း အာမခံကြေးနှင့် ကုန်ကျစရိတ်ရှိသည့်အတွက် ဈေးအနည်းငယ်သာတင်ထားကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

■ J-13

# ၂၀၁၇ ခုနှစ်အတွင်း ကွန်ပျူတာနှင့်အိုင်တီကဏ္ဍမှ ဝန်ထမ်းခေါ်ယူမှု အများဆုံးဖြစ်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ၏အလုပ်အကိုင်ရှာဖွေရေးကဏ္ဍများတွင် ကွန်ပျူတာနှင့်အိုင်တီနည်းပညာ ကဏ္ဍများမှ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း ဝန်ထမ်းခေါ်ယူမှုအများဆုံးဖြစ်ခဲ့ကြောင်း အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက် work.com. mm က ထုတ်ပြန်သည်။

၂၀၁၇ခုနှစ်အတွင်း အဆိုပါကဏ္ဍအတွက် အလုပ်အကိုင်ခေါ်ယူမှုပေါင်း ၁၀၉၁ ခုအထိ ရှိခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူး၊ ပေလီတို့မှ အလုပ်အကိုင်ခေါ်ယူမှု အများဆုံးဒေသများဖြစ်ခဲ့ကြောင်း work.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့်လုပ်ငန်းခွင် လိုအပ်ချက်များအရ အဆိုပါလုပ်ငန်းကဏ္ဍများတွင် ဝန်ထမ်းများ ခေါ်ယူမှု မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်လိုအပ်ချက်များကိုကြည့်၍ အလုပ်အကိုင်ရှာနေသူများအတွက် လိုအပ်ချက်များကို ပြင်ဆင်နိုင်ကြောင်း အလုပ်အကိုင်ရှာဖွေရေးလုပ်ကိုင်သူ ကိုအောင်ကောင်းက မှတ်ချက်ပြုသည်။

ကွန်ပျူတာနှင့်အိုင်တီနည်းပညာကဏ္ဍများမှ ဝန်ထမ်းခေါ်ယူရာတွင်ဆက်နွယ်သော အလုပ်အကိုင်များဖြစ်သည့် ဆော့ဖ်ဝဲ၊ ပရိုဂရမ်ရေးဆွဲသူများနှင့် အိုင်တီပညာရှင်များ၊ ဂရပ်ဖစ်ဒီဇိုင်နာ၊ ထုတ်ကုန်ပစ္စည်းမိတ်ဆက် ရေးသားသူ၊ စာရင်းကိုင်စသည့် အလုပ်အကိုင်များကိုလည်း ခေါ်ယူလျက်ရှိသည်။

"လက်ရှိ လုပ်ငန်းခွင်လိုအပ်ချက်နဲ့ စစ်တမ်းရဲ့လိုအပ်ချက်ကိုကြည့်ပြီး တကယ်အလုပ်လိုနေတဲ့သူတွေအတွက် အထောက်အကူပြုနိုင်တယ်" ဟု အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း ကွန်ပျူတာနှင့် အိုင်တီနည်းပညာကဏ္ဍများမှ အလုပ်ခေါ်ယူမှုအများဆုံးဖြစ်နေပြီး သွင်းကုန်၊ ထုတ်ကုန်နှင့်ကုန်သွယ်စီးပွားရေးကဏ္ဍ၊ မိုဘိုင်းလ်ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍများ၊ အရောင်းအလုပ်အကိုင်အမျိုးအစား၊ ဈေးကွက်ရှာဖွေမြှင့်တင်ရေး အလုပ်အကိုင်အမျိုးအစားများအတွက်လည်း အလုပ်ခေါ်ယူမှုများပြားခဲ့ကြောင်း အလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းများထံမှသိရသည်။ ■J-14

## NEWS IN BRIEF

### နာဂဒေသ နန်းယွန်း၌ MPT 3G အင်တာနက်ကွန်ရက် စတင်ရရှိ

ရန်ကုန်၊ ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ 3G အင်တာနက်ကွန်ရက်ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း MPT ထံမှ သိရသည်။

နန်းယွန်းမြို့တွင် ကွန်ရက်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာရှိခြင်းကြောင့် မူလက ဂြိုဟ်တုအခြေပြုနည်းပညာမှ မိုက်ခရိုဝေ့ဖ်နည်းပညာသို့ ပြောင်းလဲမြှင့်တင်ခဲ့ရကြောင်း MPT ထံမှ သိရသည်။ ■ J-01

# TMH ကုမ္ပဏီ ဇန်နဝါရီ ၂၆ ရက်၌ စတော့အိတ်ချိန်းဝင်မည်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

ရန်ကုန်စတော့အိတ်ချိန်း၏ ငါးခုမြောက်စာရင်းဝင်ကုမ္ပဏီ TMH ဆက်သွယ်ရေးအများပိုင်ကုမ္ပဏီက ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတော့အိတ်ချိန်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) က သတင်းထုတ်ပြန်သည်။

အဆိုပါကုမ္ပဏီသည် စတော့အိတ်ချိန်းမဝင်မီ အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အစုရှယ်ယာ (IPO) အစုရှယ်ယာပေါင်း ငါးသိန်းကျော်ကို ကျပ်သုံးထောင်ဖြင့်ရောင်းချခဲ့ပြီး စာရင်းဝင်ကုမ္ပဏီအဖြစ် စတော့အိတ်ချိန်းသို့ ရောက်ရှိချိန်တွင်လည်း ယင်းဈေးနှုန်းဖြင့်သာ ဈေးဖွင့်သွားမည်ဖြစ်ကြောင်း YSX ၏ ထုတ်ပြန်ချက်အရ သိရသည်။

TMH ဆက်သွယ်ရေးအများပိုင်ကုမ္ပဏီသည် စတော့အိတ်ချိန်းတွင် ရှယ်ယာတစ်စုလျှင် ကျပ်သုံးထောင်ဖြင့် အဖွင့်ဈေးသတ်မှတ်ထားသောကြောင့် ယခင်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများထက် အဖွင့်ဈေးနှုန်း အနည်းဆုံးဖြင့်ဝင်ရောက်လာမည့် စာရင်းဝင်ကုမ္ပဏီသစ်ဖြစ်လာမည်ဖြစ်သည်။

TMH တယ်လီကွန်းအများပိုင်ကုမ္ပဏီသည် ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အဦ တည်ဆောက်ခြင်း၊ ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်ခြင်း၊ အင်တာနက်ဖိုက်ဘာ ပြုပြင်ထိန်းသိမ်းခြင်းအပြင် အခြားဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

အဆိုပါကုမ္ပဏီသည် မူလထုတ်ဝေပြီး ရှယ်ယာနှင့် ယခုအများပြည်သူသို့ ကမ်းလှမ်းရောင်းချထားသော ရှယ်ယာအရေအတွက် စုစုပေါင်း ၁၂ သန်းကျော်ရှိပြီး ယင်းရှယ်ယာများ ၉၀ ရာခိုင်နှုန်းခန့်ကို အဓိကရှယ်ယာရှင်များဖြစ်သော ကုမ္ပဏီတည်ထောင်သူနှင့် မိသားစုဝင်များက အများစုပိုင်ဆိုင်ထားသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ(FMI)၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ပထမပုဂ္ဂလိကဘဏ် (FPB) တို့က ရှယ်ယာများ အရောင်းအဝယ်လုပ်ဆောင်လျက်ရှိပြီး မြန်မာလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO)နှင့် ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီတို့ကလည်း စတော့အိတ်ချိန်းသို့ဝင်ရန် လုပ်ဆောင်လျက်ရှိသည်။

■ J-01

# ပါဂျဲရိုးယာဉ်ကို စစ်ဆေးရာမှ ဘိန်းဖြူဘလောက်တုံးများ ဖမ်းမိ

**တာချီလိတ်၊ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ပါခုတ် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီလ ၁၂ ရက်ညနေ ၄ နာရီခန့်က ပါဂျဲရိုးယာဉ်တစ်စီးကို စစ်ဆေးရှာဖွေရာမှ ဘိန်းဖြူဘလောက်တုံးများ ဖမ်းမိကြောင်း တာချီလိတ်မြို့အမှတ်(၃၀)မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

တာချီလိတ်မြို့ဘက်မှ ဝမ်ပုံဘက်သို့ အမျိုးသားသုံးဦး စီးလာသော ပါဂျဲရိုးယာဉ်ကို စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်မောင်း ကိုစိုင်းမြင့်အောင်( ၃၁နှစ်)ထံမှ ကျပ် ၁၁၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး နှစ်တုံး(၇၀၀ ဂရမ်)ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကိုစိုင်းမြင့်အောင် (၃၁နှစ်)၊ ကိုအားဖို့(၃၇နှစ်)နှင့် ကိုသက်ဟိန်းစိုး (ခ)စမော (၂၉နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အရေးယူထားကြောင်း ဝမ်ပုံနယ်မြေရဲစခန်းထံမှ သိရသည်။ ■ R-16

# ခရီးသည်အမျိုးသမီးကို ဆဲဆိုခြိမ်းခြောက်သည့် ခါးပိုက်နှိုက်အဖွဲ့မှ သုံးဦး ဖမ်းမိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

လှိုင်သာယာမှ သခင်မြပန်းခြံသို့ ပြေးဆွဲနေသည့် YBS(၂၀) ယာဉ်တစ်စီးပေါ်တွင် ခါးပိုက်နှိုက်ခံရသည်ကို သိရှိသွားသည့် ခရီးသည်အမျိုးသမီးကို ဆဲဆိုခြိမ်းခြောက်ခဲ့သည့် ခါးပိုက်နှိုက်အဖွဲ့မှ သုံးဦးကို မြောက်ဥက္ကလာပ မြို့နယ်တွင် ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူ သုံးဦးမှာ အသက် ၃၂ နှစ် စိုးလင်းထိုက်(ခ) ဖိုးလုံး၊ အသက် ၄၁ နှစ် အူစမန်(ခ) ဝင်းကျော်ကျော်နှင့် အသက် ၂၁ နှစ် ကျော်လင်းထက်တို့ဖြစ်ပြီး ၎င်းတို့ကို မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ဈေးမှတ်တိုင်တွင် YBS (၃၆) ယာဉ်တစ်စီးပေါ်မှ ဆင်းလာစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

စိုးလင်းထိုက်(ခ) ဖိုးလုံးအပါအဝင် ခါးပိုက်နှိုက်အဖွဲ့မှ ခုနစ်ဦးမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းရှေ့မှတ်တိုင်မှ မြေနီကုန်းဘက်သို့ YBS(၂၀)ယာဉ်ဖြင့် လိုက်ပါလာခဲ့ပြီး ခရီးသည် အမျိုးသမီးတစ်ဦးကို ခါးပိုက်နှိုက်စဉ် ယင်းအမျိုးသမီးက သိရှိသွားပြီး ယာဉ်မောင်းနှင့် ယာဉ်အကူတို့ကို သွားရောက်အသိပေးခဲ့သဖြင့် ၎င်းတို့အဖွဲ့က အင်းလျားလမ်းနှင့် ဓမ္မစေတီလမ်း မီးပွိုင့်တွင် ယာဉ်ပေါ်မှ ဆင်းကာ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခရီးသည်အမျိုးသမီးတို့ကို ဆဲဆိုခြိမ်းခြောက်ပြောဆိုခဲ့သည်။




[illegible]

YBS ယာဉ်တွင် တပ်ဆင်ထားသည့် CCTV မှတ်တမ်းမှ ခါးပိုက်နှိုက်အဖွဲ့က ဆဲဆိုခြိမ်းခြောက်နေသည့် ဗီဒီယိုဖိုင်မှာ လူမှုကွန်ရက်ပေါ် ပျံ့နှံ့ခဲ့ပြီးနောက် ယင်းဖြစ်စဉ်ကို စမ်းချောင်းမြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၂၉၄/၅၀၆/၁၁၄ ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး နှစ်လကျော်ကြာ စုံစမ်းခဲ့ပြီးနောက် ဇန်နဝါရီလ ၉ ရက်နေ့က ယင်းအဖွဲ့မှ သုံးဦးကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဖမ်းမိသူ သုံးဦးမှ စိုးလင်းထိုက်(ခ) ဖိုးလုံးမှာ ခါးကိုင်ဆောင် မူးယစ်ရမ်းကားမှု၊ မ.ထ.သ စနစ်ဖြင့် ယာဉ်လိုင်းပြေးဆွဲစဉ်အချိန်က ကျောက်တန်း-တာမွေ ပြေးဆွဲနေသည့် ယာဉ်များပေါ် အုပ်စုဖွဲ့မိုက်ကြေးခွဲဆက်ကြေးကောက်ယူမှုတို့ဖြင့် ထောင်ဒဏ် ၂ နှစ် ကျခံဖူးသူဖြစ်ပြီး ကျန်လွတ်မြောက်နေသူများကို ထပ်မံ ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရန် ဆက်လက်စုံစမ်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■ S-03

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ကမ္ဘာအေးဘုရားလမ်းတွင် မလေးရှားနိုင်ငံသားတစ်ဦး ယာဉ်တိုက် သေဆုံး

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ မီလာဟိုတယ်ရှေ့တွင် ဇန်နဝါရီလ ၁၃ ရက် နံနက် ၂ နာရီဝန်းကျင်က မလေးရှားနိုင်ငံသား အမျိုးသားတစ်ဦးမှာ အငှားယာဉ်တစ်စီးနှင့် ဝင်တိုက်မိရာမှ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

သေဆုံးသူ မလေးရှားနိုင်ငံသား Mr. Vinothkumar Mari Muthu အသက် ၃၃ နှစ် မှာ မီလာဟိုတယ်ဘက်မှ အင်းလျားကန်ဘက်သို့ ကမ္ဘာအေးဘုရားလမ်းမှဖြတ်ကူးစဉ် ကုက္ကိုင်းမီးပွိုင့်ဘက်မှ ဆူးလေဘက်သို့ မောင်းလာသည့် အဖြူရောင် ဝက်ဂွန်အမျိုးအစား အငှားယာဉ်တစ်စီးက ဝင်တိုက်မိပြီးနောက် မောင်းနှင်ထွက်ပြေးခဲ့ကြောင်း ယာဉ်ထိန်းရဲအရာရှိက ပြောကြားသည်။

"နိုင်ငံခြားသားကို ဝင်တိုက်ပြီး မောင်းပြေးတဲ့ Taxi ယာဉ်နံပါတ်ကို ရရှိထားပါတယ်။ ယာဉ်မောင်းကို ဖမ်းဆီးအရေးယူနိုင်ဖို့ စုံစမ်းဆောင်ရွက်နေဆဲပါ" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယာဉ်တိုက်ခံရသူ မလေးရှားနိုင်ငံသားမှာ ဦးခေါင်းကွဲဒဏ်ရာ၊ နဖူးချိုင့်ဝင်၊ နှာခေါင်းသွေးထွက်ဒဏ်ရာနှင့် ခါး၊ ခြေလက်တို့တွင် ကျိုးပဲ့ပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကာ ယာဉ်မဆင်မခြင်မောင်းနှင်သည့် တိုက်ပြေး အငှားယာဉ်မောင်းကို ဗဟန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

■ S-03

# မိတ္ထီလာမြို့ပေါ်၌ လုယက်မှုကျူးလွန်ခဲ့သူများကို တစ်လကျော်အကြာတွင် ဖမ်းမိ

**မိတ္ထီလာ ဇန်နဝါရီ ၁၃**

မိတ္ထီလာခရိုင် အားကစားကွင်းအနီးတွင် ဒီဇင်ဘာလ ၁၀ ရက် ညနေက ချိန်းတွေ့နေသော သမီးရည်းစားစုံတွဲထံမှ ဆိုင်ကယ်လုယူခဲ့သူများကို ဖမ်းဆီးရမိထားကြောင်း မိတ္ထီလာမြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းက လှည့်ကင်းပတ်နေသော ရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်လူငယ်နှစ်ဦးကို တွေ့ရှိရသောကြောင့် ခေါ်ယူစစ်ဆေးရာမှ ဆိုင်ကယ်လုယူခဲ့သည့်ဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဆိုင်ကယ်သည် ကျပ် ၁၅ သိန်းခန့်တန်ကြေးရှိသောကြောင့် ဆိုင်ကယ်ပိုင်ရှင်ကို အကြောင်းကြားထားပြီးဖြစ်ကြောင်း မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲအုပ် ရန်နိုင်ထွန်းက ပြောကြားသည်။

သက်သေခံဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိသူများမှာ မိတ္ထီလာမြို့ အောင်ဇေယျာရပ်တွင်နေထိုင်သည့် အသက် ၂၀ အရွယ်ရှိ ဝေဖြိုးအောင် (ခ) တောက်ကြီးနှင့် ပေါက်ချောင်းရပ်ကွက်တွင်နေထိုင်သည့်အသက် ၂၃ နှစ်အရွယ် ပြည့်စုံတို့ဖြစ်ကြောင်း၊ ၎င်းတို့ကို မြို့မရဲစခန်းက (ပ) ၁၇/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်ဖမ်းဆီးထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■ R-01

# ဘော်ဒါဆောင်ပိုင်ရှင်က ဆယ်တန်းကျောင်းသူကို မဖွယ်မရာလုပ်သည်ဟုဆိုကာ အမှုဖွင့်

**တောင်ငူ၊ ဇန်နဝါရီ ၁၃**

ရေတာရှည်မြို့နယ် အမှတ် ၁ ရပ်ကွက်ရှိ ဘော်ဒါဆောင်တစ်ခုတွင် ဇန်နဝါရီလ ၁၁ရက် ည ၉ နာရီခွဲက တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ၁၆နှစ်အရွယ် ကျောင်းသူကို ဘော်ဒါဆောင်ပိုင်ရှင်က မဖွယ်မရာ လုပ်ဆောင်သည်ဆိုကာ ကျောင်းသူ၏မိခင်က အမှုဖွင့်တိုင်ကြားထားကြောင်း ရေတာရှည်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ကျောင်းသူနှင့်အတန်းဖော်မိန်းကလေးများစာကျက်နေစဉ် ဘော်ဒါဆောင်ပိုင်ရှင် ၅၅နှစ် အရွယ် အမျိုးသားက လိမ်းဆေးယူရန် ခေါ်သည့်အတွက် စာသင်ဆောင်နှင့်ကပ်လျက် ဧည့်ခန်းသို့ တစ်ဦးတည်းလိုက်သွားစဉ် ပါးကိုနမ်းခဲ့ကြောင်း၊ ယင်းနောက် ခုတင်အောက်တွင် ဆေးဘူးရှိကြောင်း ပြောသဖြင့် ခုတင်အောက်ငုံ့ကြည့်စဉ် ရင်သားကို ကိုင်တွယ်သဖြင့် ထွက်ပြေးခဲ့ပြီး နောက်တစ်ရက်တွင် မိသားစုထံ အသိပေးခဲ့ကြောင်း ရေတာရှည်မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါ ဘော်ဒါဆောင်ပိုင်ရှင်ကို ရာဇသတ်ကြီး ပုဒ်မ ၃၅၄ဖြင့် အမှုဖွင့်ထားပြီး ဘော်ဒါဆောင်ပိုင်ရှင်မှာ ထွက်ပြေးနေသဖြင့် စုံစမ်းနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

အဆိုပါ ဘော်ဒါဆောင်သည် တရားဝင်မှတ်ပုံတင်ဖြင့် ဖွင့်လှစ်ပြီး အတိုင်ခံရသူမှာလည်း ကျူရှင်ဆရာတစ်ဦးဖြစ်ကြောင်း ရေတာရှည်မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

■ R-15

# အာဖရိက အချမ်းသာဆုံး လူငယ်များ

## အရှစ် ဂျေ သက်ကာ (Ashish J. Thakkar)

သက်ကာ၏အသက်က ၂၉ နှစ်သာရှိသေးသည်။ သူ့ကို ယူဂန်ဒါနိုင်ငံတွင် မွေးဖွားသည်။ သူက ယူဂန်ဒါတွင် အထက်တန်းကျောင်းသား ဘဝကတည်းက စီးပွားရေးကို စိတ်ဝင်စားနေပြီ။ ကွန်ပျူတာတွေကို ပြင်ဆင်ပြီး သူ့ သူငယ်ချင်းတွေကို ပြန်ရောင်းသည့် အလုပ်ဖြင့် စီးပွားစရှာသည်။ သူက ကွန်ပျူတာလည်း ကျွမ်းကျင်စွာ ပြုပြင်တတ်သောကြောင့် ထိုနိုင်ငံတွင် သူများနှင့်မတူသည့် စီးပွားရေးလုပ်ငန်းကို စတင်လုပ်ဆောင်ရန် အကြံရသည်။

နောက်ပိုင်း ကွန်ပျူတာရောင်းသည့် အရောင်းဆိုင်လေးတစ်ဆိုင်ကို စတင်ထူထောင်မိသည်။ Mara Group ဟု အမည်ပေးပြီး လုပ်ငန်းကို စတင်ခဲ့ရာက သူ့ရင်းနှီးမြှုပ်နှံငွေပမာဏမှာ ဒေါ်လာ သန်း ၁၀၀ အထိ တိုးတက်လာသည်။

Mara Group သည် ကွန်ပျူတာတစ်ခုတည်းသာမက လုပ်ငန်းတွေတိုးချဲ့လာသည်။ အိုးအိမ်လုပ်ငန်း၊ နိုင်ငံခြားသားများအတွက် ခရီးသွားလုပ်ငန်းများအပြင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည်။ နောက်ပိုင်းနည်းပညာလုပ်ငန်းနှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းတွေကိုပါ ကိုင်တွယ်လုပ်ဆောင်နိုင်သည့်အဆင့်ကို ရောက်လာသည်။ တိုက်ကြီး ၆ တိုက်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၌ သူတို့၏ လုပ်ငန်းများရှိသည်။ အာရှအရောက် ခြေဆန့်ထားသည်။ လုပ်ငန်းအားလုံးကိုသက်ကာတစ်ယောက်တည်းက ထိန်းချုပ်အကောင်အထည်ဖော်နေသည်။



Ashish J. Thakkar

သက်ကာသည် အာကာသသို့လိုက်ပါခွင့် စာရင်းတွင်ပါရှိပြီး စောင့်ဆိုင်းနေသူတစ်ဦးလည်းဖြစ်သည်။ အာကာသအတွင်း လိုက်ပါရန်အတွက် Virgin Galactic ကုမ္ပဏီ၏ ခရီးစဉ်ကို ဒေါ်လာ ၂၀၀,၀၀၀ ပေးပြီး လက်မှတ်ဖြတ်ထားသည်။ အာဖရိကတိုက်မှ တစ်ဦးတည်းသော လိုက်ပါခွင့်ရထားသူဖြစ်ပြီး ခရီးစဉ်စလျှင် သူသည် ဒုတိယမြောက် အာကာသရောက်သည့် အာဖရိက အာကာသသူရဲကောင်းတစ်ယောက်ဖြစ်လာပေလိမ့်မည်။

■ E01

## လာဒီ ဒီလာနို (Ladi Delano)

ဒီလာနိုအသက်က ၃၀ သာရှိသေးသည်။ Bakrie Delano Africa ကုမ္ပဏီကို ထူထောင်ထားသူဖြစ်ပြီး CEO အဖြစ် တာဝန်ယူထားသူလည်း ဖြစ်သည်။ တရုတ်နိုင်ငံတွင် သွားရောက်နေထိုင်စဉ်ကတည်းက အရက်ထုတ်လုပ်ခြင်းကို စိတ်ဝင်စားခဲ့ပြီး စွန့်ဦးလုပ်ငန်းရှင်ဖြစ်လာစေရန် ကြိုးပမ်းခဲ့သည်။

၂၀၀၄ ခုနှစ်အသက် ၂၂ နှစ်အရွယ်က Solidarnosc Asia ကို ထူထောင်ခဲ့သည်။ တရုတ်အရက်ကုမ္ပဏီ တစ်ခုအဖြစ် တရုတ်နိုင်ငံ မြို့ပေါင်း ၃၀ ကျော်ကိုပို့ဆောင်နိုင်ခဲ့ပြီး နှစ်စဉ် ဒေါ်လာ သန်း ၂၀ ခန့် အကျိုးအမြတ်များ ရရှိလာခဲ့သည်။

တရုတ်နိုင်ငံတွင် သူ့ကုမ္ပဏီကို ဒေါ်လာ ၁၅ သန်းဖြင့် ပြိုင်ဘက်ကုမ္ပဏီကိုရောင်းခဲ့ပြီး နောက်ထပ်လုပ်ငန်းတစ်ခုကို ထပ်ချဲ့သည်။ Delano Reid Group ဟု အမည်ပေးသည်။ တရုတ်နိုင်ငံတွင် အိုးအိမ်လုပ်ငန်းများကို လုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ လုပ်ငန်းက တိုးတက်လာပြီး Bakrie Delano Africa (BDA) ဟူ၍ ဖြစ်လာပြီး ကုမ္ပဏီတွင် CEO အဖြစ်တာဝန်ယူထားရသည်။ အင်ဒိုနီးရှားနိုင်ငံ Bakrie Group နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ပူးပေါင်းလုပ်ငန်းက ဒေါ်လာ ၁ ဘီလီယံခန့်ရှိပြီး ဈေးကွက် တွင် ဒေါ်လာ ၁၅ ဘီလီယံခန့် တန်ကြေးရှိသည့် ကုမ္ပဏီကြီးတစ်ခုအဖြစ် ဦးဆောင်နေသည်။



Ladi Delano

BDA သည် နိုင်ဂျီးရီးယားတွင်လည်း Bakrie Group ဟူ၍ ထူထောင်ထားပြီး ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ထားသည်။ သတ္တုရှာဖွေရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေနံ သဘာဝဓာတ်ငွေ့လုပ်ငန်များကို လုပ်ဆောင်လျက် ရှိသည်။ ■ E01

## မာဂက်တီ ဝိတ် (Magatte Wade)

အာဖရိကတိုက်မှ အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်လေးဖြစ်သည်။ အသက်က ၃၆ နှစ်သာရှိသေးသည်။ ဆီနီဂေါတွင် မွေးဖွားပြီး ပြင်သစ်နိုင်ငံ၌ ပညာသင်ယူခဲ့သည်။

Adina World Beat Beverages ကုမ္ပဏီကိုထူထောင်ခဲ့သည် ဆန်ဖရန်စစ္စကိုတွင် စတင်ထူထောင်ခဲ့သော ထိုလုပ်ငန်းသည် ကော်ဖီ၊ လက်ဖက်ရည်၊ သစ်သီးဖျော်ရည်များကိုထုတ်လုပ်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်ချိနေသည်။ အာဖရိကတိုက်နှင့် အာရှရှိ လယ်သမားများကို အော်ဂဲနစ်စိုက်ပျိုးရေးစနစ်များ ထွန်းကားအောင်လုပ်ပေးပြီး အော်ဂဲနစ်သီးနှံများကိုသာ လုပ်ငန်းအတွက် အသုံးပြုသောကြောင့်လည်း ထင်ရှားလာသည်။

ဝိတ်သည် လုပ်ငန်းကို ၂၀၀၄ ခုနှစ်လောက်က စတင်ခဲ့သည်။ ၅ နှစ်အတွင်း ဒေါ်လာ သန်း ၃၀ အကျိုးအမြတ် ရရှိခဲ့သည်။ သူ၏ မျက်လုံးပြူးစရာ စွမ်းဆောင်ချက်များကြောင့် အခြားပြိုင်ဘက်တွေ ပေါ်လာပြီး သူ့လိုလိုက်လုပ်ကြသည်။ ဝိတ်သည် အပြိုင်အဆိုင်တွေကို စိတ်မဝင်စား။ အလုပ်ကိုသာ စိတ်ဝင်စားသည်။ ထို့ကြောင့် သူထူထောင်ထားသည့် Adina ကုမ္ပဏီ၏ CEO ဘဝက ၂၀၀၉ ခုနှစ်တွင် ဆင်းပေးလိုက်သော်လည်း ရှယ်ယာအများစုကို ကိုင်ထားသူဖြစ်သည်။

ထို့နောက် ဝိတ်သည် Tiossan ကုမ္ပဏီကို စတင်ထူထောင်သည်။ ထိုလုပ်ငန်းက အရေပြားထိန်းသိမ်းသည့် အော်ဂဲနစ်လိမ်းဆေးအဆီများ ထုတ်လုပ်သည်။ လိမ်းဆေးကို ဆီနီဂေါရိုးရာ ဆေးနည်းများဖြင့် ဖော်စပ်ပြီး ထုတ်လုပ်သည်။ နယူးယောက်တွင် ရောင်းချရာ၌ 'Thiosane' ဆိုသည့်အမည်ဖြင့် နာမည်ကျော်သည်။ ■ E01



Magatte Wade



Justin Stanford

## ဂျပ်စ်တင် စတန်းဖို့ဒ် (Justin Stanford)

ဂျပ်စ်တင်က အသက် ၃၀ သာရှိသေးသည်။ တောင်အာဖရိက၊ ကိတ်တောင်းတွင် စွန့်ဦးလုပ်ငန်းရှင် သူဌေးတစ်ယောက် ဖြစ်နေပြီ။ နည်းပညာကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းအတော်များများကို ထူထောင်ထားသည့် လုပ်ငန်းရှင်၊ ဘုတ်အဖွဲ့ဝင်၊ အကြံပေး၊ ရင်းနှီးမြှုပ်နှံသူ စသည့် တာဝန်များကို ယူထားရသူတစ်ယောက်ဖြစ်နေသည်။

အထက်တန်းကျောင်းအဆင့်ကို ရောက်သည့်အခါတွင် ကျောင်းထွက်ပြီး စီးပွားရေးလုပ်ရန် စိတ်ကူးရလာသည်။ အသက် ၁၈ နှစ်သားတွင် လုပ်ငန်းစလုပ်ပြီး စွန့်စားကာ စီးပွားရေးလောကအတွင်း ဝင်ရောက်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားပျက်ကပ်နှင့်ရင်ဆိုင်ရပြီး ဒုက္ခရောက်နေချိန်၌ သူက အင်တာနက်ကို အခြေခံသည့် ဆော့ဖ်ဝဲလုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်ခဲ့သည်။ သူ့လုပ်ငန်းကို ကိတ်တောင်းမြို့ရှိ ကားဂိုဒေါင်တစ်ခုထဲတွင် စတင်လိုက်ခြင်းဖြစ်သည်။ အခက်အခဲ ဒုက္ခပေါင်းစုံကို ရင်ဆိုင်ခဲ့ရပြီး ကွန်ပျူတာ၊ ဖုန်းနှင့် ဆာဗာကွန်ပျူတာများကိုပြင်ဆင်ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် ဘဝကိုစတင်ခဲ့ရသည်။

ယခုအခါ ကိတ်တောင်းတွင် General Partner ဆိုသည့် ကုမ္ပဏီလုပ်ငန်းကြီးကို ထူထောင်ထားနိုင်ခဲ့ပြီး အခြားလုပ်ငန်းခွဲတစ်ခုဖြစ်သည့် 4Di Capital ကုမ္ပဏီတွင်လည်း CEO အဖြစ် တာဝန်ယူထားသည်။ 4Di Group လက်အောက်တွင် အိုင်တီဆိုင်ရာ လုပ်ငန်းပေါင်းများစွာကို လုပ်ကိုင်လျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင် Silicon Cape Initiative ကုမ္ပဏီကို ထူထောင်ခဲ့သည်။ တောင်အာဖရိကတိုက်ကိုကမ္ဘာ့နည်းပညာ တီထွင်သည့်အဓိကကျသော တိုက်ကြီးတစ်တိုက်ဖြစ်လာရေးအတွက် နည်းပညာရပ်ဝန်းဒေသကြီးတစ်ခုဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၁ ခုနှစ်တွင် အာဖရိကတိုက်၏ လူငယ် ၁၀၀ စာရင်းဝင်ဖြစ်လာပြီး ယနေ့တိုင် အာဖရိက၏ စွန့်ဦးလူငယ် စွမ်းဆောင်ရှင်တစ်ဦးအဖြစ် ဂုဏ်ပြုခြင်းခံထားရသော လူငယ်တစ်ဦးလည်းဖြစ်သည်။ ■ E01

(Ref: Forbes)

# နီပေါနိုင်ငံ တောင်တက်ခရီး

မိုးစက်

နီပေါ နိုင်ငံသည် ဟိမဝန္တာတောင်တန်းကြီး ရှိနေသဖြင့် ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ဝင်စားစရာ နေရာတစ်နေရာဖြစ်နေရပါသည်။ ဓားသွားကဲ့သို့ ချွန်ထက်နေသည် ကျောက်ဆောင်၊ ကျောက်တန်း များကြားတွင် မိမိတို့မည်မျှအထိ စွမ်းဆောင်နိုင်ခဲ့ကြောင်း အလံများစိုက်ထူကာ မှတ်တမ်းယူလိုကြသူများ ရောက်လာတတ်ကြသည့် နေရာတစ်နေရာလည်းဖြစ်သည်။ တောင်တက်လိုသူများအနေနှင့် နီပေါနိုင်ငံတွင် ပထမဆုံး တောင်တက်ခွင့် ခွင့်ပြုချက်ကိုရယူရန်လိုအပ်သည်။ လက်မှတ်ရလျှင်လည်း တောင်တန်းတွေများလှပြီး ဝန်းရံထားသည့် ထိုဒေသတွင် မည်သည့်နေရာကို ထွက်ရမည်နည်းဆိုသည်က စတင်စဉ်းစားရမည့် အချက်ဖြစ် သည်။ နှင်းများ ဖုံးလွှမ်းနေသည့် တောင်တန်းများက နီပေါနိုင်ငံမြောက်ပိုင်းတွင် ရှိသည်။ တောင်တက်ရန် ရောက်လာကြသူအများစုမှာ ဧဝရက်တောင် Base Camp တွင် တစ်ထောက်နားကြသည်ကများသည်။ Pokhara အနီးရှိ Annapurna Range တစ်ဝိုက်က ခရီးစတင်ရန် စီစဉ်ကြသည်ကများသည်။ ထိုနေရာ တွင် ဝန်တင်မြင်းများနှင့် လမ်းပြများကိုလည်း ငှားရမ်းနိုင်သည်။


Makalu Base Camp

## ဧဝရက်တောင်ဝန်းကျင်ကို တက်မည်ဆိုလျှင်

ဧဝရက်တောင်ခရီးကို Everest Base Camp (EBC) က စတင်မည်ဆိုလျှင် (8848m) ကွာဝေးသည့် ခရီးဖြစ်သည်။ တောင်တက်အများဆုံးလသည် အောက်တိုဘာမှ နိုဝင်ဘာနှင့် မတ်လမှ ဧပြီလများ ဖြစ်သည်။ ထိုလများတွင် တောင်တက်သူပေါင်း နေ့စဉ် ထောင်ချီပြီး Lukla လေဆိပ်ကို ရောက်လာလေ့ရှိသည်။ ကျဉ်းမြောင်းလှသည့် မြို့လေးအတွင်း ကျောတစ်နေစာရရန်ပင် အလွန်ခက်ခဲချိန်ဖြစ်သည်။ ကြိုတင်ပြီး စာရင်းမသွင်း၊ မမှာထားလျှင် နေရာရရန် မလွယ်ပေ။

Lukla မြို့တွင် Base Camp ဖွင့်ထားပြီး ဘားဆိုင်၊ ရေပူချိုးနေရာနှင့် အင်တာနက်သုံးနိုင်သည့် နေရာများရှိသည်။ ရှေးဟောင်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများသို့လည်း လည်ပတ်နိုင်သေးသည်။

ဧဝရက်တောင်တက်ခရီးအဖြစ် ၁၆ ရက်ခရီးအဖြစ် ခရီးစဉ်များရှိသလို၊ ရက် ၂၀ ခရီးအဖြစ် Gokyo, Kumbhu, Imja တောင်ကြားများသို့ ဆက်ထွက်နိုင်သည့် ခရီးစဉ်များလည်းရှိသည်။ ■


Makalu Base Camp

## Annapurna ခရီး

Pokhara ၏ မြောက်ဘက်သို့ ခရီးထွက်လျှင် ထင်ရှားသည့် Annapurna တောင်တန်းခရီးစဉ်ဖြစ်သည်။ တောင်ထွတ်ပေါင်း ၁၄ ခုကို ဖြတ်ကျော်တက်ရမည်ဖြစ်သည်။ (7000m) အကွာအဝေးခရီးဖြစ်သည်။ ကမ္ဘာ့ ၁၀ ခုမြောက် အမြင့်ဆုံးတောင်ထိပ်တစ်နေရာဖြစ်သည့် Annaprrna I သို့ ရောက်ရန် (8091m) ခန့်တက်ရမည်ဖြစ်သည်။ တောင်ထိပ်ရောက်ရန် ခရီးစဉ်သည် ခြေကျင် ၁၀ ရက်ခရီးဖြစ်သည်။

Annapurna Circuit ခရီးစဉ်က ၁၈ ရက်ခရီးဖြစ်သည်။ ထိုခရီးအတွက် အထူးခွင့်ပြုချက်လိုအပ်သည်။ Thorung La (5416m) ဒေသက အသက်ရှူမရသဖြင့် အထောက်အကူ အသက်ရှူဘူးများလိုသည်။ Annapurna Sanctuary ခရီးစဉ်ဆိုလျှင် ၁၀ ရက်ခရီးဖြစ်သည်။ ရေခဲနေသော တောင်ကြားများနှင့် ရေခဲပြင်များကို ဖြတ်သွားရမည့်ခရီးစဉ်ဖြစ်သည်။ ■ E01

## Langtang, Helambu and Manaslu

Langtang နှင့် Helambu သည် ၂၀၁၅ ခုနှစ်က ဆိုးရွားစွာ ငလျင်ဒဏ်ခံထားရသည့် နေရာများဖြစ်သည်။ Langtang တောင်ကြားကိုဖြတ်ပြီး အသည်းယားဖွယ်ခရီးကို ကားစီးပြီး လာနိုင်သည်။ Langtang အရှေ့ဘက်တွင် Manaslu တောင်တန်းကိုတက်သည့် ခရီးစဉ်ရှိသည်။ လူသိပ်မများသည့် ခရီးစဉ်အဖြစ် အေးချမ်းစွာ တောင်တက်ခရီးကို စိတ်ဝင်စားသူများ လာရောက်ကြသည်။

Langtang Valley ခရီးစဉ်သည် ၇ ရက်မှ ၉ ရက်အထိရှိသည်။ Kathmandu သို့ အမြန်ဆုံးရောက်နိုင်သည့် ဖြတ်လမ်း ခရီးစဉ်တစ်ခုလည်းဖြစ်သည်။ Manaslu တောင်တန်းဘက် ခရီးစဉ်က ၁၆ ရက်မှ ၁၈ ရက်အထိ ကြာတတ်သည်။ Manaslu တောင်တန်းက (8163m) မြင့်သည့် ခရီးဖြစ်သည်။ ■


Makalu Base Camp

## နီပေါအရှေ့ပိုင်း

နီပေါအရှေ့ပိုင်း ခရီးစဉ်သည် အထူးခွင့်ပြုမိန့်များ ချပေးသည့် ခရီးတစ်ထောက်ဖြစ်ပြီး လမ်းပြများကိုလည်း ငှားရမ်းနိုင်သည့် နေရာဖြစ်သည်။ Kangchenjunga တောင်ကြောကို တက်ရန် တစ်ထောက်နားစခန်းဖြစ်ပြီး Wi-Fi လည်းရသည်။ အစားအသောက်များကို ဖြည့်တင်းနိုင်ပြီး တတိယအမြင့်ဆုံး Kangchenjunga (8586m) သို့တက်ရန် စတင်ပြင်ဆင်ရမည့်နေရာဖြစ်သည်။

Kangchenjunga North ခရီးသည် ၁၈ ရက်မှ ရက်ပေါင်း ၂၀ ကြာတတ်သည်။ Makalu Base Camp ခရီးစဉ်က ၁၃ ရက်ကြာသည်။ Makalu တောင်ကြောက (8463m) မြင့်သည်။ ■


Kangchenjunga

# အံ့သြလောက်ဖွယ် ဂွမ်ဂျူးမြို့သားများ

သန့်ဇင်စိုး




အချိန်ကား ၁၉၈၀ မေလ ၁၈ ရက်နေ့။ တောင် ကိုရီးယားနိုင်ငံကို စစ်အာဏာရှင် ချွန်ဒူးဝမ်က အာဏာသိမ်းထားစဉ်။ ပြည်သူ့ထံမှ ရွေးကောက်တင်ပေးလိုက် သူမဟုတ် သူတို့၏ အင့်စိတ် အတိုင်း သမဂ္ဂများ၊ ကျောင်းသားလှုပ်ရှားမှုများ၊ နိုင်ငံရေးပြောဆိုစုဝေးမှုများကို ရသည့်နည်းဖြင့် လိုက်ပိတ်ထားသည့်အချိန် ဖြစ်သည်။ နေရာကား ကိုရီးယားနိုင်ငံ ဂျိုလာပြည်နယ် ဂွမ်ဂျူးမြို့ တက္ကသိုလ်တစ်ခု၏ ဂိတ်ပေါက်ရှေ့တွင်ဖြစ်သည်။ ကျောင်းပိတ်လိုက်သည့်ကိစ္စကို အဆိုပါ နယ်မြို့သား ကျောင်းသားများက မကျေနပ်ကြ။ စုဝေးကန့်ကွက် နေကြသည်။ လက်နက်အပြည့်အစုံဖြင့် စစ်သားများ ရောက်လာသည်။ ကျောင်းသားများကလည်း လူစု မခွဲကြပေ။ စစ်သားများက ကျောင်းသားများကိုဖမ်းဆီး ရိုက်နှက်သည်။ ကျောင်းသားများက ကျောက်ခဲများ ဖြင့် ထုကြသည်။ ထိုထိပ်တိုက်တွေ့ပွဲမှသည် ဂွမ်းဂျူး တစ်မြို့လုံး အာဏာရှင်စနစ်ကို အော့နှလုံးနာသွားကြ သည်။

နေ့လယ်လောက်ရောက်တော့ မြို့ထဲတွင် လူ ၂၀၀၀ လောက်စုမိသွားပြီ။ စစ်အင်အားကလည်း ၇၀၀ နီးပါးဖြင့် ပိတ်ထားသည်။ တပ်သုံးတပ် ထပ်ရောက် လာခဲ့သည်။ ဘက်နက် (လှံစွပ်) များသုံးသည်အထိ ရက်ရက် စက်စက် နှိမ်နင်းကြသည်။ စစ်အာဏာရှင် ချွန်ဒူးဝမ် အစိုးရသည် ဂွမ်ဂျူးပြည်သူတို့၏ ဒီမိုကရေစီ ဆာလောင်မှုကို တခြားမြို့များသို့ ကူးစက်သွားမည်ကို မလိုလား။ သတင်းအမှောင်ချကာ ရက်ရက်စက်စက် နှိမ်နင်းလေပြီ။ စစ်တပ်က ရက်စက်ပြလေ လမ်းပေါ်တက် လာသည့် ဂွမ်းဂျူးမြို့သားများ အရေအတွက်က များ လာလေဖြစ်သည်။ မြို့လေးထဲတွင် ဖြစ်ပျက်နေသမျှ ကို အပြင်က ဘာမှမသိရ။ မေလ ၂၀ နောက်ပိုင်းတွင် လမ်းပေါ်ရှိလူ အင်အားက တစ်သောင်းကျော်သွားခဲ့ချေပြီ။ အကြမ်းဖက်မှု များသည် မေလ ၂၁ ရက်နေ့တွင် အကြမ်းဆုံးသို့ ရောက်သွားခဲ့သည်။ ပြည်နယ်ရုံးရှေ့မှ ဆန္ဒပြလူအုပ်ကြီးထဲကို စစ်တပ်က သေနတ်ဖြင့်ပစ် သည်။ ဆန္ဒပြသူ များကလည်း လက်နက်ရုံများ၊ ရဲစခန်းများကိုဝင်စီးပြီး လက်နက်လုကာ M1 ရိုင်ဖယ် များ၊ ကာဘိုင်များဖြင့် ပြန်ပစ်ကြသည်။ ဂွမ်ဂျူး ဒေသခံပြည်သူ့စစ်များလက်သို့ စက်သေနတ် အသေး စားနှစ်လက်ပင် ရောက်သွား ခဲ့သည်ဟု အချို့မှတ် တမ်းများကဆိုသည်။

မေလ ၂၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော တက္ကစီ ကား ဆန္ဒပြပွဲကလည်း ကိုရီးယားသမိုင်းတွင် ထင်ရှား ခဲ့သည်။ ရာပေါင်းများစွာသော တက္ကစီအငှားယာဉ် များကဦးဆောင်လျက် ဘတ်စ်ကား၊ ထရပ်ကားများ စီတန်းကာ ပြည်နယ်ရုံးရှေ့ဆန္ဒပြလူအုပ်ကိုသွားရောက် ပူးပေါင်းခဲ့ခြင်းဖြစ်သည်။ တက္ကစီများချီတက်လာစဉ် စစ်တပ်က မျက်ရည်ယိုဗုံးများဖြင့်ပစ်ခြင်း၊ ကားထဲက ဆွဲထုတ်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်။ အထိခိုက်ခံ ကာ အငှားယာဉ်မောင်းများသည် ဒဏ်ရာရသူများကို ကယ်ထုတ်ခြင်း၊ ဆေးရုံပို့ခြင်းများကို စေတနာ့ဝန်ထမ်း ပြုလုပ်ခဲ့ကြပါသည်။ လူအုပ်ထဲကိုပစ်ခတ်နေစဉ် တက္ကစီ ယာဉ်များကို အကာအကွယ်အဖြစ် ရှေ့က ပိတ်ဆို့ ပေးခဲ့ခြင်းကြောင့်လည်း လူသေဆုံးမှု သက်သာခဲ့ခြင်း လည်းရှိသည်။ ယာဉ်မောင်းများ သေဆုံးကြရသည်။

ဂွမ်ဂျူးဒီမိုကရေစီအရေးတော်ပုံသည် ကိုရီး ယားခေတ်သစ်သမိုင်းတွင် ရုပ်အဆိုးဆုံး နှိပ်ကွပ်မှု တစ်ရပ်ဖြစ်ခဲ့သည်။ မြို့သူမြို့သား လူ ၁၅၅ သေဆုံးခဲ့ပြီး ၈၁ ဦး ပျောက်ဆုံးကာ လူ ၃၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ ကြသည်။ ပတ်ချုံဟီးလုပ်ကြံခံရပြီး ချွန်ဒူးဝမ်၏ စစ် အာဏာသိမ်းကာ ညမထွက်ရအမိန့်ကြေညာမှုကို ခေါင်းငုံ့မခံကြသည့် အာဇာနည်မြို့သားများ၏ အာခံမှု ဖြစ်ပါသည်။ အရေးတော်ပုံလည်း မအောင်မြင်ခဲ့ပါ။ သို့သော် စစ်အာဏာရှင်၏ ဘီလူးစွယ်ကို ကိုရီးယား တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာကို ပြသနိုင်ခဲ့သည်။ ဂွမ်ဂျူးသတင်းကြောင့် ကိုရီးယားနိုင်ငံအနှံ့ ဒီမိုကရေ စီလိုလားသောစိတ်ဓာတ်များ နိုးကြားလာခဲ့ပါသည်။

အာဏာရှင်နှင့် ၎င်းတို့၏လက်ပါးတော်မြဲနိုင်ငံရေးသမား များကြီးစိုးရာ ခေတ်ကာလများတစ်လျှောက်တွင် ဂွမ်ဂျူး ဒီမိုကရေစီအရေးတော်ပုံကို ဆူပူသောင်းကျန်း မှုအဖြစ်သာ အမြဲတမ်းပုံဖော်ခဲ့သည်။ ပြည်သူ့အရေး တော်ပုံအဖြစ် သတ်မှတ်ခံရဖို့ အချိန်များစွာပေးခဲ့ရ သည်။ နောက်ပိုင်း ဒီမိုကရေစီခေတ်ကာလတွင်မှ ကိုရီးယားသမိုင်း၏ အရေးပါသောဒီမိုကရေစီအရေး တော်ပုံအဖြစ် တဖြည်းဖြည်း အသိအမှတ်ပြုလာကြပါ သည်။

“ဂွမ်ဂျူး ၁၉၈၀ မေ အရေးအခင်းဟာ ဒီ တိုင်းပြည် ဒီမိုကရေစီအတွက် လှေကားထစ်တစ်ခုဖြစ် ခဲ့ပါတယ်။ သေဆုံးထိခိုက်ခဲ့ရသူတွေဟာ ဒီမိုကရေစီ ရေးအတွက် သူတို့အသက်တွေကို ပေးခဲ့ကြတာဖြစ်ပါ တယ်” ဟု ကိုရီးယား၏ ပထမဆုံးဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံသမ္မတကြီး ကင်ယောင်ဆမ် က ၁၉၉၃ ခုနှစ်မှ အတိအလင်းပြောကြားခဲ့သည်။ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ အစိုးရသည် ဒီမိုကရေစီရေးအတွက် အသက်ပေးသွား ခဲ့သည့် ပြည်သူများအတွက် ရဲရင့်တည်ကြည်စွာ တစ်သားတည်း ရပ်တည်ပြခဲ့ခြင်း ဖြစ်သည်။

မြို့တစ်မြို့နေ ပြည်သူများ၏ လူသားလွတ်လပ် မှုကို မြတ်နိုးသောစိတ်ဓာတ်မှသည် စစ်အာဏာရှင် ဆန့်ကျင်ရေးစိတ်ဓာတ်များ တစ်နိုင်ငံလုံး နိုးကြားလာ အောင် လှုပ်ရှားခဲ့ကြသော ဂွမ်ဂျူးပြည်သူများကို ယနေ့ ကိုရီးယားလူ့အဖွဲ့အစည်းက ကျေးဇူးတင်ကြသည်။ ပြည်သူများ စုစည်းညီညွတ်သည့်အခါ မိမိတို့လိုလား သောပန်းတိုင်ကို ရရှိနိုင်ကြောင်း ကမ္ဘာ့လူသားများ အားသက်သေပြခဲ့သည်။ UNESCO တွင် ကမ္ဘာ့ မှတ်တမ်းအဖြစ် မှတ်တမ်းဝင်ခဲ့သော အရေးအခင်းတစ်ခု လည်း ဖြစ်ခဲ့ပါသည်။ လူ့အဖွဲ့အစည်း၏ မျက်နှာစာတိုင်း တွင် မတရားမှုများ၊ မဖွံ့ဖြိုးနောက်ကျမှုများ၊ အနိုင် ကျင့်အသာရယူမှုများအား ဂွမ်ဂျူးပြည်သူများ၏ ကိုယ့်နေရာနဲ့ကိုယ် ဆန့်ကျင်လက်မခံကြသည့်စိတ် ဓာတ်ဖြင့် ညီညွတ်စွာတုံ့ပြန်နိုင်မည်ဆိုလျှင် ပဒေသာစုံ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းများ ပန်းတိုင်သည် အိပ်မက်အဖြစ်မှ မျှော်လင့်ချက်အဖြစ်သို့ နီးစပ် လာပေမည်။ ■



# About Them



၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၌ ပြုလုပ်ကျင်းပသော ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)၏ (၅)နှစ်ပြည့် နှစ်ပတ်လည် စုံညီပွဲတော် ဖျော်ဖြေရေးအစီအစဉ်။



ဇန်နဝါရီလ ၁၀ရက်နေ့က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် တရားရုံးရှေ့တွင် မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီက ပြုလုပ်သည့် အဖမ်းဆီးခံ ရိုက်တာသတင်းသမားနှစ်ဦး အမြန်လွတ်မြောက်စေရန် အနက်ရောင် လူပ်ရှားမှု ပြုလုပ် ကန့်ကွက်ဆန္ဒပြခြင်း



ဇန်နဝါရီလ ၁၁ရက်နေ့က ရန်ကုန်တက္ကသိုလ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗသကများအဖွဲ့ချုပ်)က ပြုလုပ်သည့် အဆောင်နေကျောင်းသူတွေကို အဆောင်မှူးတွေက စည်းကမ်းတင်းကျပ်တာ၊ ဖိနှိပ်မှုတွေနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ



ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ Orchid Hotel တွင်ပြုလုပ်သည့် ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ရခိုင်ပြည်နယ်မြောက်ပိုင်းခရီးစဉ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲ



ဇန်နဝါရီလ ၁၃ရက်နေ့က ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်တွင် ပြုလုပ်သည့် ဥယျာဉ်(၁၀၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား



ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းမရှိ မြန်မာသတင်းစာပညာသိပ္ပံတွင် ပြုလုပ်သည့် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်၏ Press Freedom in Myanmar၊ Role of Journalists in Democracy စတဲ့ ခေါင်းစဉ်များနှင့် ဆွေးနွေးပွဲ။

# "ကျွန်တော် ပြုတ်ခါနီးနောက်ဆုံးအပတ် သီချင်းဆိုတဲ့အချိန်မှာ အန်တီကြီးတစ်ယောက်က ကျွန်တော့်ကို နှာခေါင်းရှုံ့ကြည့်ပြီး ဘေးကလူတစ်ယောက်ကို အတင်းပြောနေတာကို တွေ့လိုက်ရတယ်"

## ရဲနောင်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**Myanmar Idol သီချင်းဆိုပြိုင်ပွဲကတစ်ဆင့် ပရိသတ်တွေရဲ့အားပေးမှုကို ရရှိလာခဲ့တဲ့ တေးသံရှင် ရဲနောင်နဲ့ တွေ့ဆုံပြီး မကြာမီစတင်တော့မယ့် Season 3 မှာ ပြိုင်ပွဲဝင်မယ့် သူတွေအတွက် အကြံပြုစကား၊ အွန်လိုင်းမှာတင်ပေးခဲ့တဲ့ 'မင်းသားမဟုတ်တဲ့ ဗီလိန်' Music Video အကြောင်းနဲ့ တစ်ကိုယ်တော် စီးရီးအကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: Myanmar Idol သီချင်းဆို ပြိုင်ပွဲ Season 3 ကလည်း မကြာမီစတော့ မယ်နော်။ ပြိုင်ပွဲဝင် အသစ်တွေကိုရော ဘယ်လိုအကြံပြု စကားဆိုချင်လဲ။**

**YN:** ကျွန်တော်တို့ Season 2 က မောင်နှမတွေလည်း အနုပညာလမ်းကြောင်းပေါ်မှာ အကောင်းဆုံး လျှောက်လှမ်းနေကြပါတယ်။ တစ်ကိုယ်တော် ခွေတွေလည်း ထွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့ကိုလည်း မေ့မသွားကြပါနဲ့လို့ ပရိသတ်တွေကိုပြောချင်ပါတယ်။ အခု Season 3 မှာ ပြိုင်ကြမယ့် သူတွေကိုလည်း အားပေးစေချင်ပါတယ်။ သူတို့ကိုလည်း အကောင်းဆုံး ပြိုင်ကြပါ၊ ရိုးရိုးသားသား ပြိုင်ကြပါလို့ ပြောချင်ပါတယ်။ Myanmar Idol က အဆိုကောင်းရုံတစ်ခုတည်းနဲ့ မရွေးပါဘူး။ အများနဲ့ လိုက်လျောညီထွေဖြစ်အောင်နေပါ။ ဆရာတွေရဲ့စကားကိုလိုက်နာပါ။ သီချင်းပေါင်းစုံကိုလည်း ဆိုနိုင်အောင် လေ့ကျင့်ထားပါလို့ ပြောချင်ပါတယ်။

**Voice: ရဲနောင် ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုထားတဲ့ 'မင်းသားမဟုတ်တဲ့ ဗီလိန်' သီချင်းကိုလည်း ပရိသတ်တွေ သဘောကျနေကြတယ်နော်။**

**YN:** ဒီသီချင်းကို ကိုနိုင်လူနဲ့ MTV လေးရိုက်ပြီး အွန်လိုင်းပေါ်တင်ပေးထားပါတယ်။ ဒီသီချင်းကို ကောင်းတယ်လို့ အားပေးကြတဲ့အတွက်လည်း ဝမ်းသာပါတယ်။ နောက်ထပ် သီချင်းအသစ်တွေလည်း ထပ်ပေးဖို့ရှိပါတယ်။ မင်းသားမဟုတ်တဲ့ ဗီလိန်သီချင်းက ကျွန်တော့်အတွက် အမှတ်တရတွေ အများကြီးရှိခဲ့တဲ့သီချင်းပါ။ ပြိုင်ပွဲကာလမှာ တချို့ပရိသတ်တွေက လမ်းတွေ့ရင်တောင် မနှုတ်ဆက်ချင်ကြတော့ဘူး၊ နှာခေါင်းရှုံ့ကြတယ်။ မှတ်မှတ်ရရ ကျွန်တော် ပြုတ်ခါနီး နောက်ဆုံးအပတ် သီချင်းဆိုတဲ့အချိန်မှာ အန်တီကြီးတစ်ယောက်က ကျွန်တော့်ကို နှာခေါင်းရှုံ့ကြည့်ပြီး ဘေးကလူတစ်ယောက်ကို အတင်းပြောနေတာကို တွေ့လိုက်ရတယ်။ အဲ့ဒီခံစားချက်လေးလည်း ပါမယ် ထင်ပါတယ်။ အနုပညာလောကက လူကြမ်းတွေအကြောင်းလည်း သိတဲ့အတွက် အဲ့ဒီခံစားချက်နှစ်ခုပေါင်း ပြီး ဒီသီချင်းကို ရေးဖြစ်ခဲ့တာပါ။

**Voice: ဒီသီချင်းကို ကိုနိုင်လူနဲ့ ပုံဖော်ရိုက်ကူးဖြစ်တဲ့အကြောင်းလည်း ပြောပြပေးပါဦး။**

**YN:** အဲ့ဒီသီချင်းလေးကို ကျွန်တော် Myanmar Idol မှာဆို ဖြစ်တဲ့ ညမှာပဲ သူက အွန်လိုင်းပေါ်မှာ တက်ရေးတယ်။ သူ့ကိုတည်ပြီးတော့ ရေးထားတာလားပေါ့နော်။ ကျွန်တော်ကလည်း အဲ့ဒီသီချင်းလေးက သူနဲ့ လိုက်မယ်လို့ ယုံကြည်တဲ့အတွက် သူနဲ့ ရိုက်ဖြစ်တာပါ။ MTV မှာတော့ ကျွန်တော်ကိုယ်တိုင် ဝင်ပြီးတော့ သရုပ်မဆောင်ထားပါဘူး။ ကိုနိုင်လူကလည်း သူ ရိုက်ချင်တဲ့ ပုံစံလေးတွေကို ကျွန်တော့်ကို ပြောပြထားတယ်။ ကျွန်တော် ကိုယ်တိုင်ဝင်ပြီး သရုပ်ဆောင်လိုက်ရင် သီချင်းရဲ့အရသာ လျော့သွားမှာစိုးလို့ပါ။ ကိုနိုင်လူတစ်ယောက်တည်း အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်။ ပရိသတ်တွေကလည်း ကြိုက်ကြတယ်လို့ ပြန်ကြားရတဲ့အတွက် ဝမ်းသာပါတယ်။

**Voice: ရဲနောင်ရဲ့ တစ်ကိုယ်တော် စီးရီးကရောဘယ်တော့လောက် ထွက်ဖြစ်မလဲ။**

**YN:** ကျွန်တော့်ရဲ့တစ်ကိုယ်တော်စီးရီးကတော့ ဒီနှစ်လယ်၊ ဒါမှမဟုတ် ပွင့်လင်းရာသီရောက်တော့မှ ထွက်ဖြစ်ပါလိမ့်မယ်။ သီချင်းတွေကတော့ အတီးပိုင်းတွေ အကုန်ပြီးသွားပါပြီ။ ကျွန်တော်ဆိုဖို့ပဲ ကျန်ပါတော့တယ်။ ဒီခွေထဲမှာ ကျွန်တော် ရေးတဲ့ သီချင်းက ရှစ်ဆယ်ရာခိုင်နှုန်းလောက်ပါပါမယ်။ သူများရေးတဲ့ သီချင်းကတော့ နှစ်ဆယ်ရာခိုင်နှုန်းလောက် ပါပါမယ်။ သီချင်းတွေကတော့ တစ်ပုဒ်နဲ့ တစ်ပုဒ် အကြောင်းအရာရော၊ ပုံစံရောမတူအောင် ကြိုးစားထားပါတယ်။ ပရိသတ်တွေ ခံစားလို့ရမယ့် သီချင်းမျိုးတွေကို သေချာရွေးထားပါတယ်။ ကျွန်တော့်ရဲ့ တစ်ကိုယ်တော် စီးရီးလေး ထွက်လာရင်လည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**Voice: Myanmar Idol ပြိုင်ခဲ့တုန်းက ရဲနောင်မှာလည်း စိတ်ဓာတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ရှိခဲ့တယ်နော်။ ပြိုင်ပွဲကာလမှာ စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့က ဘယ်လောက်အထိ အရေးပါလဲဆိုတာကို နောက် ပြိုင်မယ့်သူတွေကို မျှဝေပေးပါဦး။**

**YN:** ဒီပြိုင်ပွဲမှာ ဝင်ပြိုင်မယ် ဆိုရင်တော့ ကိုယ့် စိတ်ကိုခိုင်အောင် ထားဖို့ လိုပါတယ်။ တစ်နိုင်ငံလုံး က ပရိသတ်တွေကလည်း ဒီပြိုင်ပွဲကို ကြည့်ရှုအားပေးကြတယ်။ ကိုယ့်ကို အားပေးတဲ့သူများသလို၊ ဝေဖန်တဲ့ သူတွေလည်းများမယ်။ အဲ့ဒီဒဏ်ကိုခံနိုင်ရည်ရှိအောင် ကြိုတင်ပြင်ဆင်ထားဖို့ လိုပါတယ်။ စိတ်တည်ငြိမ်မှုရှိအောင် တရားထိုင်ကြပါလို့ ပြောချင်ပါတယ်။ စိတ်ဓာတ်ကျစရာတွေ ရှိခဲ့ရင်လည်း အားတင်းပြီး အောင်မြင်အောင် ဖြတ်ကျော်နိုင်ဖို့လည်း လိုပါတယ်။ အဓိကကတော့ ကိုယ့်ကိုဝေဖန်တဲ့သူတွေရှိခဲ့ရင်လည်း ကြံ့ကြံ့ခံနိုင်ဖို့ လိုပါတယ်။

# ပိုင်ဖြိုးသု ဆေးလိပ်သောက်ဖြစ်နေမှာ စိုးရိမ်တဲ့ ဒါရိုက်တာ ဏကြီး



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မကြာသေးမီက ရိုက်ကူးပြီးစီးခဲ့တဲ့ 'မိ' ရုပ်ရှင်ကားက မိ ဇာတ်ရုပ်နေရာမှာ ချစ်သူ ပိုင်ဖြိုးသုက အကောင်းဆုံးသရုပ်ဆောင်ခဲ့ပြီး ဆေးလိပ်ပါ သောက်တတ်သွားတာကြောင့် ဆေးလိပ်သောက်ဖြစ်နေမှာ စိုးရိမ်တယ်လို့ ဒါရိုက်တာဏကြီးက The Voice ကို ပြောကြားပါတယ်။

"ဒီကားမှာ သုသုက ဇာတ်ရုပ်ပိုင်းနဲ့ ပတ်သက်ပြီး ဆေးလိပ်ဆိုလည်း ဒီကား မရိုက်ခင် ရှေ့မှာ ရိုက်ခဲ့တဲ့ဇာတ်ကား နှစ်ကားလောက်မှာကတည်းက ကြိုသောက်နေတာ ဆိုတော့ 'မိ' မှာ သူ ဆေးလိပ်သောက်တတ်နေပြီ။ ကျွန်တော် သူ့ကို တစ်ခါမှ ဆေးလိပ် သောက်တာမမြင်ဖူးဘူး။ ဒါပေမဲ့ သူ လေ့ကျင့်ရင်း လေ့ကျင့်ရင်းနဲ့ တကယ်ဆေးလိပ်သောက်တတ်သွားတယ်။ အဲ့ဒါကြောင့် သူ့ကိုတောင် ကျွန်တော်စိုးရိမ်တယ်။ 'မိ' ရုပ်ရှင်ကားရိုက်ပြီးတာတောင်မှ သူ ဆေးလိပ်သောက်ဖြစ်နေမှာ စိုးတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

'မိ' ရုပ်ရှင်ကားကို သရုပ်ဆောင်နေတိုး၊ ပိုင်ဖြိုးသု၊ မင်းဦး၊ သားညီ၊ အောင်ရဲထိုက် စတဲ့ သရုပ်ဆောင်ပေါင်းများစွာနဲ့ ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး ကြိုတင်ပြင်တင်မှုတွေအများကြီး လုပ်ခဲ့တာ ကြောင့် ရိုက်ကူးနေစဉ်မှာ အခက်အခဲကြီးကြီးမားမား မတွေ့ခဲ့ရကြောင်း၊ တချို့ဇာတ်ဝင်ခန်းတွေက ကိုယ်မျှော်လင့်ထားတာထက် အများကြီးပိုကောင်းနေပြီး ကိုယ်ကိုယ်တိုင်လည်း ၁၉၄၈ ခုနှစ်ကာလကို ရောက်သွားသလို ခံစားရကြောင်း ဒါရိုက်တာဏကြီးက ပြောပါတယ်။

'မိ' ရုပ်ရှင်ကားကို ၂၀၁၈ ခုနှစ်ထဲမှာ ရုံတင်ပြသနိုင်တောင် ကြိုးစားမှာပါ။ နောက်ပိုင်းမှာလည်း သုသုနဲ့အတူ ဇာတ်ကားတွေ ရိုက်သွားဖို့ စီစဉ်ထားတာရှိပါတယ်။ ဇာတ်လမ်းကတော့ လောလောဆယ်မှာ သုံးပုဒ်လောက် ရှိတယ်။ သုသုက ဟဲဗီးတွေ နည်းနည်းများတဲ့အတွက် လူငယ်ဘက်သွားတဲ့ ဇာတ်လမ်းမျိုးကို ဦးစားပေး ရိုက်သွားမယ်။ တကယ်လည်း ပရိသတ် စိတ်ဝင်စားစရာကောင်းမယ့် ဇာတ်လမ်းမျိုးကို ရိုက်မှာပါ" လို့ ၎င်းက ပြောထားပါတယ်။

# သားငယ် လျှောက်တော့မယ့် 'လမ်းကလေး'



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

Myanmar Idol Season 2 ရဲ့ Winner ဆုရှင်ဖြစ်တဲ့ တေးသံရှင် သားငယ်က ပထမဆုံးတစ်ကိုယ်တော် သီချင်းခွေဖြစ်တဲ့ 'လမ်းကလေး' ကို လာမယ့် ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ပရိသတ်တွေရှေ့ကို အရောက်ပို့ဆောင်ပေးတော့မယ်လို့ The Voice ကို ပြောကြားပါတယ်။

'လမ်းကလေး' သီချင်းကတော့ Winner Song ပါ။ ပြိုင်ပွဲတုန်းက ဖိုင်နယ်ညမှာ ကျွန်တော်ဆိုခဲ့တဲ့ သီချင်းပေါ့နော်။ ပထမ Season 1 တုန်းက စော်လားထော်ဝါးဆိုထားတဲ့ 'မင်းသိနိုင်မလား' သီချင်းကို ခွေခေါင်းစဉ်ပေးခဲ့တဲ့ ပုံစံမျိုးပါ။ ဒီခွေမှာ သီချင်းဟောင်းက နှစ်ပုဒ်ပါပါတယ်။ တစ်ပုဒ်ကတော့ 'မမိုး' သီချင်းပါ။ ဒီသီချင်းလေးက ကျွန်တော့်ကို သားငယ်ဆိုပြီး ပရိသတ်တွေ သတိထားမိစေတဲ့သီချင်းလေး ဖြစ်လို့ ပြန်ဆိုဖြစ်တာပါ" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

'လမ်းကလေး' တစ်ကိုယ်တော်သီချင်းခွေမှာ တေးရေးအောင်ကိုမြင့်၊ လင်းလင်း၊ သာဒီးလူ၊ အောင်ဖြိုး၊ ညီမင်းခိုင် စတဲ့ တေးရေးဆရာများ ရေးသားထားတဲ့ သီချင်းများပါဝင်ပြီး Rock ကို အဓိက အခြေခံထားကြောင်း၊ ဂီတလမ်းမထက်ကို စတင်ခြေချမိတဲ့ မျိုးဆက်သစ်လူငယ်တစ်ယောက်အနေနဲ့ ခွေအပေါ်မှာ အများကြီးမမျှော်လင့်ထားကြောင်း တေးသံရှင်သားငယ်က ပြောထားပါတယ်။

"အဆိုတော်လုပ်ချင်ရင်တော့ ကိုယ်ပိုင်သီချင်းရှိမှ ဖြစ်မှာလေ။ ကိုယ့်သီချင်းလေးနဲ့ကို ရပ်တည်ချင်တယ်၊ ကိုယ့်သီချင်းလေးနဲ့ကို အောင်မြင်တော့ပိုပြီး ပျော်တာပေါ့နော်။ အဲ့ဒါကြောင့် ဒီခွေလေး ထွက်လာရင် ပရိသတ်ကြီးကို နားထောင်စေချင်ပါတယ်၊ အဓိက ကျွန်တော့်သီချင်းလေးတွေကို နားထောင်ပေးပါ၊ ဝေဖန်ပေးပါ။ တကယ်လို့ မကောင်းဘူးဆိုရင်လည်း ကျွန်တော့်အနေနဲ့ ပိုကြိုးစားလို့ ရတာပေါ့လေ၊ ကောင်းတယ်ဆိုရင်တော့လည်း အားဖြစ်တာပေါ့" လို့ ၎င်းက ပြောပါတယ်။




# ရုပ်ရှင်မင်းသားကြီး စတီဗင်ဆီးဂဲလ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက် စော်ကားမှုဖြင့် အစစ်ဆေးခံနေရ

လော့စ်အိန်ဂျလိစ်ရဲ ဌာနက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှုအတိ အခိုင်အမာ အတည်ပြုချက်နှစ်ခုရှိတဲ့အတွက် စတီဗင်ဆီးဂဲလ်ကို စစ်ဆေးလျက်ရှိပါတယ်။

“ကျွန်တော်တို့ အမှုဖွင့်ထားရပါတယ်” လို့ ရဲအရာရှိ နော်မာ အိုင်ဆန်မန် က USA TODAY သတင်းစာ ကို သောကြာနေ့ညမှာ အတည်ပြုခဲ့ပါတယ်။အခြား အချက်အလက်တွေကိုတော့ ချက်ချင်းမသိခဲ့ရပါဘူး။

ဆီးဂဲလ် နှောင့်ယှက်စော်ကားခဲ့တယ်လို့ အတည်တကျပြောခဲ့သူတွေကတော့ ဂျိမ်းစ်မက်ကာသီနှင့် ပေါ်ရှာဒီရိုစီတို့ပဲ ဖြစ်ပါတယ်။

Under Siege 2 ရုပ်ရှင်ဇာတ်ကား ရိုက်ဖို့အတွက် ၁၉၉၅ ခုနှစ် လူရွေးပွဲ တွင် ပရိုဂျူဆာနှင့် ဆီးဂဲလ်တို့နှစ်ဦးက မက်ကာသီကို အဝတ်ဗလာချွတ်ဖို့ ဖိအားပေးခဲ့တယ်လို့ ပြောပါတယ်။ “ဒီအပိုင်းမှာ အဝတ်ဗလာချွတ်ရမယ့် အခန်းပါတယ်လေ၊ ပြီးတော့ နင့်ရဲ့ ခန္ဓာကိုယ် ကဘယ်လို အချိုးအစားလဲဆိုတာ အင်္ကျီဝတ်ထားရင် မသိနိုင်တော့ဘူးလေ” လို့ မက်ကာသီက ဆီးဂဲလ်ပြောသကဲ့ သို့ စကားပြောဟန်ဖြင့် ထွက်ဆိုခဲ့ပါတယ်။

မက်ကာသီက သူမရဲ့အေးဂျင့်ပြောတော့ ဒီပရောဂျက်မှာ အဝတ်ဗလာခန်းတွေ မပါဘူးလို့ ပြောတဲ့အခါ ဆီးဂဲလ်က “ကင်မရာရှေ့မှာမဟုတ်တဲ့ အဝတ်ဗလာခန်းတွေ ပါတယ်” လို့ ပြန်လည် တုံ့ပြန်ပြီး မက်ကာသီရဲ့ရင်သားတွေကို မြင်ရအောင်လို့ အင်္ကျီကို အောက်ဆွဲချခိုင်းပါတယ်” လို့ မက်ကာသီက ဆိုပါတယ်။

မက်ကာသီက အဲ့ဒီလူရွေးခန်းထဲကနေ ထွက်လာခဲ့ တဲ့ အချိန် ဆီးဂဲလ်ကလည်း သူမနောက်ကို လိုက်လာပြီးတော့ ဘယ်သူ့ကိုမှ မပြောဖို့ သတိပေးခြိမ်းခြောက်ခဲ့ပါတယ်လို့လည်း ပြောခဲ့ပါတယ်။

ဆီးဂဲလ် က သီးသန့် လူရွေးပွဲပြုလုပ်နေစဉ်အတွင်းမှာ ဘောင်းဘီဇစ်ကို ချွတ်လိုက်ပါတယ်လို့ ဒီရော့ဆီက ထွက်ဆိုခဲ့ပြီး ဂျူလီယန်နာ မာဂယူလီစ်ကလည်း အဲလိုအဖြစ်အပျက်မျိုး သူမ ၂၃ နှစ် အရွယ်တုန်းက ဆီးဂဲလ်နဲ့ ကြုံဖူးတယ်လို့ ပြောပါတယ်။

“ကင်မရာရှေ့မှာ မဟုတ်တဲ့အချိန် ရင်းနှီးမှုရဖို့က ဘယ်လောက် အရေးကြီးလဲဆိုတာပြောရင်း ကျွန်မကို ထိုင်ခိုင်းလိုက်ပြီး သူ့ရဲ့ သားရေဘောင်းဘီကို ဇစ်ဖွင့်လိုက်တယ်” လို့ ဒီရော့ဆီ က တွစ်တာပေါ်တွင် ဖော်ပြခဲ့သည်။

“ကျွန်မ အမြန်ပြေးထွက်သွားပြီးတော့ အေးဂျင့်ကို သွားပြောပါတယ်၊ အေးဂျင့်က အေးဆေးပါပဲ မျက်နှာတောင်မပျက်ပါဘူး” လို့လည်း ဒီရော့ဆီက ထပ်မံပြောခဲ့ပါသေးတယ်။

# ချားလ်စ်မန်ဆန် လူသတ်မှု ရုပ်ရှင်ဇာတ်ကားတွင် လီယိုနာဒို သရုပ်ဆောင် မည်





ချားလ်စ်မန်ဆန် လူသတ်မှုအကြောင်း ရိုက်မယ့် ဇာတ်ကားမှာ လီယိုနာဒို ဒီကာပရီယို သရုပ်ဆောင်မည်ဟု ဟောလိဝုဒ် ကြော်ငြာဌာနများမှ သောကြာနေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန် အစွန်းရောက် ဂိုဏ်းအဖွဲ့ ခေါင်းဆောင် ချားလ်စ်မန်ဆန် နေရာက သရုပ်ဆောင်မှာတော့ မဟုတ်ပါ။

အော်စကာဆုရှင် ကွမ်တင်းတာရန်တီနို ထုတ်လုပ်ပြီး ကိုယ်တိုင် ရိုက်မယ့် နာမည်တော့ သေချာမသိရသေးတဲ့ ချားလ်စ်မန်ဆန် ဇာတ်ကားမှာ အသက်ကြီးကြီး၊ အလုပ်လုပ်လို့ မရတော့တဲ့ လူနေရာမှာ သရုပ်ဆောင်မယ်လို့ Variety နဲ့ Deadline ဝက်ဘ်ဆိုက်တို့မှ ပြောခဲ့ပါတယ်။

ဇာတ်ညွှန်းကိုတော့ မသိရသေးပေမယ့် လူတစ်ယောက်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို အဓိကထား ရိုက်မယ့် ဇာတ်ကားမျိုးမဟုတ်ဘဲ ၁၉၆၉ ခုနှစ် ရဲ့ နွေရာသီကာလီဖိုးနီးယားတောင်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မန်ဆန်နဲ့ သူ့ရဲ့ တပည့်တွေရဲ့ လူသတ်မှုအကြောင်းကိုအခြေပြုပြီးရိုက်ကူးမယ့် ကားဖြစ်တယ် လို့ ဒါရိုက်တာတာရန်တီနိုက ပြောပါတယ်။

အသက် ၈၀ အရွယ်မှာ သေဆုံးခဲ့တဲ့မန်ဆန်ဟာ မင်းသမီး ရှယ်ရွန်တိတ် အပါအဝင် လူကိုးဦးကို သတ်ခဲ့တဲ့ အမှုနဲ့ ထောင်တစ်သက်တစ်ကျွန်း ချခံခဲ့ရပါတယ်။

မင်းသမီးရှယ်ရွန်တိတ်နဲ့ သူငယ်ချင်းတစ်စုအသတ်ခံရပြီး နှစ် ၅၀ အကြာ ၂၀၁၉ ခုနှစ် ဩဂုတ်လကိုးရက်နေ့မှာဒီဇာတ်ကားကို ရုံတင်ပြသဖို့ Sony ကုမ္ပဏီမှ စဉ်းစားထားကြပါတယ်။

မာဂေါ့ရော်ဘီကို ရှယ်ရွန်တိတ် နေရာမှာသရုပ်ဆောင်ဖို့ ကမ်းလှမ်းထားပြီးတော့ တွမ်ခရုစ်၊ ဘရက်ပစ်နဲ့ အယ်လ်ပါချီနိုတို့ကိုလည်း ကမ်းလှမ်းထားတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်နေတယ်လို့ သိရပါတယ်။။ ■



# ဂျက်စတင်ဘီဘာရဲ့မျောက်ကလေး ဖွံ့ဖြိုးမှု နှေးလျက်ရှိ

၂၀၁၃ ခုနှစ်တုန်းက ဂျက်စတင်ဘီဘာထံမှ ဂျာမနီ အာဏာပိုင်တွေ သိမ်းခဲ့တဲ့ မယ်လီလို့ခေါ်တဲ့ မျောက်ကလေးဟာ ဘီဘာရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ဖွံ့ဖြိုးမှုနှေးတဲ့ လက္ခဏာတွေ ပြနေသေးတယ်လို့ ဂျာမနီ တိရစ္ဆာန်ရုံမှ ပြောပါတယ်။

“မယ်လီက ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်နေတတ်ပါတယ်၊ ဒါပေမဲ့ အခြားမျောက်တွေနဲ့ ဆက်သွယ်မှုရဖို့အတွက်တော့ အတော်လေး အခက်တွေ့နေပါတယ်” လို့ ဆီရန်ကတီတိရစ္ဆာန် ဥယျာဉ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုပါတယ်။

“ကပူချင်မျောက်စကားကိုပြောဖို့ သူပြဿနာနည်းနည်းတက်နေပါတယ်၊ လူတွေပြောစကားအတိုင်းလည်း လိုက်တုဖို့ ကြိုးစားနေတုန်းပါပဲ၊ ကပူချင်တွေ လုပ်နေကျမဟုတ်တဲ့ ထူးဆန်းတဲ့ အသံတွေကိုလည်း တစ်ခါတလေ လုပ်လေ့ရှိတယ်၊ အဲ့ဒါကြောင့် လူတွေလို စကားပြောဖို့ဆက်ကြိုးစားနေတယ်လို့ ကျွန်မတို့ ထင်တာပါ” လို့ အက်စတာနော့သ် က ဆိုပါတယ်။

“မယ်လီ ဒီလိုအခြေနေကိုရောက်လာဖို့ အချိန်အတန်ကြာယူခဲ့ရပါတယ်၊ ဘာလို့လဲဆိုတော့ သူ့အမေနဲ့ မိသားစုဆီကနေ အစောကြီး အခွဲခံခဲ့ရလို့ပါ၊ မယ်လီက မျောက်တစ်ကောင်လိုမျိုး လေ့ကျင့်နေထိုင်ခဲ့ရတာမဟုတ်ပါဘူး” လို့လည်း နော့သ်က ထပ်မံပြောခဲ့ပါသေးတယ်။

ဘီဘာက ကာကွယ်ဆေးမှတ်တမ်းနဲ့ ဝယ်ယူထားကြောင်း သက်သေတွေမပါပဲနဲ့ မျူးနစ်သွားတဲ့အချိန် ကိုယ်ပိုင်လေယာဉ်ပေါ်မှာ မယ်လီကို သယ်ဆောင်လာခဲ့တဲ့နောက်မှာ ဂျာမနီအခွန်ဌာနက မယ်လီကို တရားဝင်သိမ်းလိုက်တာဖြစ်ပါတယ်။ အဲ့ဒီအချိန်တုန်းက မယ်လီရဲ့ အသက် ၁၄ လပဲ ရှိပါသေးတယ်။

မယ်လီ့ကို ပြန်လည်ရယူဖို့အတွက် လိုအပ်တဲ့ အထောက်အထားတွေ သွားယူလိုက်ဦးမည်ဟု ဆိုကာ မယ်လီအား ထားခဲ့ပေမယ့် ဘီဘာက ပြန်လာမယူခဲ့ပါဘူး။ ထို့ကြောင့် အရာရှိများက မယ်လီကို မှောင်ခိုဈေးကွက်မှ ရခဲ့တာလို့ ကောက်ချက်ချခဲ့ပါတယ်။ ကာလီဖိုးနီးယားပြည်နယ်တွင် မျောက်အားအိမ်မွေးတိရစ္ဆာန်အဖြစ် မွေးခြင်းမှာ တရားမဝင်ပါဘူး။

၂၀၁၄ ခုနှစ်မှာတော့ ဆီရန်ဂတီ တိရစ္ဆာရုံ အစောင့် တစ်ဦးက “မယ်လီ ရောက်လာတာ သူငယ်ချင်းမရှိ၊ စိတ်လှုပ်ရှားနေပြီး တစ်ကောင်တည်း အထီးကျန်နေခဲ့ပါတယ်၊ အတော်လည်း ရှက်နေပါတယ်” လို့ ဆိုပါတယ်။ မျောက် နောက်တစ်ကောင် ထပ်မွေးဖို့ စိတ်ဝင်စားတယ်လို့ ၂၀၁၅ မှာ ဂျက်စတင်ဘီဘာက ပြောပါတယ်။ ■

# အချစ်ဆုံးသူငယ်ချင်း လီယမ်ဟမ်းစ်ဝေါ့သ်အား ချိုမြိန်တဲ့ မွေးနေ့ဆုတောင်း ပို့ပေးခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်

အသက် ၂၅နှစ်အရွယ် ရှိပြီဖြစ်တဲ့ အဆိုတော် မိုင်လီဆိုင်းရပ်စ်က ဟမ်းစ်ဝေါ့သ်ရဲ့ဇာတိဖြစ်တဲ့ ဩစတြေးလျကို အလည်သွားရင်း ဟမ်းစ်ဝေါ့သ်ကို မွေးနေ့ဆုတောင်းတွေ အင်စတာဂရမ်မှာ သောကြာနေ့ညက ပို့ပေးခဲ့ပါတယ်။

“တစ်ကမ္ဘာလုံးမှာ အချစ်ရဆုံးသော သူငယ်ချင်းအတွက် အပျော်ဆုံးမွေးနေ့ဖြစ်ပါစေ၊ I ? u” လို့စာရေးပြီး ၎င်းတို့နှစ်ယောက်ရဲ့ဓာတ်ပုံသုံးပုံကိုအင်စတာဂရမ်မှာ တင်ခဲ့တာ ဖြစ်ပါတယ်။ ဟမ်းစ်ဝေါ့သ်ရဲ့ ၂၈ နှစ်မြောက်မွေးနေ့ကို မိသားစုနှင့်အတူ မိုင်လီပါအပါအဝင် ကွင်းစ်လန်းဒ်ရှိ ဂိုးဒ်ကို့စ်မှာ ဆင်နွှဲခဲ့ပါတယ်။

မိုင်လီနဲ့ ဟမ်းစ်ဝေါ့သ်ဟာဆိုရင် ၂၀၀၉ တုန်းက နီကိုးလပ်စ်စပ့ါခ် ရိုက်ခဲ့တဲ့ အချစ်ဇာတ်လမ်း The Last Song ဇာတ်ကားမှာ စတွေ့ခဲ့ကြတဲ့ ချစ်သူနှစ်ဦး ဖြစ်ပါတယ်။






ပါမောက္ခ၏ လိင်ပိုင်းဆိုင်ရာ ထိပါးအမြတ်ထုတ်မှုသည် တက္ကသိုလ်၏ကျင့်ဝတ်ကိုလည်း ချိုးဖောက်သည်ဟုထုတ်ပြန်ထားသည်

# လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု ဆန့်ကျင်ရေး MeToo လှုပ်ရှားမှုတွင် စွပ်စွဲခံရသော တရုတ်ပါမောက္ခ အလုပ်ထုတ်ခံရ

**ဘေဂျင်း၊ ဇန်နဝါရီ ၁၃**

MeTooဟုခေါ်သောလိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် ကျောင်းသူ ဟောင်းတစ်ဦးကစွပ်စွဲ ဖော်ပြခဲ့ပြီးနောက် ပါမောက္ခတစ်ဦးကိုတရုတ်တက္ကသိုလ်ကထုတ်ပယ်လိုက်သည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

ကျောင်းသူများအား ပါမောက္ခချင်ရှိုဝူးကလိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခဲ့ခြင်းကို စုံစမ်းစစ်ဆေးခဲ့သည်ဟု ဘေဂျင်းရှိ ဘေဟန်းတက္ကသိုလ်က ပြောကြားသည်။

ကျောင်းသူဟောင်းလျိုရှီရှီကသူမ၏ ဖြစ်စဉ်ကို weibo လူမှုကွန်ရက်တွင် ဖြန့်ဝေခဲ့ရာမှ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်သည်။

ယခုအမေရိကတွင် နေထိုင်နေသူ လျိုရှီရှီကအနောက်နိုင်ငံများမှ MeToo လှုပ်ရှားမှုကြောင့် သူမများစွာရဲရင့်လာခဲ့သည်ဟုပြောကြားသည်။

လျိုရှီရှီက ပါမောက္ခချမ်းသည် လွန်ခဲ့သော ၁၃ နှစ်ကသူမအား ၎င်း၏ ညီမအိမ်သို့ ဖြားယောင်းခေါ်ဆောင်ကာ အဓမ္မကြံစည်ရန် ကြိုးစားခဲ့သော်လည်း သူမက ငိုယိုတောင်းပန်ခဲ့သောကြောင့် လက်လျှော့သွားခဲ့သည်ဟုပို့စ်တွင် ရေးသားထားသည်။

လျိုရှီရှီသည် ထိုကိစ္စကိုတက္ကသိုလ်သို့ တိုင်ကြားခြင်း၊ အွန်လိုင်းတွင် ဖြန့်ဝေခြင်း မပြုမီ ပါမောက္ခချမ်း၏ နှောင့်ယှက်ခြင်း ခံခဲ့ရသော အခြားအမျိုးသမီးများကို ဆက်သွယ်ကာ အသံဖိုင်များအပါအဝင် အထောက်အထားများကိုစုဆောင်းခဲ့သည်။

Weibo ကွန်ရက်တွင် တင်ထားသော သူမ၏ပို့စ်သည် တစ်ရက်အတွင်း ကြည့်ရှုသူ သုံးသန်းကျော်သွားခဲ့ပြီး တရုတ်နိုင်ငံမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများအကြောင်း ပြင်းပြင်းထန်ထန် ဆွေးနွေးငြင်းခုံမှုများကို အစပျိုးပေးခဲ့သည်။

ကြာသပတေးနေ့ ညပိုင်းတွင် ဘေဟန်းတက္ကသိုလ်ကပါမောက္ခချမ်းသည် တက္ကသိုလ်၏ ကျင့်ဝတ်သိက္ခာကိုဆိုးဆိုးဝါးဝါး ချိုးဖောက်ခဲ့ကြောင်းတွေ့ရှိရသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

မစ္စတာချမ်းကိုတက္ကသိုလ် ဒုတိယ အဓိပတိရာထူးမှ ထုတ်ပယ်လိုက်ပြီး စာသင်ကြားခွင့် အထောက်အထားများကိုလည်း ရုပ်သိမ်းလိုက်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ယခုဖြစ်ရပ်မှ သင်ခန်းစာယူသွားမည်ဟုလည်း တက္ကသိုလ်က ပြောကြားသည်။

လျိုရှီရှီ၏ပို့စ်သည် တရုတ်နိုင်ငံတွင် ပျံ့နှံ့သွားကာ လိင်နှောင့်ယှက်မှု တိုက်ဖျက်ရေးဆွေးနွေးမှုများ ဖြစ်ပေါ်လာစေခဲ့သော်လည်း တရုတ်လူမှုကွန်ရက်တွင် MeToo လှုပ်ရှားမှုသည် အခြားတိုင်းပြည်များလောက် ထင်ရှားမှု မရှိသေးဟု လေ့လာသူများကဆိုသည်။

ထိုသို့ဖြစ်ရခြင်းမှာလိင်နှောင့်ယှက်မှုကိုကိုင်တွယ်ရန် တိကျသောနည်းစနစ်များ မရှိခြင်း၊ နစ်နာသူအား အပြစ်ပုံချမည်ကို စိုးရိမ်ခြင်း၊ အင်တာနက် ဆင်ဆာဖြတ်ခြင်း၊ ထင်ရှားသောအမျိုးသမီးအရေးလှုပ်ရှားသူငါးဦးကို ၂၀၁၅ ခုနှစ်က ဖမ်းဆီးထိန်းသိမ်းခြင်း စသည်တို့ကြောင့်ဖြစ်သည်ဟု အမျိုးသမီးအရေး လှုပ်ရှားသူများက ထောက်ပြကြသည်။

■F-04




# မစ္စစပီလူသတ်မှု တရားခံ ကေသုံးလုံးခေါင်းဆောင် အဂ္ဂါရေးကီလန် ကွယ်လွန်

**ဂျက်ဆန်စီးတီး၊ ဇန်နဝါရီ ၁၃**

၁၉၆၀ ခုနှစ်များက အရပ်သား အခွင့်အရေးလှုပ်ရှားသူသုံးဦးကို သတ်ဖြတ်မှုကြောင့် ပြစ်ဒဏ်ကျခံနေရသူ Ku Klus Klan ကေသုံးလုံးဂိုဏ်းခေါင်းဆောင် အဂ္ဂါရေးကီလန် ကွယ်လွန်သွားပြီဟု BBC သတင်းတွင် ဖော်ပြထားသည်။

အဂ္ဂါရေးကီလန် ၉၂ နှစ်သည် ၁၉၆၄ ခုနှစ်က လူသတ်မှုများအပြီး နှစ် ၄၀ အကြာ ၂၀၀၅ ခုနှစ်တွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ထောင်ဒဏ်နှစ်ပေါင်း ၆၀ ကျခံနေရခြင်းဖြစ်သည်။

၁၉၆၀ ခုနှစ်များကအဆိုပါလှုပ်ရှားသူများပျောက်ဆုံးသွားကာ အသတ်ခံရမှုသည် တိုင်းပြည်ကို တုန်လှုပ်သွားစေခဲ့ပြီး အရပ်သားရပိုင်ခွင့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းမှုကိုအထောက်အကူ ဖြစ်စေခဲ့သည်။

၁၉၈၈ ခုနှစ်ကအော်စကာဆုရခဲ့သော Mississipi Burning ရုပ်ရှင်ကားသည် ထိုသုံးလောင်းပြိုင် လူသတ်မှုအပေါ် FBI ၏ စုံစမ်းစစ်ဆေးချက်များကိုအခြေခံကာ ဖြစ်ရပ်မှန်ဇာတ်လမ်းအဖြစ် ရေးသားရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အသတ်ခံရသူဂျိမ်းစ်ချာနီ၊ အင်ဒရူး ဂွတ်ဒ်မန်း၊ မိုက်ကယ်ဆွာနာတို့သည် အသက် နှစ်ဆယ်အရွယ်ဝန်းကျင် လူမျိုးတန်းတူညီမျှရေး ကွန်ဂရက်အဖွဲ့ဝင်များဖြစ်ကြပြီး တောင်ပိုင်းပြည်နယ်များရှိ လူမည်း မဲဆန္ဒရှင်များကိုမှတ်ပုံတင်ရန် ၁၉၆၄ နွေရာသီလွတ်မြောက်ရေးလှုပ်ရှားမှုကို လုပ်ဆောင်နေစဉ် အသတ်ခံရခြင်းဖြစ်သည်။

၎င်းတို့သည် အဂ္ဂါရေးကီလန်၏ တိုက်ခိုက်မှုကိုမခံရမီရဲများ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ၎င်းတို့သည် မစ္စစပီနီရှိုဘာကောင်တီတွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် ရဲများ၏ ဖမ်းဆီးခြင်းခံရပြီးနောက် ပြန်လွတ်မြောက်လာသည့်ညတွင် သတင်းရသွားသောအဂ္ဂါရေးကီလန်၏ ကေသုံးလုံးဂိုဏ်းက ချုံခိုတိုက်ခိုက်ကာပစ်သတ်ခဲ့ခြင်းဖြစ်သည်။

ထိုလူသတ်မှုကို တစ်နိုင်ငံလုံးက အာရုံစိုက်ခဲ့ကြခြင်းကြောင့် ထိုစဉ်ကရှေ့နေချုပ် ရောဘတ်ကနေဒီက စုံစမ်းစစ်ဆေးရန် FBI ကိုတာဝန်ပေးစေလွှတ်ခဲ့သည်။

ပျောက်ဆုံးနေသူသုံးဦးကို သီတင်းခြောက်ပတ်တိုင်တိုင် ရှာမတွေ့ခဲ့ဘဲ တောင်ယာတစ်ခုတွင် မြှုပ်နှံထားကြောင်း ပြည်သူတစ်ဦးက သတင်းပေးမှသာ အလောင်းများကိုတွေ့ရှိခဲ့သည်။

လူသတ်မှုတွင် ပတ်သက်သည်ဟု ယူဆရသော ခရိုင်ရဲမှူး အပါအဝင် သံသယရှိသူများစွာကို FBI က ဖမ်းဆီးခဲ့သည်။

တရားခံများအပေါ် စွဲဆိုချက်များကို မစ္စစပီတရားရုံးက ပယ်ချပစ်ရန် ကြိုးစားခဲ့သော်လည်း ပြည်နယ်ခုံရုံး၏ ဆုံးဖြတ်ချက်ကို အထက်ခုံရုံးက ပြန်လှန်ပြင်ဆင်ခဲ့သည်။

ထိုသို့ ဖက်ဒရယ် အာဏာပိုင်များက ကြားဝင်စွက်ဖက်ခဲ့ရပြီးနောက် ၁၉၆၇ တွင် လူဖြူတရားသူကြီးအဖွဲ့ကတရားခံ ၁၈ ဦးကို ရုံးတင်စစ်ဆေးခဲ့ရာ ၇ ဦးသာ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးတစ်ဦးမှ ထောင်ဒဏ် ၇ နှစ်ထက် ပိုမိုကျခံရခြင်းမရှိခဲ့ပေ။

ဘက်ပတစ်သင်းအုပ်ဆရာကီလန်ကို ဖက်ဒရယ်ရှေ့နေများက လူသတ်ရန် စီစဉ်ညွှန်ကြားမှုဖြင့် စွဲချက်တင်ခဲ့သော်လည်း တရားသူကြီးက သင်းအုပ်ဆရာတစ်ဦးကို အပြစ်မပေးနိုင်ဟု ပြောကြားခဲ့ပြီးနောက် ထိုအမှု အဆုံးသတ်သွားခဲ့သည်။

ထိုအမှုသည် နှစ်ပေါင်း ၄၀ တိုင်တိုင် တိမ်မြုပ်နေခဲ့သော်လည်း တရားခံ အဂ္ဂါရေးကီလန်သည် ၂၀၀၅ ခုနှစ်တွင် အမှုပြန်လည်စစ်ဆေးခြင်းကိုရင်ဆိုင်ခဲ့ရသည်။

■ F-04




လူမျိုးရေးမုန်းတီးမှုကြောင့် သတ်ဖြတ်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သူဖြစ်သည်




ရဟန်းမင်းကြီးကို ခြိမ်းခြောက်သောစာသားများလည်း တိုက်ခိုက်သူများက ချန်ထားရစ်သည်

# ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်၏ ခရီးစဉ်မတိုင်မီ ချီလီဘုရားကျောင်းများ တိုက်ခိုက်ခံရ

**ဆန်တီယာဂို၊ ဇန်နဝါရီ ၁၃**

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်၏ လာမည့်အပတ် ခရီးစဉ်မတိုင်မီ ချီလီနိုင်ငံရှိ ဘုရားကျောင်းများစွာ တိုက်ခိုက်ဖျက်ဆီးခြင်းခံရသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

မြို့တော် ဆန်တီယာဂိုတွင် မီးလောင်ဗုံးများကြောင့် ဘုရားကျောင်းသုံးခုပျက်စီးသွားခဲ့ပြီး နောက်တစ်ကြိမ်သည် ပုပ်ရဟန်းမင်းကြီးအတွက် ဖြစ်သည်ဟု သတိပေးသောစာများ ချန်ထားခဲ့သည်ကို တွေ့ရှိရသည်။

မြို့တော်၏တောင်ဘက်ရှိဘုရားကျောင်းတွင် ချထားခဲ့သောလက်ကမ်းစာရွက်တွင်မူ ပြည်တွင်းရှိမာပူချီနယ်မြေမှ လုပ်ရှားမှုကို ရည်ညွှန်းသည်ဟု ဖော်ပြထားသည်။

သမ္မတမစ်ချယ်ဘာချီလက်က ယင်းလုပ်ရပ်များသည် အလွန်ဆိုးဝါးသည်ဟု ပြောကြားလိုက်သည်။

"ဒီမိုကရေစီစနစ်မှာ ပြည်သူတွေဟာ ကိုယ့်ဆန္ဒကို ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ထုတ်ဖော်ပြောဆိုနိုင်ပါတယ်"ဟု သောကြာနေ့တွင် ရေဒီယိုအသံလွှင့်ဌာနမှတစ်ဆင့် သူမက ပြောကြားသည်။

မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုလည်း မဖော်ထုတ်နိုင်သေးဟု သိရှိရသည်။

ထိခိုက်ဒဏ်ရာရမှုမရှိသော တိုက်ခိုက်မှုများနှင့်ပတ်သက်၍ မည်သူ့ကိုမှ ဖမ်းဆီးခြင်းမရှိသေးပေ။ ထိုဖြစ်ရပ်အပေါ် ဗာတီကန်ကလည်း မှတ်ချက်ပေးခြင်း မပြုသေးပေ။

ပုပ်ဖရန့်စစ်သည် ရွှေ့ပြောင်းဒုက္ခသည်များနှင့် အကူအညီလိုအပ်နေသူများအပေါ် ကရုဏာထားရေးနှင့် ထောက်ပံ့ကူညီရေးကို ၎င်း၏ အဓိကမူအဖြစ် ချမှတ်ထားသူဖြစ်သည်။

အတိုက်ခိုက်ခံရသောဘုရားကျောင်းတစ်ခု၌ ချန်ထားရစ်သော လက်ကမ်းစာရွက်များတွင် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်၌ အသုံးပြုသောငွေများကိုဆင်းရဲနွမ်းပါးသူအပေါ် ကူညီရန် အသုံးပြုနိုင်လျှင် ပိုကောင်းသည်ဟု ရေးသားထားကြောင်း သိရှိရသည်။

ပုပ်ရဟန်းမင်းကြီးသည် အင်္ဂါနေ့တွင် ဆန်တီယာဂိုပန်းခြံ၌ ဆုတောင်းပွဲကျင်းပမည်ဖြစ်ပြီး ပရိသတ် ထောင်ပေါင်းများစွာ တက်ရောက်လိမ့်မည်ဟုမျှော်လင့်ရသည်။ ပုတ်ဖရန့်စစ်သည် ချီလီသို့ရောက်ရှိနေစဉ် မာပူချီဒေသ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ချီလီတောင်ပိုင်းရှိ ပုဂ္ဂလိကအိမ်ရာများနှင့် သစ်စိုက်ခင်းများသည် ၎င်းတို့၏ မြေယာများကို သဘာဝပတ်ဝန်းကျင်အရ ထိခိုက်ပျက်စီးစေပြီး ဒေသခံလူထုကို ဆင်းရဲနွမ်းပါးမှုနွံထဲတွင် နစ်မြုပ်စေသည်ဟု မာပူချီဒေသခေါင်းဆောင်များက ပြောကြားသည်။

လက်တင်အမေရိကမှ ပထမဆုံး ပုပ်ရဟန်းမင်းကြီး ဖြစ်လာသူ ပုပ်ဖရန့်စစ်သည် ချီလီနိုင်ငံပြီးလျှင် ပီရူးသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

■ F-04

# 'မသတီစရာမစင်တွင်းတိုင်းပြည်များ' ဆိုသောအသုံးအနှုန်းမျိုး မသုံးခဲ့ဟု ထရမ့် လှည့်ပတ်ငြင်းဆို

**ဝါရှင်တန်၊ ဇန်နဝါရီ ၁၂**

မသတီစရာ"မ စင်တွင်းတိုင်းပြည်များ (Shithole)" မှ ရွှေ့ပြောင်းအခြေချသူများကို လက်မခံသင့်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်မှာ လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းဖြစ်သည်ဟု ပြည်တွင်းနှင့် ကမ္ဘာတစ်ဝန်းမှ ဝေဖန်ခဲ့ကြပြီးနောက် ထရမ့်က လှည့်ပတ်ငြင်းဆိုခဲ့ကြောင်း Channel News Asia သတင်းဌာနက ဖော်ပြသည်။

လူဝင်မှုကြီးကြပ်ရေး မူဝါဒ ပြုပြင်ပြောင်းလဲရေးအတွက် အိမ်ဖြူတော်တွင် လွှတ်တော်အမတ်များနှင့် ဇန်နဝါရီလ ၁၁ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ် ထရမ့်က ယင်းသို့ရိုင်းစိုင်းသည့် ဗန်းစကားကိုသုံးနှုန်းခဲ့သည်ဟု စွပ်စွဲခံရခြင်းဖြစ်သည်။

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ထရမ့်က သူ့ထုံးစံအတိုင်းတွစ်တာမှ ပြန်လည်တုံ့ပြန်ခဲ့ရာတွင် ယင်းသို့သောအသုံးအနှုန်းမျိုး သူမသုံးခဲ့ဟု လှည့်ပတ်ငြင်းဆိုသွားခဲ့သည်။

"DACA အစည်းအဝေးမှာ ကျုပ်အသုံးအနှုန်းက ကြမ်းပါတယ်။ ဒါပေမဲ့ အဲဒီလိုအသုံးအနှုန်းတော့ မဟုတ်ခဲ့ဘူး" ဟု ထရမ့်က ဖြေရှင်းခဲ့သည်။

သို့သော်လည်း အစည်းအဝေးတက်ရောက်ခဲ့သည့် ဒီမိုကရက်တစ်ပါတီမှ အမတ် ဒစ်ခ် ဒါဘင်ကမူ ထရမ့်သည် ရုန့်ရင်းကြမ်းတမ်းပြီး လူမျိုးရေးခွဲခြားသော အသုံးအနှုန်းများသုံးခဲ့သည်ဟု ထပ်မံအတည်ပြုခဲ့သည်။

ရွှေ့ပြောင်းအခြေချသူများက ၎င်းတို့၏ မိသားစုဝင်များကို အမေရိကန်သို့ ခေါ်ယူခြင်းကိုကန့်သတ်ရန်၊ ဂရင်းကတ်ဗီဇာထီစနစ်ကို ကန့်သတ်ရန်၊ နယ်ခြားလုံခြုံရေးကို တိုးမြှင့်ရန် ဆိုသောရီပတ်ဘလီကန်တို့ဘက်က လိုလားသည့်အချက်များနှင့် အပြန်အလှန်အနေနှင့် Dreamers များဟုခေါ်သော တရားမဝင် ရောက်ရှိနေထိုင်နေသော လူငယ်လူရွယ်များကိုမူရင်းနိုင်ငံပြန်မပို့ဘဲ ဆက်လက်နေထိုင်ခွင့်ပြုရန် ဆိုသော ဒီမိုကရက်တို့ဘက်ကလိုလားသော အချက်ကိုအလဲအထပ်လုပ်ပြီး နှစ်ပါတီသဘောတူညီချက်တစ်ခုရရန် အိမ်ဖြူတော်တွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အာဖရိကနိုင်ငံများ၊ ဟေတီနှင့် အယ်လ်ဆာဗေးဒိုး နိုင်ငံတို့မှ ရွှေ့ပြောင်းအခြေချသူများကို ကာကွယ်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်အမတ်များက ဆွေးနွေးချိန်တွင် သမ္မတကအမေရိကန်အနေနှင့် မသတီစရာမစင်တွင်းတိုင်းပြည်များမှ ရွှေ့ပြောင်းသူများကိုလက်ခံမည့်အစား ချမ်းသာပြီးလူဖြူများသည့် နော်ဝေကဲ့သို့သောနိုင်ငံများမှ ရွှေ့ပြောင်းလာသူများကိုသာ လက်ခံရေးအဘယ့်ကြောင့် မဆောင်ရွက်နိုင်ရပါသနည်းဟု ထပ်တလဲလဲ မေးခွန်းထုတ်ခဲ့သည်ဟုဆိုသည်။

"ဟေတီသားတွေ ထပ်လိုသေးလို့လား" ဟု ထရမ့်က မေးခွန်းထုတ်ခဲ့သည်ဟု ဒါဘင်ကပြောကြားခဲ့သည်။ ယင်းနောက်တွင် အာဖရိကမှ ရွှေ့ပြောင်းများအရေးဆက်လက်ဆွေးနွေးကြရာ ထရမ့်က "မစင်တွင်းတိုင်းပြည်တွေ" ဆိုသောအသုံးအနှုန်းကို တစ်ခါမဟုတ်ဘဲ ထပ်တလဲလဲသုံးခဲ့သည်ဟု ဒါဘင်က အခိုင်အမာစွပ်စွဲခဲ့သည်။

ထရမ့်က တွစ်တာမှပြန်လည်ဖြေရှင်းချက်တွင်မူ အင်မတန်ဆင်းရဲပြီး အတိဒုက္ခရောက်နေသည့် ဟေတီပြည်သူများကို နှိမ်ချသည့် စကားမျိုး လုံးဝမပြောခဲ့ကြောင်း၊ ဒီမိုကရက်တို့က လုပ်ကြံလီဆယ်ခြင်းမျှသာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ဇန်နဝါရီလ ၁၂ ရက်နေ့က လူ ၂ သိန်းကျော် သေဆုံးခဲ့သောငလျင်ကြီးဒဏ်ခံခဲ့ရမှု ရှစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကျင်းပခဲ့သော ဟေတီအစိုးရကမူ ထရမ့်၏ လူမျိုးရေးခွဲခြားနှိမ်ချသော အသုံးအနှုန်းအတွက် ဒေါသထွက်ရသလို တုန်လှုပ်မိကြောင်း တရားဝင်တုံ့ပြန်ခဲ့သည်။

အဖွဲ့ဝင် ၅၅ နိုင်ငံပါ အာဖရိကသမဂ္ဂကလည်း ထရမ့်ဘက်က တရားဝင် တောင်းပန်ရန် တောင်းဆိုခဲ့ပြီး နာမည်တပ်အပြောခံရသည့် အယ်လ်ဆာဗေးဒိုးနိုင်ငံကလည်း လက်မခံနိုင်ဖွယ် ပြောဆိုမှုဟု ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့သည်။

■ F-03




# ကယ်လီဖိုးနီးယား ရွှံ့မြေပြိုမှု ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေ

**ဝါရှင်တန်၊ဇန်နဝါရီ ၁၂**

လူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့သော ကယ်လီဖိုးနီးယားရွှံ့မြေပြိုမှုတွင် ကျန်ရှိနေသော ပျောက်ဆုံးသူ ၅ ဦးကို ရှာဖွေရေးယာဉ်တိုးချဲ့ပြီး ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားခဲ့သည်။

ပျောက်ဆုံးနေသူအများအပြားကို ရှာဖွေတွေ့ရှိပြီဖြစ်သောကြောင့် ပျောက်ဆုံးစာရင်းမှ အနည်းငယ်မျှသာကျန်တော့ကြောင်း၊ ရေယာဉ်တိုးချဲ့ရှာဖွေသွားမည်ဖြစ်သော်လည်း ရွှံ့ထူထူအောက်တွင် အသက်ရှင်ကျန်ရစ်သူကို ပြန်တွေ့ရန်မှာမူအလွန်ခဲယဉ်းသွားပြီဖြစ်ကြောင်း ဆန်တာဘာဘရာရဲမှူးရုံးက ထုတ်ပြန်သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့ညတွင် လူ ၄၃ ဦးအထိ ပြန်ရှာတွေ့ခဲ့သည်ဟုဆိုသည်။ ဇန်နဝါရီလ ၉ ရက်နေ့ အရုဏ်မတက်မီတွင် မိုးသည်းထန်စွာရွာသွန်းပြီးရွှံ့မြေအကြီးအကျယ်ပြိုကျခဲ့သည်။

ရွှံ့များ၊ အမှိုက်သရိုက်များမှာ တောင်ကုန်းများအတိုင်း မျောလာခဲ့ပြီး ယခင်လကတောမီးလောင်ကျွမ်းမှုဒဏ် ခံထားရသော သစ်ပင်များ၊ ချုံပုတ်များကို တိုက်ချသွားခဲ့သည်။

"လက်တွေ့ကျကျပြောရင် ဒီဖြစ်စဉ်မှာ သေဆုံးသူတွေပဲ ပိုများများတွေ့ရဖို့ ရှိပါတော့တယ်"ဟု ဆန်တာဘာဘရာကောင်တီရဲမှူး ဘီလ်ဘရောင်းက ပြောကြားခဲ့သည်။

သို့သော်လည်း အံ့အားသင့်ဖွယ် အသက်ရှင်ကျန်ရစ်သူများ တွေ့ရန်လည်း မျှော်လင့်ထားသည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

■ F-03



ကယ်လီဖိုးနီးယားပြည်နယ် မွန်တီစီတိုတွင် ရွှံ့မြေပြိုသည့်နေရာ၌ အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးလုပ်သားများ ရှာဖွေနေကြစဉ်



# ဂျေးလ်ဘာကာ
## ( Jill Barker )

## “ထင်ရှားသူတို့ရဲ့ထောက်ခံချက်က အရေးကြီးတယ်”

ကနေဒါနိုင်ငံသူ ဂျေးလ် ဘာကာသည် လန်ဒန်မြို့ကြီးသို့ ရောက်လာပြီး ၁၀ နှစ်ခန့် ရှန်းကန်လှုပ်ရှားခဲ့ရသူဖြစ်သည်။ နောက်သူ့တွင် ကိုယ်ဝန်ရှိသည်။ ကလေးရသည့်အခါတွင် သားအတွက် အသုံးပြုသည့် သေးခံကိုကြည့်ပြီး စိတ်ကူးရမိသည်။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် အတွင်းခံ တီထွင်လျှင်ကောင်းမည်ဟု စိတ်ကူးရခြင်းဖြစ်သည်။

၁၉၉၉ ခုနှစ်ကစတင်ပြီး ကလေးအတွင်းခံပစ္စည်းများကို ထုတ်လုပ်သည့်အပြင် လန်ဒန်မြောက်ပိုင်းတွင် ကိုယ်ပိုင် ကလေးအသုံးအဆောင်ပစ္စည်းဆိုင်လေးတစ်ဆိုင်ကို ဖွင့်လှစ်လိုက်သည်။ ဆိုင်အမည်ကိုလည်း Green Baby ဟုပေးလိုက်သည်။

“ကျွန်မကတော့ ဆိုင်မှာ သားလေးနဲ့ထိုင်ပြီး ကြည်နူးနေရတာကို စိတ်ချမ်းသာတယ်။ ကလေးအောက်ခံတွေ ရောင်းနေရတဲ့အဲဒီအချိန်ဟာ ပျော်စရာအကောင်းဆုံး အချိန်တွေပဲ။ ဒါပေမဲ့ အဲဒီလို ထိုင်ပြီး ကြည်နူးနေရတာ သုံးရက်လောက်ပဲခံတယ်” ဟု သူကဆိုသည်။

သူက ဆိုင်မှာထိုင်ပြီး တစ်နေ့လုံး စိတ်ကူးယဉ်နေတတ်သည့် မိန်းမတော့မဟုတ်။ သူက သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမည့် Green ဆိုသည့်သဘောတရားကို အမြဲတမ်းတွေးနေသည်။ စွန့်ပစ်ပစ္စည်းတွေကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် သူ ဖန်တီးစီစဉ်နေသည်။

“လူတွေက သူတို့ကလေးတွေရဲ့ အတွင်းခံတွေဝယ်ဖို့ မိုင်ပေါင်းများစွာကနေတောင် လာကြတာတွေရှိတယ်။ ဒါကြောင့်ကျွန်မက အီးမေးလ်နဲ့မှာတာတွေကို ပို့နိုင်အောင် စတင်ပြီး စီစဉ်ရတော့တယ်။ တစ်နှစ်လောက်ကြာတော့ Website တစ်ခုဖွင့်ပြီးတော့ လုပ်ငန်းကို စတင်လည်ပတ်တယ်။ ခုတော့ ရောင်းစရာပစ္စည်းတွေက အများကြီးဖြစ်နေပါပြီ”ဟု ရှင်းပြသည်။

ဘာကာက “Green Baby” ဆိုသည့် သဘောတရားနှင့်ပတ်သက်ပြီး ရှင်းပြသည်။ သူအဘယ်ကြောင့် ထိုအမည်လေးကို ရွေးခဲ့ပြီး လုပ်ငန်းတွင် အရေးအပါဆုံးဖြစ်ခဲ့ရသည်ဆိုသည့် အကြောင်းဖြစ်သည်။

“ကျွန်မက နာမည်ပေးမယ်ဆိုတော့ ဘယ်သူမှ မသုံးသေးတဲ့နာမည်ကို စဉ်းစားရတယ်။ ဒါနဲ့ Green Baby ဆိုတာက စိတ်ကူးရတော့ မြန်မြန်မှတ်ပုံတင်ရတယ်။ ခုတော့ ကလေးအသုံးအဆောင်ပစ္စည်းရောင်းတဲ့ “Green” ဆိုတဲ့ အမည်နဲ့ ထုတ်တဲ့ပစ္စည်းတွေ အများကြီးဖြစ်နေပါပြီ။ Website မှာလည်း အဲဒီလို နာမည်တွေ အများကြီးပဲ။ ဒါပေမဲ့ ကျွန်မကတော့ အကောင်းဆုံး နာမည်တစ်ခုကို ရခဲ့တယ်လို့ထင်ပါတယ်”

သူ၏ ကလေးပစ္စည်းအရောင်းဆိုင်ကို ဆိုင်လေးဆိုင်အထိ လန်ဒန်တွင်ဖွင့်လှစ်နိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း သူ့ဖောက်သည်တွေက ၄၀ ရာခိုင်နှုန်းခန့် ရှိနေသည်။ သူအောင်မြင်ခဲ့ရသည့် အကြောင်းတရားတစ်ခုတွင် Green ဆိုသည့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသည်ဆိုသော လှုပ်ရှားလုပ်ဆောင်မှုများကလည်း ပါဝင်သည်။

“ဂျူလီ ရောဘတ်က ကျွန်မရဲ့ကလေးသုံး အောက်ခံပစ္စည်းကို ဝယ်သုံးတယ်။ သူကတစ်ဆင့် သူ့မိတ်ဆွေ ဂွင်းနက် ပါတရိုကို ညွှန်းတယ်။ သူတို့ကတစ်ဆင့် ကျွန်မရဲ့ ကလေးသုံး အောက်ခံပစ္စည်းအကြောင်းကို ထပ်ဆင့် သတင်းလွှင့်တယ်”

ဘာကာက နာမည်ကျော်များ၏ လူသတင်း လူချင်းဆောင်ပြီး သူ့ပစ္စည်းတွင်ကျယ်ခဲ့ပုံကို ပြောနေခြင်းဖြစ်သည်။ အခြားနာမည်ကြီး ဟယ်လီ ဘာရီကလည်း သူ့ကလေးအတွင်းခံကောင်းကြောင်း ထပ်ဆင့်သတင်းလွှင့်လိုက်ပြန်ရာ ပိုပြီး အရောင်းတွင်ကျယ်သွားရတော့သည်။

“ပြန်ပြီးတော့ နောက်ကြောင်းကိုပြန်ကြည့်လိုက်တော့ ကျွန်မဘဝမှာ ငွေချေးပြီးတော့ စွန့်စားခဲ့ရတာ အလုပ်ဖြစ်သွားပေလို့ပေါ့။ ခုတော့ ကျွန်မက ပေါင် ၃ သန်းလောက်ရှာနိုင်ခဲ့ပြီလေ” ဟု သူက နောက်ကြောင်းကို ပြန်ပြောပြသည်။

သူက ပထမ သူ့ကိုယ်ပိုင်ပစ္စည်းများကို Website တွင် ရောင်းနေရာမှ အခြားပစ္စည်းများကိုလည်း ရောင်းချရန် စိတ်ကူးရပုံနှင့် ပတ်သက်ပြီး -

“အွန်လိုင်းပေါ်ကနေ ကျွန်မပစ္စည်းတွေကို ရောင်းနေတာဖွံ့ဖြိုးလာပြီ။ လူတွေက ကျွန်မလုပ်တဲ့နည်းအတိုင်း ပုံတူတွေ လိုက်လုပ်ကြတယ်။ ဒါကြောင့် ကျွန်မမှာ ပြိုင်ဘက်တွေ များလာတယ်။ သူတို့ကိုလည်း ကျွန်မပစ္စည်းတွေ ယူရောင်းအောင် လုပ်ရတာ အချိန်အတော်လေးယူရတယ်”ဟုဆိုသည်။ သူက ပစ္စည်းများကို အပြန်အလှန်ဖလှယ်ကာ ရောင်းချခြင်းဖြင့် ဈေးကွက်ကို ချဲ့ထွင်နိုင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။

ဘာကာအတွက် အကြီးမားဆုံးသော ပြိုင်ဘက်တွေက ပေါ်လာသည်။ သူ့လို Green အမည်တပ်ပြီး ကလေးအတွင်းခံတွေ လိုက်ထုတ်လာသူတွေ များလာသည်။ အထူးသဖြင့် ဗြိတိန်ဆူပါမတ်ကက်ကြီးများတွင် Tesco ဆိုသည့် လုပ်ငန်းကလည်း လိုက်ပြိုင်ဆိုင်လာသည်။ ဘေကာကို တိုက်ခိုက်ရုံမက အွန်လိုင်းကပါ အပုပ်ချ စော်ကားမှုတွေ လုပ်လာခြင်းကိုပါ ခံခဲ့ရသည်။

“သူတို့ တိုက်ခိုက်တာတွေက ပြင်းထန်ပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ အဲဒါ ကျွန်မတို့ကို တိုက်ခိုက်တာလို့ မမြင်ဘူး။ ကျွန်မတို့က လူတွေကို ပိုပြီးတော့ သဘာဝပတ်ဝန်းကျင်ကို Green ဖြစ်အောင်လုပ်ဖို့ လိုအပ်လာပြီ လို့ပဲမြင်တယ်။ ကျွန်မကတော့ ကျွန်မထုတ်တဲ့ ပစ္စည်းကို Tesco က ကူညီပြီးတော့ ဖြန့်ပေးမယ်ဆိုရင် ဘယ်မှာပြဿနာရှိတော့မှာလဲလို့ပဲတွေးတယ်”

ယင်းသည် ဘာကာ၏ စီးပွားရေးအမြင်ဖြစ်သည်။ ရန်သူကို မတိုက်ခိုက်။ ရန်သူကို ပူးပေါင်းနိုင်ရန် ကြိုးစားခြင်းသည် သူ့စီးပွားတိုက်ကွက်ဖြစ်သည်။ သူက နိုဂုံးချုပ်ပြီး အဆုံးသတ်စေရေးထက် အစကို စဉ်းစားတတ်သူဖြစ်သည်။ နောက်ပိုင်း အကြံတူ ရန်သူဟု မစဉ်းစားဘဲ အကြံတူကို မိတ်ဆွေအဖြစ် ပူးပေါင်းအောင် ကြိုးစားရင်းက အခြားစီးပွားကွက်တစ်ခုကို ထူထောင်နိုင်ရန် ကြိုးစားသည်။ သူ့နောက်လုပ်ငန်းက ခွေးစာ ထုတ်လုပ်ခြင်းဖြစ်သည်။

“ရှင်တို့ တိရစ္ဆာန်မွေးတဲ့သူတွေ သူတို့ တိရစ္ဆာန်တွေအတွက် နှစ်တိုင်း ဘယ်လောက်သုံးနေကြသလဲဆိုတာ သိကြသလား”

ဂျေးလ်ဘာကာတစ်ယောက် ကလေးမှ ခွေးကို လိုင်းပြောင်းသွားသော်လည်း အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဘဝကို ဆက်လက်ခံယူနေဆဲဖြစ်သည်။ ■

# ပင်လယ်စာရောမွှေ

**ဒီတစ်ပတ်တော့ ပင်လယ်စာကြိုက်သူတွေအတွက် ပုစွန်၊ ကဏန်း၊ ခုံးယောင်းမ၊ ကင်းမွန်တွေကို ရောချက်ထားတဲ့ ပင်လယ်စာချက်နည်းလေးကို ပြောပြချင်တယ်။**

အရင်ဆုံး ပုစွန်တွေကိုအညစ်အကြေးသန့်စင် အပေါ်ကအခွံတွေကိုခွာပြီး အလယ် ကိုတော့ ဓားနဲ့ခွဲပေးပါ။ ကဏန်းကိုလည်း စားရအောင်လွယ်ကူအောင် လက်မတွေကို ထုပေးထားပါ။ ကင်းမွန်နဲ့ ခုံးယောင်းမတွေကို အညစ်အကြေး သန့်စင်ပေးထားပါ။ ပြီးရင်တော့ အညစ်အကြေးတွေသန့်စင်ထားတဲ့ ပုစွန်၊ ကဏန်း၊ ကင်းမွန်နဲ့ ခုံးယောင်းမတို့ကို အရသာအတွက် ဆား၊ အသားမှုန့် တစ်မျိုးမျိုး၊ နနွင်းမှုန့်တို့နဲ့ရောနယ်ပေးထားပါ။ ဒယ်အိုး တစ်လုံးထဲမှာ ရေ အနည်းငယ်ထည့်ပြီး ကင်းမွန်နဲ့ ခုံးယောင်းမတွေ ခပ်တင်းတင်းဖြစ်သွားအောင် အနည်းငယ်ပြုတ်ပေးပါ။ ပြုတ်ထားတဲ့ကင်းမွန်နဲ့ ခုံးယောင်းမတွေကို ကတ်ကြေးနဲ့ညှပ်ပေးထားပါ။ ပြီးရင်တော့ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ချင်းတို့ကို ပါးပါးလှီးပြီး ငရုတ်ဆုံထဲမှာ ထောင်းပေးထားပါ။ ခရမ်းချဉ်သီးနဲ့ နံနံပင်တို့ကို လှီးပေးထားပါ။ ဒယ်အိုး တစ်လုံးထဲမှာ ဆီထည့်၊ ဆီပူလာရင်တော့ ထောင်းထားတဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ချင်းတို့ကို ရောဆီသတ်ပေးပါ။ ဆီသတ်နံ့လေးမွှေးလာပြီဆိုရင်တော့ ခရမ်းချဉ်သီးကို ထပ်ထည့်ပြီး ချက်ပေးပါ။ ခရမ်းချဉ်သီးတွေလုံးဝကြေပြီး အနှစ်ဖြစ်သွားပြီဆိုတာနဲ့ ကဏန်းတွေကို ထပ်ချက်ပေးပါ။ ပြီးရင်ပြုတ်ထားတဲ့ ခုံးယောင်းမ၊ ကင်းမွန်နဲ့ ပုစွန်တို့ကို ထပ်ချက်ပေးပါ။ ရေအနည်းငယ်ထည့်ပြီး ချက်ပေးဖို့လိုပါတယ်။ ရေခန်းလာပြီဆိုရင်တော့ အပေါ်ကနေ နံနံပင်နဲ့ မဆလာတို့ကိုအုပ်ပေးလိုက်တာနဲ့ ကိုယ်တိုင်ချက်ထားတဲ့ ပင်လယ်စာရောမွှေလေးကို စားနိုင်ပါပြီ။

## ပါဝင်ပစ္စည်း

ကဏန်း၊ ပုစွန်၊ ခုံးယောင်းမ၊ ကင်းမွန်၊ ဆီ၊ ဆား၊ နနွင်းမှုန့်၊ အသားမှုန့် တစ်မျိုးမျိုး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ခရမ်းချဉ်သီး၊ မဆလာနဲ့ နံနံပင်တို့ပါဝင်ပါတယ်။



အောက်ဖော်ပြပါ အကြောင်းအရာများမှာ **National Geographic** က ထုတ်ဝေသည့် **Essential Visual History of The World** စာအုပ်ကို ဘာသာပြန်ဆို ဖော်ပြခြင်းဖြစ်သည်။ အပတ်စဉ် တနင်္ဂနွေနေ့တစ်ပတ်ခြား ပုံမှန်ဖော်ပြသွားမည်ဖြစ်သည်။

# ဥရောပ စက်မှုတော်လှန်ရေး



၁၉ ရာစု စက်ရုံ



၁၉ ရာစု မီးရထား

## ၁၇၅၀-၁၈၄၈

နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့် တိုးတက်မှုများသည် အလုပ်အကိုင် လုပ်ဆောင်မှုပုံစံကို တော်လှန်ပြောင်းလဲလိုက်ပြီး ဦးစွာသော လူမှုအပြောင်းအလဲဆီသို့ ဦးတည်စေခဲ့သည်။ ပဒေသရာဇ်စနစ်၏ အကြွင်းအကျန်များသည် အရင်းရှင်စနစ်ကို လက်မြှောက်အရှုံးပေးခဲ့ရသည်။ စနစ်ဟောင်းကို ဖက်တွယ်ရန် သွေးရှူးသွေးတန်းကြိုးပမ်းခဲ့ကြသည့် ရှင်ဘုရင်များ၊ မြေပိုင်ရှင်ကြီးများ၏ လုပ်ဆောင်ချက်ကြောင်း မြို့ပေါ်ရှိ လစ်ဘရယ်ဘူဇွာများသည် ဒီမိုကရေစီဘက် တိမ်းညွှတ်လာကြသည်။ ထို့မှတစ်ဆင့် အစွန်းရောက် သဘောရှိသူများသည် ၁၉ ရာစု တော်လှန်ရေးများထံသို့ ဦးတည်သွားသလို ပစ္စည်းမဲ့များ စုဖွဲ့မှု တိုးပွားလာသလို ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒအပေါ် စာနာမှုလည်း အားကောင်းလာသည်။ ပိုမိုတိုးတက်လာသည့် စက်မှုမြို့ပြများတွင် လူများစု ဆင်းရဲမွဲတေနေခြင်းကြောင့် လူမှုဖူလုံရေးစနစ်များကို ကျင့်သုံးလာရသည်။

## ဘီဒါမီယာ ကာလ

ဘူဇွာများသည် အာဏာပိုင်များအပေါ် သစ္စာရှိသူများဖြစ်ပြီး ကျေးလက်ဒေသရှိသက်သောင့် သက်သာရှိမှုကိုလည်း တောင့်တနေသူများဖြစ်သည်။ ထို့အပြင် ၁၉ ရာစုတွင်း ပြောင်းလဲမှုများကို သံသယဝင်နေသူများဖြစ်ကာ တဖြည်းဖြည်း နိုင်ငံရေးသဘောပိုဆောင်လာသည့် အလုပ်သမားလူတန်းစားနှင့်လည်း ခပ်ကင်းကင်းနေခဲ့ကြသည်။ ပညာတတ်လူတန်းစားများကမူ အစဉ်အလာတန်ဖိုးများနှင့် ဓလေ့များကို ထိန်းသိမ်းသူများဖြစ်သည်ဟု မိမိကိုယ်ကိုယ် ခံယူထားသူများဖြစ်သည်။



ကျေးလက်ဒေသရှိ သက်သောင့်သက်သာရှိမှုကို ဘူဇွာများ တောင့်တလျက်ရှိသည်

## ကားမတ်ခ် - လွတ်မြောက်မှုနှင့် တော်လှန်ရေး သီအိုရီရှင်

ဆိုရှယ်လစ်ဝါဒကို ရိုမန့်တစ်စိတ်ကူးယဉ်ပုံစံမှ သိပ္ပံနည်းကျ ပုံစံသို့ ပြောင်းလဲရန် ကားမတ်ခ်နှင့် ဖရက်ဒရစ်အန်ဂယ်လ်တို့လိုလားခဲ့ကြသည်။ ၎င်းတို့၏ သီအိုရီအရ လူမှုအခြေအနေများသည် လားရာတစ်ခုအတိုင်း ဖြစ်ပေါ်တိုးတက်လာပြီး အခြေအနေတစ်ခုအရောက်တွင် ရုတ်တရက် ပုံစံပြောင်းလဲသွားသည်ဟု ဆိုသည်။ အရင်းရှင်စနစ်သည် စက်မှုလုပ်ငန်းရှင် အနည်းငယ်ကိုသာ ချမ်းသာစေပြီး တဖြည်းဖြည်းတိုးပွားလာလျက်ရှိသည့် မြို့ပြ အလုပ်သမား လူတန်းစား၏ ဆင်းရဲမှုကိုသာ ဆိုးရွားစေသည်ဟု ၎င်းတို့ယုံကြည်ထားသည်။ အလုပ်သမားလူတန်းစားအာဏာကို ရယူပြီးသည့်အချိန် ဘူဇွာများ၏ စည်းမျဉ်းများကို ဆုတ်ဖြဲပြီးသည့်အချိန် အကျိုးအမြတ်ခံစားမှုတွင် ကုန်ထုတ်လုပ်သူများပါပါဝင်နိုင်သည့် ကုန်ထုတ်လုပ်ရေး နည်းလမ်းများကို ပြည်သူပိုင်လုပ်ဆောင်ပြီးချိန်တွင်မှ လူနည်းစုဇိမ်ခံရေးအတွက်မဟုတ်ဘဲ လူများစုလိုအပ်မှုကို အကောင်အထည်ဖော်ပေးမည့် လွတ်လပ်သော ဆိုရှယ်လစ် သို့မဟုတ် ကွန်မြူနစ် လူ့အဖွဲ့အစည်း ပေါ်ပေါက်လာလိမ့်မည်ဟု သူတို့ယုံကြည်ထားသည်။



ကားမတ်ခ်



မိုင်းတွင်းတွင် လုပ်ကိုင်နေရသည့် ကလေးငယ်များ

## လူထု၏ အတိဒုက္ခ

ကလေးငယ်များပင် ရွေးခြယ်စရာမရှိဘဲ လွန်စွာ လူသားမဆန်သည့် အခြေအနေတွင် ရှိသည့် မိုင်းတွင်းများတွင် တစ်ရက်လျှင် ၁၀ နာရီထိ အလုပ်လုပ်နေရသလို ရက်ကန်းရက်သူများအဖြစ်လည်း လုပ်ဆောင်နေရသည်။ မိုင်းတွင်းများရှိ ကပ်ဘေးဆိုက်လောက်သည့် အခြေအနေများကို လူသိရှင်ကြား တစ်ခါတစ်ရံ ဖော်ထုတ်လာကြသော်လည်း ပြုပြင်ပြောင်းလဲရေးကို အထူးသဖြင့် အင်္ဂလန်တွင် လုံးဝ လုပ်ဆောင်ခြင်းမရှိ သို့မဟုတ် မဖြစ်သာ၍သာ လုပ်ဆောင်ခဲ့ကြသည်။ ယင်းဆိုးရွားသည့် အခြေအနေပေါ် ဆန့်ကျင် ဆန္ဒပြမှုများကိုလည်း အကြမ်းဖက် ဖိနှိပ်ခဲ့သည်။ ဖရက်ဒရစ်အန်ဂယ်လ်စ်၏ အံ့သြဖွယ်လုပ်ဆောင်ချက်ဖြစ်သည့် ၁၈၄၅ ခုနစ်တွင် ထုတ်ဝေခဲ့သည့် အင်္ဂလန်ရှိ အလုပ်သမားလူတန်းစား အခြေအနေ ရေးသားချက်သည် အင်္ဂလိပ် အခြေအနေကို ဥရောပတိုက်တစ်ဝန်း သိရှိအောင် လုပ်ဆောင်ပေးခဲ့သည်။

## အချိန်ပြမျဉ်း

- ၁၇၆၄- ဗိုင်းငင်စက်ကို ဂျိန်းဟာဂရီဗတ် တီထွင်
- ၁၇၈၄- ရေနွေးငွေ့အင်ဂျင်ကို ဂျိန်းဝပ် တီထွင်
- ၁၇၈၅-စက်မှုတော်လှန်ရေး၏အစ
- ၁၇၈၆- မန်ချက်စတာတွင် ပထမဆုံး စက်ရုံတည်
- ၁၇၉၆- ဂျာမနီတွင် ပထမဆုံး သံရည်ကျိုဖိုတည်
- ၁၈၂၂- အလိုအလျောက် ရက်ကန်းစင် တီထွင်
- ၁၈၃၀- အင်္ဂလန်တွင် ပထမဆုံးရထားလမ်း ဖွင့်လှစ်၊ ပြင်သစ်တွင် မတ်တော်လှန်ရေး
- ၁၈၃၄- ဂျာမန်အခွန်သမဂ္ဂ ထူထောင်
- ၁၈၃၇- ပထမဆုံးသော အချက်ပြကြေးနန်း ထုတ်လွှင့်။ ဩဂုတ် ဘောဆစ်သည် ဘာလင်တွင် မီးရထားစက်ရုံတည်
- ၁၈၄၄- ရှယ်ဆင်တွင် ရက်ကန်းရက်သူများ အုံကြွ
- ၁၈၄၈- ဂျာမနီ၊ ဩစတြေးလျနှင့် ပြင်သစ်တွင် တော်လှန်ရေးဖြစ်။ ကွန်မြူနစ်ကြေညာစာတမ်းကို မတ်ခ်နှင့် အိန်ဂျယ် ရေးသား

# လူငယ်နှင့် ယုံကြည်မှု

**ကိုယ့်** ကိုယ်ကိုယ် ယုံကြည်မှုရှိရန်လိုအပ်သည်။ လူငယ်အများစုတွင် ယုံကြည်မှုနည်းခြင်းကြောင့် ဆုံးဖြတ်မှုခက်ခဲခြင်း၊ လုပ်ဆောင်ရန် ရှေ့မတိုးဝံ့ခြင်းများ နှင့်ကြုံတွေ့ရတတ်ပါသည်။ ယုံကြည်မှုသည် သူ့အဆင့်နှင့်သူ ရှိပါသည်။ အဆင့်နိမ့်ကျလျှင် အလုပ်ခက်တတ်သည်။ ယုံကြည်မှုအဆင့်ကို မြှင့်တင်နိုင်ပါသည်။ မြှင့်တင်ရန်အတွက် ပြောင်းလဲမှုများကို ပြုလုပ်နိုင်ရမည်။ မည်သို့ပြုပြင်ပြောင်းလဲကြမည်နည်း။

### ၁။ မည်သည့်အခါမှ မနိမ့်ချလိုက်ပါနှင့်

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းလာသူသည် ငါလုပ်နိုင်သည်၊ ငါတတ်နိုင်သည်၊ ငါစွမ်းဆောင်နိုင်သည်ဆိုသော စိတ်ဓာတ်များ အလိုလို လျော့နည်းလာတတ်သည်။ ငါအလကားဟုထင်လိုက်လျှင်အလကားကောင် ဖြစ်သွားတတ်သည်။

### ၂။ နေရာတကာ လိုက်မတောင်းပန်ပါနှင့်

ကိုယ့်ကိုယ်ကိုယ် မာန်ချ၊ မှားသည်ဟုထင်ပြီး လူတိုင်းကို လိုက်တောင်းပန်နေစရာ မလိုပါ။ သင်သည် မသေမချင်း တန်ဖိုးရှိသူတစ်ဦးဖြစ်ပါသည်။ လူတိုင်းတွင် အားနည်းချက်ရှိသလို အားသာချက်ရှိပါသည်။ သင့်တွင် မလုပ်နိုင်သေး၊ မဖြစ်သေးသည်သာရှိသည်။ မလုပ်နိုင်၊ မဖြစ်နိုင်ဟူ၍ မရှိကြောင်း သိထားစေလိုသည်။

### ၃။ ဆုံးဖြတ်ချက်မှာ မတွေဝေပါနှင့်

ထင်တာပဲဆိုသည့် စကားကို ဘယ်တော့မှမသုံးပါနှင့်။ ဖြစ်မှာပါ ဟူ၍လည်း မပြောပါနှင့်။ ဟုတ်သည်၊ ဖြစ်မည်၊ ရမည်ဆိုသည့် ပြတ်သားသော ဆုံးဖြတ်ချက်များနှင့်သာ ရင်ဆိုင်ပါ။ မဖြစ်နိုင်လျှင်လည်း ဖြစ်မယ်ထင်တာပဲ ဆိုသည့်စကားကို မသုံးမိပါစေနှင့်။ မဖြစ်ဘူးဟုသာ ပြတ်ပြတ်ပြောကာ ငြင်းဆိုနိုင်အောင် ကြိုးစားလိုက်ပါ။

### ၄။ မလုပ်နိုင်ဘူး မပြောပါနှင့်

တာဝန်ပေးလျှင် မလုပ်နိုင်ဟု မငြင်းမိအောင် ကြိုးစားပါ။ လုပ်မယ်၊ ကြိုးစားမယ်ဟူ၍ တာဝန်ယူတတ်စေရန် ကြိုးစားပါ။

### ၅။ အချိန်မဆွဲပါနှင့်

မနားပါနှင့် ဆက်လုပ်နေပါ။ နည်းနည်းလေး တစ်လှမ်းက စတင်ပါ။ မလုပ်နိုင်ဟု ထင်ထားခြင်းထက် တစ်လှမ်းကစလိုက်ပြီး ရှေ့ဆက်ကြည့်ပါ။ ဆုံးဖြတ်ချက်ခိုင်ခိုင်ချပြီး ရှေ့ဆက်လိုက်ပါ။ သင့်တွင် နှောင့်နှေးစရာ အချိန်မရှိပါ။

### ၆။ အဆိုးမမြင်ပါနှင့်

အကောင်းမြင်စိတ်ထား အစဉ်မွေးထားပါ။ ဘာလုပ်ရမည်ကို အစဉ်လိုက်ချရေးထားပါ။ အဆိုးမြင်ပြီး မဖြစ်နိုင်ဟု ထင်ထားသည့်အချက်များကို ဖျက်လိုက်ပါ။

### ၇။ တာဝန်ယူရန် ခေါင်းမရှောင်ပါနှင့်

ဘာခိုင်းမလဲဟု နားစွင့်ထားပါ။ တာဝန်ပေးလာလျှင် ခေါင်းမရှောင်ပါနှင့်။ တာဝန်ယူကာ လုပ်ဆောင်ပေးမည်ဆိုသည့် စိတ်ဓာတ်က စိန်ခေါ်မှုများကို ဖြစ်စေပါသည်။ စိန်ခေါ်မှုတိုင်းကို မဖြစ် ဖြစ်အောင် လုပ်နိုင်လေ အသိအမှတ်ပြုခြင်း ခံရလေဖြစ်သည်။

### ၈။ စိတ်ကူးမယဉ်ဘဲ မနေပါနှင့်

ကိုယ်ဘာဖြစ်ချင်သည်၊ ဘာလုပ်ချင်သည်ဆိုခြင်းကို စိတ်ကူးယဉ်ထားသင့်ပါသည်။ စိတ်ကူးနှင့် လက်တွေ့ တစ်ထပ်တည်း ကျချင်မှကျသည်ဆိုကာ မတွေးဘဲ မနေပါနှင့်။ အတွေးဖြင့် တည်ဆောက်ပြီး လက်တွေ့အကောင်အထည်ပေါ်အောင် ကြိုးစားကြည့်ပါ။

### ၉။ ပန်းတိုင် မပျောက်ပါစေနှင့်

ပန်းတိုင်သည် လူတိုင်းတွင် မရှိမဖြစ် အရေးကြီးပါသည်။ စိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်။ စိတ်ကူးသည် ပန်းတိုင်ဖြစ်လျှင် ပန်းတိုင်သို့ရောက်အောင်သွားရန် အရေးကြီးသည်။ ပန်းတိုင်ကို မည်သည့်လမ်းက သွားမည်နည်း၊ ဘာနှင့်သွားမည်နည်း။ ဘယ်လိုသွားမည်နည်း။ ဘယ်အချိန်ရောက်ရမည်နည်း သတ်မှတ်ထားရန်တော့ လိုပါလိမ့်မည်။

### ၁၀။ ဇာတ်ကရန် မမေ့ပါနှင့်

လူ့ဘဝကြီးသည် ဇာတ်ခုံကြီးတစ်ခုသာ ဖြစ်သည်။ လူထဲတွင် လူလိုကျင့်ပြီး လူလိုနေထိုင်ဆက်ဆံပြောဆိုနိုင်လျှင် အောင်မြင်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ဇာတ်ကနေသူတစ်ဦးလို သဘောထားလိုက်ပါ။ ကောင်းကောင်းဝတ်ပါ။ သူများမျက်စိကျအောင်နေပါ။ အထင်သေးအောင် မနေပါနှင့်။ စကားကို ချိုသာစွာ နားခံသာအောင် ပြောပါ။ လက်ဆွဲနှုတ်ဆက်ပါ။ အပြောအဆို အနေအထိုင် အပြုအမူအားလုံး လူကြီးလူကောင်းဆန်ဆန် နေနိုင်အောင်ကြိုးစားပါ။

ယုံကြည်မှုဆိုသည်မှာ တည်ဆောက်ယူနိုင်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်လိုသူသည် ငါဟာ အလကားကောင်ဟုထင်နေသမျှ ရှေ့တစ်ဆင့်တက်လှမ်းရန် ခက်ပါလိမ့်မည်။

■ E01



Udemy

အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၇

Lamin Store
No.2/9, Lanmadaw Road, Lewe.

နေပြည်တော်

ရွှေနဂါး (ဆေးဆိုင်)

တောင်တွင်းကြီး
(ဆီစက်)

ဝင်း

အောင်နိုင်သူ

MYINT MHO SAN

ရန်ကုန်ဆရာချစ်တပည့် ကိုကျော်မင်းနိုင်

ရွှေဂုံတိုင်

ရွှေရွက်ဝါ (ဒံပေါက်)

GTO
Total Car Care

နေလဝန်း

MOON LIGHT

ရွှေစင်မင်း

သံတော်ဦး
15 KW မှ 100 KW

မိုးကောင်းကင်

ကိုမောင်မောင်တင်နှင့်ညီများ

ရွှေစေတီ

ဖမ္မာအောင်

အောင်သိန်းထိုက်

ရွှေမိုးဦး

SPIRITS

ကိုမျိုးသန့်နှင့်ညီများ

အောင်ကိုလတ်

ဦးကျော်နှင့်သား

ဝေလျှံမိုး
(Beauty Saloon)

Pin Ma Weikzar
No. 362, 1st flr, Shwe Bon Tha St, Up, Pabedan.

ဝယ်လိုသည်
C52A နှင့် FL12 ထယ်ရိုက်ကိုင်စက် ဝယ်လိုသည်။
(ရန်ကုန်တိုင်းအတွင်း)

Myanmar Home Artist
(Interior Design & Home Decoration)

မိုးအာကာ


YBS
TAXI


ပါပါကြီး








မနှစ်က စိုးပြေ မင်္ဂလာဆောင်တယ်။

အခုဆို သူများမင်္ဂလာဆောင်တွေကြည့်ပြီး နောင်တရမိတယ်။ တကယ်တော့ မင်္ဂလာဆောင်တယ်ဆိုတာ အချိန်ကောင်းလိုတယ် မဟုတ်လား။ စိုးပြေကတော့ အချိန်သိပ်မကောင်းချိန်မှာဆောင်လိုက်တော့ သိပ်မခမ်းနားလိုက်ဘူး။

အခုဆို သူများတွေ မင်္ဂလာဆောင်တာကြည့်ပြီး အားကျမိတယ်။ NLD ပါတီက ဦးဝင်းထိန်ရဲ့ သားမင်္ဂလာဆောင်ပေါ့။ နိုင်ငံတော်မင်္ဂလာဆောင်လို့တောင် ပြောလို့ရတယ်။ အစိုးရအကြီးအကဲ စုံစုံလင်လင် တက်ကြတာ။

မနာလိုတဲ့လူတွေကတော့ အပြစ်တွေ ပြောကြတာပေါ့လေ။ ပြည်သူတွေ ဆင်းရဲနေချိန်မှာ ဒီလိုမင်္ဂလာဆောင်တွေ မလုပ်သင့်ဘူး။ အစိုးရလူကြီးတွေက တိုင်းပြည်အလုပ်မလုပ်ဘဲ မင်္ဂလာဆောင်တွေပတ်တက်နေရလား။ မင်္ဂလာဆောင်ကို ဖရီးလုပ်ပေးတဲ့လူတွေကို ဘာလုပ်ပိုင်ခွင့်တွေ ပြန်ပေးရမှာလဲ...။ ဘာညာ စုံလို့ပါပဲ။

စိုးပြေကတော့ မပြောပါဘူး။

စိုးပြေ့အဖေမှာ အာဏာရှိရင် စိုးပြေလည်း အဲ့လိုပွဲလုပ်မှာပဲလေ။ အကုန်လုံး အလကားသာရလို့ကတော့ ဒီထက်တောင် ခမ်းနားအောင် လုပ်ပစ်လိုက်ဦးမယ်။ ဒါပေမဲ့ စိုးပြေ့အဖေက သေပြီ။ ဒီတော့ အဖေ့ကို အားကိုးလို့မရတော့ဘူး။ အမေတော့ ရှိသေးတယ်။

အမေ့ကို ပါတီထောင်ခိုင်းပြီး အာဏာရှိအောင်လုပ်ခိုင်းရမယ်။ ဒါပေမဲ့ အမေကလည်း အသက်ကြီးပြီ။ လုပ်ပါတော့မလား မသိဘူး။ ကိုယ့်ဟာကိုယ်လည်း မလုပ်ချင်ဘူး။ ပျင်းတယ်။

အာဏာရအောင်လုပ်ရတာ တယ်ခက်တာ မဟုတ်လား။ နယ်တကာလှည့်ပြီး စကားပတ်ပြောရတယ်။ အာဏာရပြီးမှ လှည့်မကြည့်ချင် မကြည့်နဲ့...။ အာဏာမရခင်လေးတော့ လျှောက်သွားပြီး ပေါက်ကရတွေ လျှောက်ပြောနေရတာပဲ။

အမေ့ကို အဲ့လိုမျိုးလည်း နယ်တကာလှည့်ပြီးလေ လျှောက်မလိမ်ခိုင်းချင်ပါဘူး။ ဒီတော့ ပျင်းပေမယ့်လည်း စိုးပြေဘာသာပဲ အာဏာရအောင်လုပ်တာ ကောင်းမယ်ထင်တယ်။ ဘယ်လိုအာဏာရအောင် လုပ်မယ်ဆိုတာတော့ မပြောပြဘူး။ ဒါလျှို့ဝှက်ချက်ပဲ။ သူများတွေသိကုန်ပြီး လိုက်လုပ်လို့ စိုးပြေ အာဏာမရဘဲဖြစ်သွားဦးမယ်။

စိုးပြေသာ အာဏာရရင် မင်္ဂလာဆောင်တွေ ခဏခဏလုပ်မယ်။ စိုးပြေ့သားသမီးတွေကလည်း အာဏာရှိတုန်း မင်္ဂလာဆောင်ပေးမယ်။ ဒါမှ စည်စည်ကားကား ခမ်းခမ်းနားနားနဲ့ အလကားခုံးဆင်းလို့ ရမှာမဟုတ်လား။ အာဏာမရှိရင် ဘယ်သူမှ လှည့်ကြည့်မှာမဟုတ်။

ပြီးတော့ စိုးပြေလည်း မင်္ဂလာပြန်ဆောင်မယ်။ အာဏာရှိပြီဆိုတော့ စိုးပြေ့ မင်္ဂလာဆောင်ကတော့ လူစည်မှာပဲ။ ဝန်ကြီးချုပ်တိုင်းကို မင်္ဂလာဆောင်ဖိတ်မယ်။ ခရိုနီတွေ ခရိုပြာတွေ တိုက်ကွန်းတွေကိုလည်း မချန်ဘူး။ ရပ်ကွက်ထဲက အပေါင်ဆိုင် တရုတ်ကြီးကိုလည်း ဖိတ်မှာပဲ။ အဓိကကတော့ လက်ဖွဲ့များများပေးနိုင်သူတွေကို ဖိတ်မှာပေါ့။

အဲ့လို အာဏာရှိပြီဆိုရင်ဖြင့် မင်္ဂလာဆောင်ကို တစ်လ တစ်ခါလုပ်မယ်။ မင်္ဂလာဆောင်ကို တစ်လ တစ်ခါ လုပ်မယ်ဆိုလို့ မော်ဒယ်လ်တွေ တစ်ယောက်ပြီး တစ်ယောက် ယူမယ်လို့ မထင်နဲ့။ မနှစ်တုန်းက မင်္ဂလာဆောင်ထားတဲ့ စိုးပြေမိန်းမနဲ့ပဲ မင်္ဂလာပြန်ဆောင်မှာ။ နို့မို့ မိန်းမက သတ်လိမ့်မယ်။ ဒီကြားထဲမှာလည်း စိုးပြေ့အမျိုးတွေရဲ့ မင်္ဂလာဆောင်တွေကို လုပ်ဦးမယ်။

ပြည်သူတွေကတော့ စိုးပြေ့ မင်္ဂလာဆောင်ကြည့်ပြီး တော်တော်ပျော်နေကြမယ်ထင်တယ်။ တီဗီရုပ်သံတွေမှာလည်း တိုက်ရိုက်ပြခိုင်းမယ်။ အဲ့တော့ ပြည်သူတွေလည်း စိုးပြေ့မင်္ဂလာဆောင်ကို တစ်လ တစ်ခါ မြင်ရမယ်။ ပြီးတော့ ရုပ်သံမှာလည်း ကြော်ငြာတွေထိုးဦးမယ်။ ကြော်ငြာခကတော့ ဈေးကြီးမှာပဲ။

ဘာလို့လဲဆိုတော့ အာဏာရှိသူကြီး စိုးပြေရဲ့မင်္ဂလာဆောင်ဆိုတော့ လူတိုင်းက စိတ်ဝင်စားပြီး တီဗီကိုကြည့်ကြမှာလေ။ အဲ့လို ကြော်ငြာခရရင်တော့ စိုးပြေယူမယ်။ ပြီးတော့ တီဗီမှာလည်း စိုးပြေ့ ဘဏ်အကောင့်ကို ကြေညာပေးမယ်။ ပြည်သူတွေလည်း လက်ဖွဲ့ပေးချင်သူတွေ ရှိမှာပဲလေ။ အဲ့အခါ လွယ်လွယ်ကူကူနဲ့ ဘဏ်ကနေပဲ လက်ဖွဲ့လိုက်လို့ ရတာပေါ့။

ဘာပဲဖြစ်ဖြစ် အဲ့လို မင်္ဂလာတွေကိုတော့ ခရိုနီတွေကတော့ သိပ်ပျော်မှာပဲ။ လာဘ်ထိုးဖို့နေရာကောင်းကြီးလေ။ အခြားအချိန်တွေမှာ သွားပေးရင် လာဘ်စားမှုတိုက်ဖျက်အဖွဲ့တွေနဲ့ တွေ့သွားနိုင်တယ်။ မင်္ဂလာဆောင်မှာဆိုတော့ အေးဆေးပဲ။

အဲ့တော့ စိုးပြေလည်း လာဘ်မစားကြဖို့ ပြောမယ်။ စိုးပြေ့ကို အခြားအချိန်တွေလည်း လာဘ်လာမထိုးနဲ့။ လာဘ်ထိုးချင်ရင် မင်္ဂလာဆောင်ကိုသာ လာခဲ့။

အခြားအစိုးရအဖွဲ့တွေကိုလည်း မှာရမယ်။ လာဘ်မစားကြနဲ့။ ငါတို့အစိုးရအဖွဲ့ဟာ လာဘ်စားမှုကင်းစင်တဲ့ အစိုးရဖြစ်ရမယ်။ ဘာညာပေါ့။ ခင်ဗျားတို့တွေ လာဘ်စားချင်ရင် ဝင်ငွေကောင်းကောင်းရချင်ရင် သားသမီးတွေများများမွေးစားပြီး မင်္ဂလာဆောင်တွေလုပ်။

အဲ့လိုမဟုတ်ရင်လည်း စိုးပြေ့ကို ဥပမာယူပြီး အစိုးရအဖွဲ့ဝင်တွေလည်း ကိုယ့်မိန်းမနဲ့ မင်္ဂလာဆောင်တွေ ခဏခဏလုပ်ကြ။ အကြောင်းပြချက်ကတော့ ချစ်လွန်းလို့ မင်္ဂလာဆောင် ခဏခဏပြန်လုပ်တာပေါ့လေ။

အဲ့တော့ စိုးပြေသာ အာဏာရရင် စိုးပြေကလည်း တစ်လ တစ်ခါ မင်္ဂလာဆောင်မယ်။ အစိုးရအဖွဲ့ဝင်တွေလည်း ခဏခဏမင်္ဂလာဆောင်လုပ်မယ်။ တီဗီမှာလည်း ပြမယ်။ စိုးပြေ့အမျိုးတွေကိုလည်း မင်္ဂလာဆောင်ပေးဦးမယ်။

ဒီတော့ စိုးပြေတို့ မြန်မာနိုင်ငံတော်ကြီးဟာ မင်္ဂလာတွေ ခဏခဏဆောင်ပြီး မင်္ဂလာရှိတဲ့ နိုင်ငံကြီးဖြစ်ပြီပေါ့။

တစ်ခုတော့ ရှိတယ်။ မင်္ဂလာတွေ ဆောင်လွန်းတော့ စပွန်ဆာတွေ ပေးရတာနဲ့ ဟိုတယ်တွေ၊ ပိုးထည်တိုက်တွေ၊ ခရိုနီတွေလည်း စိတ်တော်တော်ညစ်မယ်ထင်တယ်။ ပြဿနာမရှိပါဘူး။ ခရိုနီတွေကိုလည်း လက်ဖွဲ့အနည်းအများပေါ်ကိုကြည့်ပြီး လုပ်ပိုင်ခွင့်တွေ ချပေးလိုက်မှာပေါ့။

ကဲ...။

စိုးပြေ အကြံမပိုင်ဘူးလား ...။

စိုးပြေ့မိန်းမကတော့ တစ်လ တစ်ခါ မင်္ဂလာဆောင်အတွက် ဝတ်စုံရွေးရတာနဲ့တင် ဝိတ်လျှော့စရာမလိုဘဲ ပိန်နေတော့မှာ မြင်ယောင်သေးတယ်။

■ စိုးပြေ

ဒီတော့ စိုးပြေတို့ မြန်မာနိုင်ငံတော်ကြီးဟာ မင်္ဂလာတွေ ခဏခဏဆောင်ပြီး မင်္ဂလာရှိတဲ့ နိုင်ငံကြီးဖြစ်ပြီပေါ့။ တစ်ခုတော့ရှိတယ်။ မင်္ဂလာတွေ ဆောင်လွန်းတော့ စပွန်ဆာတွေ ပေးရတာနဲ့ ဟိုတယ်တွေ၊ ပိုးထည်တိုက်တွေ၊ ခရိုနီတွေလည်း စိတ်တော်တော် ညစ်မယ်ထင်တယ်။ ပြဿနာမရှိပါဘူး။ ခရိုနီတွေကိုလည်း လက်ဖွဲ့အနည်းအများပေါ် ကိုကြည့်ပြီး လုပ်ပိုင်ခွင့်တွေ ချပေးလိုက်မှာပေါ့။

# Macquarie Vice-Chancellor’s International Scholarships

**သြစတြေးလျ** နိုင်ငံ Macquarie University တွင် တက်ရောက်ပညာသင်ကြားခွင့်ရမည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ပေးအပ်မည့် ဘွဲ့အမျိုးအစားများမှာ Bachelors/Masters Degree ဖြစ်သည်။ လျှောက်လွှာကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ နှင့် ဇွန်လ ၃၀ ရက်နေ့တို့တွင် နောက်ဆုံးထားတင်ရမည်ဖြစ်သည်။ သင်တန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီနှင့် ဇူလိုင်လများတွင် စတင်မည်ဖြစ်သည်။

Macquarie Vice-Chancellor’s International Scholarships သည် ပညာသင်စရိတ်ကို အပြည့်အဝ အထောက်အပံ့ပေးမည်မဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းသာ ထောက်ပံ့ပေးမည့် အစီအစဉ်ဖြစ်ကြောင်း ဦးစွာသိထားစေချင်ပါသည်။ ပညာသင်ဆုရသူများသည် Macquarie University North Ryde campus တွင် ပညာသင်ခွင့်ရမည်ဖြစ်သည်။

သင်ကြားပေးမည့်ပညာရပ်များမှာ Engineering, Environment, Human Science, Media, Linguistics, and Education တို့ဖြစ်သည်။ အရေအတွက် မည်မျှခေါ်မည်ကို မကြေညာထားပါ။ အာဆီယံနိုင်ငံများမှ ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်။


Macquarie University

ထောက်ပံ့ကြေးမှာ သြစတြေးလျ ဒေါ်လာ ၁၀၀၀၀ ခန့်သာရမည်ဖြစ်ပြီး ယင်းပမာဏသည် ကျူရှင်ကြေးကိုသာ အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ နေထိုင်စားသောက်စရိတ်များနှင့် အခြားစရိတ်များကို မိမိအစီအစဉ်များဖြင့်သာ ကျခံရမည်ဖြစ်ပါသည်။

လျှောက်ထားသူများသည် -

- အာဆီယံနိုင်ငံများမှ နိုင်ငံသားများဖြစ်ရမည်။

- အင်္ဂလိပ်စာတတ်မြောက်ကြောင်း အထောက်အထားများနှင့် ဘွဲ့ရထားသည့် အထောက်အထားများ တင်ပြနိုင်ရမည်။

- ဘွဲ့လွန်သင်တန်းအတွက် GPA ပေးမှတ် ၇.၀ တွင် အနည်းဆုံး ၅.၀ အဆင့်ရရှိထားသူများဖြစ်ရမည်။ ဘွဲ့တစ်ခုခုအတွက် တက်လိုသူများသည် ATAR (Australian Tertiary Admission Rank) အမှတ် ၁၀၀ ပေးသည့်အနက် ၉၀ ခန့်ရရှိထားသူများ ဖြစ်ရမည်။

- အချိန်ပြည့်တက်ရောက်နိုင်သူများဖြစ်ရမည်။

Seccsion 1 သည် ဖေဖော်ဝါရီတွင် စမည်ဖြစ်သောကြောင့် လျှောက်လွှာများကို ဇန်နဝါရီ ၃၁ တွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး၊ Session 2 ဇူလိုင်သင်တန်းအတွက် လျှောက်လွှာကို ဇွန် ၃၀ နောက်ဆုံးထား လျှောက်ရမည်ဖြစ်သည်။ အသေးစိတ်ကို အောက်ပါ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.mq.edu.au/study/international-students/scholarships/details/vcis

■ E01

# VU Amsterdam Fellowship Programme

VU University Amsterdam တွင် တက်ရောက် ပညာသင်ကြားခွင့်ရမည့် အခွင့်အရေးဖြစ်သည်။ ပေးအပ်မည့် ဘွဲ့အမျိုးအစားမှာ Masters Degree ဖြစ်သည်။ နိုင်ငံတကာကျောင်းသားများကို ခေါ်သည့် အစီအစဉ်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လျှောက်လွှာပိတ်မည်ဖြစ်သည်။

နယ်သာလန်နိုင်ငံတွင် သွားရောက်ပညာသင်ကြားခွင့်ရမည့် အခွင့်အရေးတစ်ခုဖြစ်ပြီး သင်တန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်သည်။

The VU Fellowship Programme (VUFP) သည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည့် အစီအစဉ်ဖြစ်သည်။ အရေအတွက် မည်မျှခေါ်မည်ကို ဖော်ပြမထားပါ။ နိုင်ငံတကာကျောင်းသားများကို ခေါ်ယူခြင်းဖြစ်ပါသည်။

VUFP ပရိုဂရမ်သည် ကျူရှင်စရိတ်ကို သက်ညှာခွင့်ပေးပြီး အခြားနေထိုင်စားသောက်စရိတ်များကို အထောက်အပံ့ပေးမည့် အစီအစဉ်တစ်ရပ်မဟုတ်ပါ။

လျှောက်ထားသူများသည် ဒတ်ချ်နိုင်ငံသား၊ ဒတ်ချ်တက္ကသိုလ်များတွင် တက်ရောက်သင်ကြား ဘွဲ့ယူထားသူများမဖြစ်ရပါ။ ပညာရေးတွင် စိတ်ဝင်စားပြီး ထူးချွန်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း အထောက်အထားများ ပြသနိုင်ရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို သတ်မှတ်ရက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မတိုင်မီ အွန်လိုင်းကတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။

အသေးစိတ်ကို အောက်ပါ Website ထဲတွင် လေ့လာကြည့်ရှုနိုင်ပါသည်။

http://www.vu.nl/en/programmes/international-masters/scholarships-/fellowship/index.asp

■ E01


VU University Amsterdam

# WMF Empowerment Through Education Scholarships


Karlstad University

Wells Mountain Foundation အစီအစဉ်ဖြင့် ပေးအပ်သည့် ပညာသင်ဆုဖြစ်သည်။ ပေးအပ်မည့် ဘွဲ့အမျိုးအစားမှာ Bachelor’s Degree ဖြစ်သည်။

လျှောက်လွှာပိတ်ရက်မှာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သတ်မှတ်ပေးသည့် တက္ကသိုလ်များတွင် သွားရောက် ပညာသင်ကြားရမည်ဖြစ်သည်။ သင်တန်းစတင်မည့်ကာလမှာ ၂၀၁၈ ခုနှစ် အတွင်းဖြစ်သည်။

Wells Mountain Foundation onf Empowerment Through Education (ETE) Program အောက်တွင် ဤပညာသင်ဆုကို စီစဉ်ပေးခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသား ကျောင်းသူများကို မိမိတို့နိုင်ငံ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ စေလွှတ်ပြီး ပညာသင်ယူခိုင်းသည့် အစီအစဉ်လည်း ဖြစ်သည်။

ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ Community Service ၏ အရေးပါပုံကို လူငယ်များ သိရှိနားလည်လာစေရန်ဖြစ်ပြီး တစ်နှစ်လျှင် စေတနာ့ဝန်ထမ်း လုပ်ငန်းများတွင် အနည်းဆုံး နာရီ ၁၀၀ ခန့် ပါဝင်လုပ်ရှား ဆောင်ရွက်ပေးရမည်လည်း ဖြစ်သည်။

လျှောက်ထားသည့်သူများအနေနှင့် မည်သည့်နိုင်ငံတက္ကသိုလ်များတွင် သွားရောက်သင်ယူလိုကြောင်း ဖော်ပြရမည်ဖြစ်သည်။ ထိုကျောင်းများကို သက်ဆိုင်ရာ Website ထဲတွင် ဖော်ပြထားသည်။

တစ်နှစ်လျှင် ကျောင်းသား ၂၀ မှ ၄၀ ခန့်အထိ ပညာသင်ဆုများ ပေးအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ စာရင်းဝင် မည်သည့်နိုင်ငံသားမဆို လျှောက်ထားနိုင်သည်။

ပညာသင်ဆုရရှိသူများ အနေနှင့် အမေရိကန်ဒေါ်လာ ၃၀၀ မှ ၃၀၀၀ အထိ နှစ်စဉ်ရရှိနိုင်ပါသည်။ ပျမ်းမျှ ရရှိနိုင်သည့်ပမာဏမှာ ဒေါ်လာ ၁၄၀၀ ခန့်ဖြစ်သည်။ ကျူရှင်ကြေး၊ စာအုပ်စာတန်းကြေး၊ နေထိုင်မည့် အခန်းငှားခများ လုံလောက်နိုင်ပါသည်။

လျှောက်ထားသူများသည် -

- ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံသားများဖြစ်ရမည်။

- အထက်တန်းပညာ သင်ယူပြီးဆုံးကြောင်းနှင့် ထူးချွန်စွာ အောင်မြင်ကြောင်း အထောက်အထားများ ပြသနိုင်ရမည်။

- စေလွှတ်သည့်နိုင်ငံများသို့ သွားရောက်ပညာသင်ယူနိုင်ရမည်။

- ဘွဲ့ရပြီးနောက် မိမိနိုင်ငံသို့ပြန်ပြီး လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရမည်။

- ပညာသင်ဆုရရှိသူများသည် စေတနာ့ဝန်ထမ်းလုပ်ငန်းများကို လုပ်ဆောင်လိုစိတ်ရှိရမည်။

လျှောက်လွှာများကို သတ်မှတ်ရက်မတိုင်မီ အွန်လိုင်းကတစ်ဆင့် လျှောက်ထားကြရန်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မတိုင်မီ လျှောက်ထားရန်လိုသည်။

အသေးစိတ်သိလိုသည်များကို ဖောင်ဒေးရှင်း Website ထဲတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.wellsmountainfoundation.org/our-programs/scholarships/

■ E01

# Photo Essay

# စွန့်ပစ်သစ်မြစ်မှသည် ပရိဘောဂဆီသို့

**ဓာတ်ပုံ - မြဇာခြည်သင်း**

လွိုင်ကော်မြို့မှ ဆယ်မိုင်ကျော်ဝေးသည့် ဒီမော့ဆိုဒေသတွင် သစ်တောများပေါများခြင်း၊ နည်းပညာလိုအပ်နေခြင်းကြောင့် သစ်မြစ်များကိုတန်ဖိုးမရှိသည့်အရာအဖြစ် သတ်မှတ်ပြီးမီးရှို့ပစ်ခြင်း၊ အိမ်သုံးထင်းအဖြစ် အသုံးပြုခြင်းကို နေရာများစွာတွေ့နိုင်ပါသည်။ သို့သော် ယခုအခါတွင်တော့ ထိုသို့မဟုတ်။ ကိုတူးငယ်နှင့် ကိုဘလိုင်တို့သည် ထိုင်းနိုင်ငံပရိဘောဂစက်ရုံမှ အလုပ်လုပ်ပြီးနောက် ဒေသရင်းဒီမော့ဆိုသို့ပြန်လာကာ Rain Tree နာမည်ဖြင့် ဒေသခံလူငယ် ၁၂ ဦးပါဝင်ကာ စွန့်ပစ်သစ်မြစ်များမှ ပရိဘောဂသို့ ဖန်တီးနေပြီဖြစ်သည်။



★ ဒေသခံများထံမှ ထင်းဈေးဖြင့် ဝယ်ယူထားသော စွန့်ပစ်သစ်မြစ်များကို ပရိဘောဂများ၊ အလှဆင်ပစ္စည်းများအဖြစ် ပြန်လည်ဖန်တီးထားသည်။



★ စွန့်ပစ်ပင်စည်များကို ပိုင်းဖြတ်၍ အလှဆင်နံရံတစ်ခု ဖန်တီးထားသည်။ နံရံတစ်ခုတည်းအတွက်သတ်မှတ်ဈေးနှုန်းမှာထိုင်းဘတ်ငွေ ၇ သောင်း (မြန်မာငွေ ၂၈သိန်းခန့်)ဖြစ်သည်။



★ ထိုင်ခုံအဖြစ်အသုံးပြုရန် အရောင်တင်ထားသည့်သစ်တုံးများဖြစ်သည်။ သတ်မှတ်ထားသောတန်ဖိုးမှာ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သိန်း ၃၀ ကျော်ထိရှိသည်။







★ အရောင်တင်ရန် ပရိဘောဂကုန်ကြမ်းများကို လုပ်ငန်းခွင်အတွင်းရှိ လူနေအိမ်တစ်လုံးအောက်တွင် စုပုံထားသည်။ ဖန်တီးမှုလုံးဝမလုပ်ရသေးသည့် သစ်မြစ်ကိုလည်း အကြမ်းထည်အတိုင်း တွေ့ရသည်။



★ စွန့်ပစ်ပင်စည်များကို ဖန်တီးထားသည့် စားပွဲပုံစံအမျိုးမျိုး





★ Rain Tree လုပ်ငန်းဖွင့်ပွဲကို ဇန်နဝါရီလ ၆ ရက်က ဒီမော့ဆိုမြို့တွင် ကျင်းပခဲ့သည်။



★ Rain Tree လုပ်ငန်းရှိရာ ဒီမော့ဆိုမြို့

# ကမ္ဘာကျော်သိပ္ပံပညာရှင်များ

## ရူးဒေါ့ဖ် ခရစ္စတင်း ကားလ် ဒီဇယ်

## Rudolf Christian Karl Diesel (1858-1913)



ယနေ့ လူ့ဘောင်လောကတွင် အရေးပါသော တီထွင်မှုဖြင့် နာမည်တစ်လုံးကို ကျန်အောင် တီထွင်သွားနိုင်ခဲ့သူ တစ်ဦး ဖြစ်သည်။ ယနေ့ ပို့ဆောင်ရေးလောကတွင် ထင်ရှားသည့် တီထွင်မှုတစ်ခုကို လုပ်ဆောင်သွားခဲ့သည်။ အထူးသဖြင့် ဒီဇယ်အင်ဂျင်ဆိုသည့် သူ့အမည်ပေါက် တီထွင်မှုတစ်ခုကြောင့် သိပ္ပံလောကတွင် စံပြုလောက်သူ တစ်ယောက် ဖြစ်ခဲ့ရသည်။

**အစောပိုင်းဘဝ**

၁၈၅၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ မွေးဖွားသည်။ ဖခင် သီအိုဒိုဒီဇယ်မှာ သားရေလုပ်သားတစ်ဦးဖြစ်ပြီး မိခင်မှာ အဲလစ် စထရိုဘဲလ်ဖြစ်သည်။ မိဘနှစ်ပါးစလုံး ဘာဗေးရီးယန်း ဂျာမန်မျိုးနွယ်များ ဖြစ်ပြီး အော့စ်တတ်မှ ပြင်သစ်ကို ရောက်လာခြင်းဖြစ်သည်။ နောက်မှ လန်ဒန်ကို ပြောင်းရွှေ့နေထိုင်ကြသည်။

ဒီဇယ်သည် ငယ်စဉ်ကတည်းက တိုက်ဖွိုက်ရောဂါကြောင့် ပညာအနည်းငယ်သာ သင်ခဲ့ရသည်။ ဆွစ်ဇာလန် ဝင်းတာသာအရပ်ရှိ Sulzer Brothers Machine Works တွင်အလုပ်ဝင်လုပ်သည်။ ထို့နောက် National Conservatory of Arts and Crafts ပြပွဲကို သွားရောက်ခဲ့ရာက သူ့ဘဝ ပြောင်းလဲခဲ့သည်။ ပညာဆက်သင်ပြီး ထူးချွန်သောကျောင်းသားဖြစ်သဖြင့် ပြင်သစ်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခြင်း ခံခဲ့ ရသည်။ Technical University Munich တွင် ပညာသင်ကြားခွင့်ရခဲ့သည်။

**လုပ်ဆောင်ချက်များ**

တက္ကသိုလ်တွင် ဆရာလင်းဒေး၏ လက်အောက်၌ စက်မှု ဒီဇိုင်းပညာကို လေ့လာသင်ယူခွင့် ရခဲ့ သည်။ ၁၈၈၀ ပြည့်နှစ်လောက်ကတည်းက ခေတ်သစ်ရေခဲသေတ္တာဒီဇိုင်းများနှင့် ရေခဲစေသည့် နည်းပညာကို တည်ဆောက် ရာတွင်ပါဝင်လုပ်ဆောင်ခွင့်ရခဲ့သည်။ သူတို့ဆရာတပည့် နှစ်ယောက် ရေခဲစက်ရုံများ လိုက်လံတည်ဆောက်ပေးခဲ့ကြသည်။ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများတွင် သူတို့၏ လက်ရာစက်ရုံများကို အစွမ်းပြခွင့် ရခဲ့သည်။

Linde ၏ ကုမ္ပဏီတွင် အလုပ်လုပ်နေရာက ဒီဇယ်သည် နစ်ခိုးလပ်စ်ကားနော့ဆိုသူ၏ အင်ဂျင်တည်ဆောက်နေမှုကို စိတ်ဝင်စားသွားသည်။ ထိုအင်ဂျင်များသည် ခေတ်သစ်ကားအင်ဂျင်များအတွက် ခေတ်ဦးကာလ တည်ဆောက်မှုများဖြစ်သည်။ ယခင် အင်ဂျင်များထက် လေးဆပိုပြီး စွမ်းအင်မြင့်သော အင်ဂျင်များလည်း ဖြစ်သည်။

၁၈၈၅ ခုနှစ်တွင် သူ့ကိုယ်ပိုင် ပရောဂျက်တစ်ခုအနေနှင့် အင်ဂျင်တီထွင်မှုများကို စတင်ခဲ့သည်။ ၁၈၉၂ ခုနှစ် တွင် ကိုယ်ပိုင်အင်ဂျင်တစ်မျိုး၏ ဒီဇိုင်းကို အောင်မြင်စွာထုတ်နိုင်ခဲ့သည်။ သူတီထွင်သည့် အင်ဂျင်ကို မူပိုင်ခွင့် တင်နိုင်ခဲ့သည်။

၁၈၉၃ ခုနှစ်တွင် သူတီထွင်သည့် အင်ဂျင်ကိုပွဲထုတ်သည်။ လောင်စာအဖြစ် မြေပဲဆီကို အသုံးပြုသည်။ အခက် အခဲပေါင်းများစွာကို ရင်ဆိုင်ရခဲ့ပြီးမှ ၁၈၉၇ ခုနှစ်တွင် မြင်းကောင်ရေ ၂၅ ကောင်အား အင်ဂျင်ကို တီထွင် နိုင်ခဲ့သည်။ သူတီထွင်သည့် စွမ်းအားမြင့် အင်ဂျင်ကို ၁၈၉၈ ခုနှစ် မြူးနစ်တွင် ကျင်းပသည့် ပြပွဲ၌ ပွဲထုတ်နိုင်ခဲ့သည်။

သူတီထွင်သော အင်ဂျင်တို့ရကြောင့် ကား၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ စက်ရုံ၊ မီးရထား၊ ရေနံတူး လုပ်ငန်း၊ မိုင်းတွင်းများ၌ တွင်ကျယ်စွာ အသုံးပြုကြပြီး အလွန်အောင်မြင် ထင်ရှားသူဖြစ်ခဲ့ရသည်။

**နောက်ဆုံးကာလ**

၁၈၈၃ ခုနှစ်တွင် မာသာ ဖလက်ရှေနှင့် လက်ထပ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားသည်။ ၁၉၁၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့တွင် အင်္ဂလိပ်ရေလက်ကြားကိုဖြတ်ပြီး ဒရက်စ်ဒန်းသို့ သွားစဉ် ပျောက်ဆုံးသွားခဲ့သည်။

လန်ဒန်တွင် ကျင်းပမည့် Consolidated Diesel Manufacturing ပွဲသို့သွားတက်စဉ် သင်္ဘောပေါ်၌ ညစာကို ၁၀ နာရီလောက်တွင် ထွက်စားသေးသည်။ နောက်တစ်နေ့ မနက် ၆ နာရီခန့်တွင် သူ့အခန်းကိုသွားစစ်ရာ ပျောက်ဆုံးနေကြောင်း တွေ့ရသည်။

သူပျောက်သွားပြီး ၁၀ ရက်ခန့်အကြာတွင် ဒတ်ချ်သင်္ဘောတစ်စင်းဖြစ်သည့် Coertsen က ပင်လယ်ပြင်ထဲတွင် မျောနေသည့် ရုပ်ပျက်ဆင်းပျက် အလောင်းတစ်လောင်းကို တွေ့ရှိခဲ့သည်။ အလောင်းတွင် ဝတ်ထားသည့် အဝတ်အစားထဲက တွေ့ရှိသည့် ပစ္စည်းများအရ သူ့ဖခင်ဖြစ်ကြောင်း ဒီဇယ်၏သား ရူဒေါ့ဖ် ဒီဇယ်က ပြောကြားသည်။ ယနေ့တိုင် ဒီဇယ်အဘယ်ကြောင့် သေဆုံးရကြောင်း အတိအကျ မသိရပေ။ ▪

# ရေအောက်မှ ထူးဆန်းသောတွေ့ရှိချက်များ

## ပင်လယ်အောက်က အပြာရောင်တွင်းပေါက်ကြီး



S01

The Great Blue Hole of Belize ဟု၍ နာမည်ကျော်သည်။ ပင်လယ်အောက် ရေငုပ်သမားများ စိတ်ဝင်စားမှု အရှိဆုံးနေရာဖြစ်သည်။ ဗြိတိသျှ ဟွန်ဒူးရပ်စ်၊ Belize ပင်လယ်ကမ်းခြေအနီးတွင် ရှိသည်။ ၁၉၇၁ ခုနှစ်တွင်မှ ဂျက်ကီ ကော့စ်တူးဆိုသူက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကစပြီး ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်စားသည့် နေရာတစ်နေရာဖြစ်သွားရသည်။

အပြာရောင်တွင်းပေါက်ကြီးဆီသို့ ရေအောက်လမ်းညွှန်များနှင့် သွားကြရသည်။ ရေခဲခေတ် နောက်ဆုံး ကာလလောက်ကတည်းက ထုံးကျောက်ဖြင့် ဖြစ်တည်နေသည့် ဂူတစ်ခုသည် ရေအောက်ရောက်သွားရာမှ လူပစိတ်ဝင်စားဖွယ်ရာ တည်ရှိနေခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက ရေအောက် တွင်းနက်ဂူကြီးတစ်ခုအဖြစ် ရှိနေခဲ့သည်ဟု ယူဆရသည်။

ကရစ်ဘီယံပင်လယ်အတွင်း မီတာ ၃၀၀ (ပေ ၉၈၀) အကျယ်ရှိပြီး အနက်မှာ ၁၂၅ မီတာ (ပေ ၄၁၀) ဖြစ်သည်။ တွင်းထဲသို့ ရေငုပ်သူ လမ်းပြမပါဘဲ ဆင်းသက်ခြင်းမပြုရန် ညွှန်ကြားထားသည်။ ပင်လယ်အောက်တွင် ထူးခြားလှပစွာ တည်ရှိနေသည့် နေရာတစ်ခု ဖြစ်သည်။

## Chuuk Lagoon မှ တစ္ဆေသင်္ဘော



S02

သမုဒ္ဒရာ ပင်လယ်ပြင်များအောက်တွင် သင်္ဘောပျက်များတွေ့သည်မှာ အထူးအဆန်းတော့ မဟုတ်ပါ။ သို့သော် Chuuk Lagoon ဆိုသည့် ပစိဖိတ်သမုဒ္ဒရာအောက်က နေရာတစ်နေရာကိုတော့ ယနေ့တိုင်လူတွေ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် သွားရောက်လေ့လာနေကြသည်။

Chuuk Lagoon သည် ပစိဖိတ်သမုဒ္ဒရာ၊ Caroline ကျွန်းစုအနီးတွင်ရှိပြီး အရှေ့ဘက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ မြောက်ဘက်တွင် နယူးဂီနီနိုင်ငံများ ကြား၌ရှိသည်။ ထိုကြားတွင် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့သည့် ဂျပန်သင်္ဘောများနှင့် လေယာဉ်ပျက်ပေါင်းများစွာရှိနေသည်။

တစ္ဆေသင်္ဘောပျက်ကို ၁၉၆၉ ခုနှစ်ကမှ ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထူးခြားချက်မှာ ထိုသင်္ဘောကို ရေပေါ်တွင် အကောင်းပကတိအတိုင်း မကြာခဏ တွေ့နေကြရခြင်းဖြစ်သည်။ ရေအောက်ဆင်းငုပ်သူများ ကလည်း သင်္ဘောပျက်တွင် အလောင်းများတွေ့သဖြင့် တက်ပြေးလာကြသူတွေ မကြာခဏဖြစ်သောကြောင့် တစ္ဆေသင်္ဘောနေရာဟု လူသိများသည်။

ထိုသင်္ဘောပျက်သည် ဂျပန်ဘုရင့်ရေတပ်မတော်က သင်္ဘောပျက်ဖြစ်ပြီး ယနေ့တိုင် ထူးဆန်းအံ့သြဖွယ်ရာ အကောင်းဆုံး နေရာအဖြစ် သတ်မှတ်ခြင်း ခံနေရသည်။

## မြေထဲပင်လယ်အောက်မှ မြို့ပျက်ကြီး



S03

ပင်လယ်သမုဒ္ဒရာများအောက်တွင် ယနေ့တိုင် မြို့ပျက်ကြီးများကို တွေ့နေရဆဲဖြစ်သည်။ Atlit Yam ဆိုသည့် မြို့ပျက်ကို အစ္စရေး နိုင်ငံအနီးမြေထဲ ပင်လယ်အောက်၌ ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်။ ရေ အနက် ၈ မီတာမှ ၁၂ မီတာ (၂၆ ပေမှ ၃၉ ပေ) ကြားတွင် ထိုမြို့ပျက်ကိုတွေ့ရှိကြရသည်။

၁၉၈၄ ခုနှစ်မှ ရှာဖွေတွေ့ရှိသည့် ထိုမြို့ပျက်သည် Neolithic ခေတ်ကတည်းက မြို့ပျက်ဖြစ်မည်ဟု ယူဆကြ သည်။ တွေ့ရှိသမျှထဲတွင် လူနေအိမ်များဆုံ မြို့ပျက်ကြီးတစ်ခုလည်းဖြစ်မည်ဟု ယူဆရသည်။ အိမ်များ၊ ရေတွင်း များ၊ လူနှင့် တိရစ္ဆာန်အရိုးများ၊ လက်မှုပညာများနှင့် ထူးဆန်းသည့် ပုံစံပေါင်းများစွာကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

အလွန်ထူးဆန်းသည့် နေရာတစ်နေရာမှာ ဘာသာရေးဝတ်ပြုနေရာတစ်နေရာဟု ယူဆရသည့် နေရာဖြစ်သည်။ ကျောက်တုံးများကို စက်ဝန်းပုံ ဝန်းရံထားပြီး ရေပန်းကဲ့သို့ ပုံဖော်ထားသည့် နေရာဖြစ်သည်။ ကျောက်တုံးများ ဖြင့် ရေပေးဝေမှုစနစ်၊ အမှိုက်ပစ်စနစ်များကို တွေ့ရခြင်းဖြစ်သည်။ အမှိုက်များထဲတွင် ကြွင်းကျန်ပစ္စည်းများကို ရှာဖွေတွေ့ရှိကြရသည်။

လူ့ရုပ်ကြွင်း ၆၅ ခုနှင့်တွေ့သည်။ ထိုအရိုးများထဲတွင် တီဘီဝေဒနာခံစားနေရသည့် လက္ခဏာများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ တိရစ္ဆာန်အရိုးများကို တွေ့ရသောကြောင့် မွေးမြူရေးစနစ်များ ရှိနေကြောင်းလည်း ခန့်မှန်း ရသည်။

▪ (Ref: Unbelievable Things Found Underwater)



# အာဆင်နယ်နည်းပြအဖြစ် လာမည့်ဘောလုံးရာသီတွင် အာစင်ဝင်းဂါး ဆက်ရှိမည်၊ ပိုမိုတောင့်တင်းသည့် အာဆင်နယ်ကို မြင်ရမည်ဟု ကတိပေး

**လန်ဒန်၊ ဇန်နဝါရီ ၁၃**

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ၎င်းအနေနှင့် ရာထူးနုတ်ထွက်ဖွယ်ရှိသည်ဟု သတင်းခန့်မှန်းချက်များ ထွက်ပေါ်နေခြင်းကို ငြင်းဆန်ပယ်ချလိုက်ပြီး ယခုချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တိုင်သည်အထိ အာဆင်နယ်နည်းပြအဖြစ် ၎င်းဆက်ရှိနေမည်မှာ သေချာကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်ဟု Daily Mail က ဖော်ပြထားသည်။

ဗြိတိန်သတင်းမီဒီယာများသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အာဆင်နယ်အသင်း ဆုဖလားလက်မဲ့အခြေအနေဖြင့် ဘောလုံးရာသီပိတ်သိမ်းရခြင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင်ကစားခွင့်ဆုံးရှုံးခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့ပါက နည်းပြအာစင်ဝင်းဂါးမှာ ရာထူးနုတ်ထွက်ရန် ဆုံးဖြတ်လိုက်နိုင်သည်ဟု သုံးသပ်ထားပြီး အာစင်ဝင်းဂါးနေရာကို အစားဝင်၍ အာဆင်နယ်နည်းပြသစ် ဖြစ်လာရန် အန်စလော့တီနှင့် အာတီတာတို့က ရေပန်းစားနေကြလျက်ရှိသည်။

အာစင်ဝင်းဂါးသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းကို ပိုမိုအင်အားတောင့်တင်းစေရန်အတွက် ကစားသမားသစ်များ ခေါ်ယူရန်လည်း အစီအစဉ်ရေးဆွဲနေပြီဖြစ်ပြီး အိုဇေးလ်ကို အသင်း၌ ဆက်လက် ထိန်းသိမ်းထားနိုင်ရန်ကိုလည်း အာစင်ဝင်းဂါးက ပြင်ဆင်နေပြီဖြစ်သည်။

အာစင်ဝင်းဂါးသည် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့အနက် တစ်ဦးကိုသာ ရောင်းထုတ်လိုက်ရန် စီစဉ်ထားပြီး နောက်ဆုံးတစ်ကြိမ်အဖြစ် အိုဇေးလ် အလိုရှိသည့် လုပ်ခလစာကို ပေး၍ စာချုပ်သစ်ချုပ်ရေးကို တစ်ကျော့ပြန်လည် ကြိုးပမ်းကြည့်ရန် အာစင်ဝင်းဂါးက ဆန္ဒရှိနေသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် အာစင်ဝင်းဂါးက "ကျွန်တော်နဲ့ အသင်းအကြားမှာ စာချုပ်သက်တမ်းရှိနေဆဲပါပဲ။ ရိုးရိုးရှင်းရှင်းပဲ ပြောကြရအောင်။ စာချုပ်သက်တမ်းပြီးဆုံးတဲ့အထိ အာဆင်နယ်ဆီမှာ ကျွန်တော် ဆက်ရှိသွားဖို့ လုံးဝသေချာပါတယ်။ အသင်းကို လာမယ့်နွေရာသီကာလရောက်ရင် အခုထက်ပိုပြီး အင်အားတောင့်တင်းအောင် ပုံဖော်ဖို့လည်း ကျွန်တော်တို့ စီမံထားပြီးပါပြီ။ အိုဇေးလ်ကို စာချုပ်သစ်ချုပ်မယ့်ကိစ္စကိုလည်း ဆက်လက် ဆွေးနွေးနေဆဲပါပဲ။ အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ ကျွန်တော်တို့ အကောင်းမြင်မျှော်လင့်ထားပါတယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11

# ဆန်းချက်ဇ်အတွက် မန်စီးတီး ပေါင်သန်း ၄၀ မပေးလို၍ ဆန်းချက်ဇ်မှာ စံပြကစားသမားဟု မော်ရင်ညို ချီးကျူး

**လန်ဒန်၊ ဇန်နဝါရီ ၁၃**

မန်စီးတီးအသင်းတာဝန်ရှိသူများသည် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်ကို ခေါ်ယူရရှိနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အကျပ်အတည်းများဖြင့် ရင်ဆိုင်နေရပြီဖြစ်ပြီး ဆန်းချက်ဇ်အတွက် အာဆင်နယ်ဘက်က သတ်မှတ်တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၀ ကို မန်စီးတီးဘက်က ပေးချေလိုခြင်း မရှိသည်မှာ အပြောင်းအရွှေ့အထမြောက်နိုင်ရေးအတွက် ကြီးစွာသောအတားအဆီးတစ်ရပ်သဖွယ် ဖြစ်နေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မန်စီးတီးသည် လက်ရှိ၌ ဆန်းချက်ဇ်ကို ခေါ်ယူနိုင်ရန်အတွက် မန်ယူနှင့်ယှဉ်ပြိုင်ကြိုးပမ်းနေရပြီး မန်ယူမှာ ဆန်းချက်ဇ်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃၅ သန်းနှင့် အေးဂျင့်ခ ပေါင်ငါးသန်း အသုံးပြုရန် အသင့်ပြင်ထားပြီးဖြစ်သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ၎င်းနှင့်မန်ယူနည်းပြ မော်ရင်ညိုအကြားတွင် ပုဂ္ဂိုလ်ရေးအရ သဘောထားတင်းမာမှုများရှိနေသည့်အတွက် ဆန်းချက်ဇ်ကို မန်ယူထံသို့ရောင်းမထုတ်လိုဘဲ မန်စီးတီးထံသို့သာ လက်လွှတ်ပေးလိုက်လိုလျက်ရှိကာ ကာယကံရှင်ကစားသမားဖြစ်သူကလည်း ၎င်း၏ဆရာဟောင်းဖြစ်ခဲ့ဖူးသူ ဂွါဒီယိုလာရှိရာ မန်စီးတီးထံသို့သာ ပြောင်းရွှေ့ခွင့်ရနိုင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။

မန်စီးတီးသည် ဆန်းချက်ဇ်ကို ခေါ်ယူရေးတွင် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၂၀ ဝန်းကျင်မျှသာ အသုံးပြုလိုလျက်ရှိပြီး ယင်းအတွက် အာဆင်နယ်အသင်းတာဝန်ရှိသူများက ၎င်းတို့အတွက် ဘဏ္ဍာရေးအကျိုးအမြတ် ပိုမိုရရှိနိုင်မည့် မန်ယူထံသို့သာ ဆန်းချက်ဇ်ကို လက်လွှတ်လိုက်လိုစိတ် ရှိနေကြသည်။

နည်းပြ အာစင်ဝင်းဂါးသည် ၎င်းတို့အနေနှင့် ဆန်းချက်ဇ်ကွက်လပ်ကို အစားဖြည့်ရန်အတွက် ကစားသမားတစ်ဦး ခေါ်ယူနိုင်ပြီးမှသာလျှင် ဆန်းချက်ဇ်ကို ရောင်းချရေးအား အပြီးသတ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အသိပေးထားပြီး လက်ရှိတွင် နည်းပြအာစင်ဝင်းဂါး၏လျာထားစာရင်း၌ လက်စတာတိုက်စစ်တောင်ပံကစားသမား မာရက်ဇ်၊ ဘော်ဒိုးတိုက်စစ်တောင်ပံကစားသမား မယ်လ်ကွမ်နှင့် မိုနာကိုတိုက်စစ်တောင်ပံကစားသမား သောမတ်စ်လီမာတို့ ပါရှိနေကြသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် ဆန်းချက်ဇ်မှာ စံပြတန်းဝင် ကစားသမားတစ်ဦးဖြစ်သည်ဟု ထုတ်ဖော်ချီးကျူးထားပြီး ၎င်းအနေနှင့် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တိုင်သည်အထိ အချိန်မစောင့်လိုဘဲ လက်ရှိဇန်နဝါရီဈေးကွက်အတွင်း၌ပင် ဆန်းချက်ဇ်ကိုခေါ်ယူလိုကြောင်းလည်း မော်ရင်ညိုက ထုတ်ဖော်ဝန်ခံထားပြီးဖြစ်သည်။

■ E-11

# ရာသီကုန်ချိန်တွင် ရာထူးနုတ်ထွက်ဖြစ်နိုင်ကြောင်း ကွန်တီ အရိပ်အမြွက်ပြော

**လန်ဒန်၊ ဇန်နဝါရီ ၁၃**

ချယ်လ်ဆီးနည်းပြ ကွန်တီသည် ၎င်းအနေနှင့် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ချယ်လ်ဆီးကို စွန့်ခွာဖြစ်နိုင်ကြောင်း အရိပ်အမြွက် အသိပေးလိုက်ပြီဖြစ်ပြီး ဘောလုံးလောကတွင် မဖြစ်နိုင်သောအရာဟူသည်မှာမရှိဘဲ အရာရာမှာ ဖြစ်နိုင်ခြေအပြည့်ရှိကြောင်း ကွန်တီက ပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။



AP

ကွန်တီနှင့် ချယ်လ်ဆီးအသင်းအကြားတွင် ချုပ်ဆိုထားသော လက်ရှိစာချုပ်သည် သက်တမ်းအားဖြင့် ၁၈ လမျှသာ ကျန်ရှိတော့ပြီး အသင်းဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် ဆက်ဆံရေးအဆင်မပြေခြင်းက ကွန်တီကို ရာထူးနုတ်ထွက်ဖြစ်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီနှင့် အီတလီဘောလုံးအဖွဲ့ချုပ်တို့သည် ကွန်တီကို ခေါ်ယူရန်အတွက် အပြိုင်အဆိုင်စိတ်ဝင်စားမှုများရှိနေပြီး လက်ရှိတွင်မူ ချယ်လ်ဆီးအတွက် အကောင်းဆုံး ဆက်လက်အလုပ်လုပ်ပေးသွားရေးကိုသာ ၎င်းအနေနှင့် အာရုံစူးစိုက်ထားဆဲဖြစ်ကြောင်း၊ အနာဂတ်နှင့် သက်ဆိုင်သည့် အကြောင်းအချင်းအရာများကို ဘောလုံးရာသီပြီးဆုံးချိန်သို့ရောက်မှသာ စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကွန်တီက ရှင်းပြထားသည်။

ချယ်လ်ဆီးအသင်း တာဝန်ရှိသူများသည် ကွန်တီ ရာထူးနုတ်ထွက်သွားခဲ့ပါက ယင်းကွက်လပ်ကို အစားပြန်ဖြည့်ရန်အတွက် ဂျူဗင်တပ်နည်းပြ အယ်လ်လီဂရီကို ခေါ်ယူရန် စီစဉ်နေပြီဖြစ်ကာ အယ်လ်လီဂရီနှင့် ချယ်လ်ဆီးအကြားတွင် မူအရ အကြိုသဘောတူညီချက်များပင် ရရှိထားပြီဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ကွန်တီက "ကျွန်တော်နဲ့ ချယ်လ်ဆီးအသင်းအကြားမှာ စာချုပ်သက်တမ်းကျန်ရှိနေဆဲပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဘောလုံးလောကမှာ မဖြစ်နိုင်တဲ့အရာရယ်လို့ မရှိပါဘူး။ ဒီနေ့ ဒီနေရာမှာ ရှိနေပေမယ့် နောက်တစ်ရက်ရောက်ရင် နောက်တစ်နေရာမှာ ဘဝရှင်သန်နေတာမျိုး လူတိုင်းဖြစ်တတ်ပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်ဟာ ချယ်လ်ဆီးအတွက် အလုပ်လုပ်ပေးနေဆဲပါ။ အကောင်းဆုံးဖြစ်အောင် ဆက်လက်အလုပ်လုပ်ပေးသွားဖို့ပဲ အာရုံစူးစိုက်ထားပါတယ်"ဟုပြောကြားသွားခဲ့သည်။

■ E-11

# ရောဝတီယူနိုက်တက်အသင်းကို ရောမြန်မာအာမခံကုမ္ပဏီက ကျပ်သိန်းတစ်ထောင် ထောက်ပံ့ပေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၈ ခုနှစ် MPT Myanmar National League ပြိုင်ပွဲဝင် ရောဝတီယူနိုက်တက်အသင်းကို ရောမြန်မာအာမခံကုမ္ပဏီက ကျပ်သိန်းတစ်ထောင် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

"ရောမြန်မာကုမ္ပဏီအနေနဲ့ မနှစ်က ဘောလုံးရာသီမှာ ရာသီဝက်ရောက်မှ စပွန်ဆာပေးခဲ့ပေမယ့် ဒီနှစ်အတွက် ကျွန်တော်တို့အသင်းကို ကျပ်သိန်းတစ်ထောင် ထောက်ပံ့ပေးမှာပါ။ Grand Sport နဲ့ 100 Plus Myanmar တို့ကလည်း ထောက်ပံ့မှုတွေ လုပ်ပေးမှာပါ"ဟု ယင်းအသင်းပြန်ကြားရေးတာဝန်ခံ ဦးမင်းမင်းထွန်းက ပြောကြားသည်။

ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု ရောဝတီယူနိုက်တက်အသင်းကို ရောမြန်မာအာမခံကုမ္ပဏီက ကျပ်သိန်း ၁၀၀၀၊ Grand Sport က Kits Sponsor အဖြစ် အားကစားပစ္စည်းများ၊ အားဖြည့်အချိုရည် 100Plus က Yydration Sponsor အဖြစ် ပံ့ပိုးပေးမည်ဖြစ်သည်။

ရောဝတီယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်တွင် အဆင့် ၄ နေရာသာ ရပ်တည်နိုင်ခဲ့ပြီး ယခုနှစ်တွင် အဆင့် ၁ နေရာမှ အဆင့် ၃ အတွင်း ရပ်တည်နိုင်ရန်ကြိုးပမ်းသွားမည်ဟု အသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်က ပြောကြားသည်။

ရောဝတီအသင်းသည် ယခုနှစ်အတွက် ခေါ်ယူထားခဲ့သည့် နိုင်ငံခြားသားကစားသမားသုံးဦးအနက် ကင်မရွန်းနောက်ခံကစားသမား ဂျီစီရယ်နေရာတွင် မကွေးနောက်ခံ ကစားသမားတစ်ဦးကို အပြောင်းအရွှေ့နောက်ဆုံးနေ့တွင် အစားထိုးခေါ်ယူနိုင်ခဲ့သည့်အတွက် မိုင်းအိုက်နိုင်၊ နေဇော်အောင်တို့အပါအဝင် ကစားသမား ခြောက်ဦးအထိ အားဖြည့်ထားသည်။

၂၀၁၈ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ် ရောဝတီယူနိုက်တက်အသင်းသည် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

■ J-04

# ပီအက်စ်ဂျီထံ ပြောင်းရွှေ့ခဲ့ခြင်းက နေမာ၏ကစားသမားဘဝကို ဆုတ်ယုတ်သွားစေကြောင်း ရော်နယ်ဒို သုံးသပ်

**လန်ဒန်၊ ဇန်နဝါရီ ၁၃**

ဘရာဇီးလက်ရွေးစင်တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သည့် ရော်နယ်ဒိုသည် ပီအက်စ်ဂျီထံသို့ နေမာ ပြောင်းရွှေ့ခဲ့ခြင်းကို ဝေဖန်စကားများ ပြောကြားလိုက်ပြီဖြစ်ပြီး ယင်းလုပ်ရပ်မှာ နေမာ၏ကစားသမားဘဝဖြတ်သန်းမှုကို တိုးတက်မှုထက် ဆုတ်ယုတ်မှု ပိုများသွားစေခဲ့ကြောင်း ရော်နယ်ဒိုက ထောက်ပြသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

ပီအက်စ်ဂျီသည် လွန်ခဲ့သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း၌ နေမာကို ဘာစီလိုနာထံမှနေ၍ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၉၈ သန်း ပေးချေခေါ်ယူခဲ့ခြင်းဖြစ်ကာ နေမာကို ယင်းကဲ့သို့ ငွေကုန်ကြေးကျခံ ခေါ်ယူခဲ့သည်မှာ ဥရောပအဆင့်တွင် ထိပ်သီးအသင်းကြီးအဆင့်မျိုးဖြင့် ရပ်တည်လိုခြင်းကြောင့်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများက ထုတ်ဖော်ဝန်ခံထားပြီးဖြစ်သည်။

နေမာသည် လက်ရှိဘောလုံးရာသီတွင် ပီအက်စ်ဂျီကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်တွင် ပွဲစဉ်ပေါင်း ၂၂ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ရာ၌ သွင်းဂိုး ၂၀ ရယူပေးထားနိုင်ပြီဖြစ်ပြီး လက်ရှိတွင် ၎င်းကိုခေါ်ယူရန်အတွက် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်က စောင့်ကြည့်မှုများရှိနေပြီလည်းဖြစ်သည်။



အသက် ၂၅ နှစ်အရွယ်ရှိနေမာသည် ၎င်းအနေနှင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဘလွန်းဒီအော်ဆု(ရွှေဘောလုံးဆု)ပိုင်ရှင်ဖြစ်လာနိုင်စေရန် ရည်ရွယ်၍ ပီအက်စ်ဂျီထံသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ဖူးပြီး ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်ကမူ ရီးရဲလ်မက်ဒရစ်ထံသို့ နေမာ ပြောင်းရွှေ့ခဲ့မည်ဆိုပါက ယင်းရည်မှန်းချက်မှာ လွယ်လင့်တကူဖြင့်ပင် ပြည့်ဝသွားလိမ့်မည်ဟု အသိပေးထားသည်။

ရော်နယ်ဒိုသည် ဘာစီလိုနာကို ၎င်းစွန့်ခွာချိန်တွင် ပိုမိုပြင်းထန်သည့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရန်အတွက် အင်တာမီလန်ကို ရွေးချယ်ခဲ့ကြောင်း အသိပေးသွားခဲ့ပြီး နေမာကမူ အမြင့်သို့ရောက်နေရာမှနေ၍ အနိမ့်သို့ဆင်းကာ ကစားရန် ဆုံးဖြတ်လိုက်ခြင်းအတွက် နားမလည်နိုင်အောင်ပင်ဖြစ်ရကြောင်း ရော်နယ်ဒိုက မှတ်ချက်ပေးထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ရော်နယ်ဒိုက "ကျွန်တော်လည်း နေမာနည်းတူ ဘာစီလိုနာကို စွန့်ခွာခဲ့ဖူးပါတယ်။ ဒါပေမဲ့ ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင်သစ်တစ်ခုရှိရာဆီကို ကျွန်တော် ခရီးဆက်ခဲ့တာပါ။ ပြိုင်ဘက်ကောင်းတွေ၊ အသင်းကောင်းတွေနဲ့ ယှဉ်ပြိုင်လိုတဲ့အတွက် စီးရီးအေကို ကျွန်တော် ရွေးချယ်ခဲ့ပါတယ်။ နေမာကတော့ ကျွန်တော်နဲ့ ပြောင်းပြန်အနေအထားမျိုးပါပဲ။ ပြင်သစ်လီဂူးမှာ ထိပ်တန်းအဆင့်စွမ်းဆောင်ရည်တွေကို သူက ထုတ်ဖော်ပြသနေပေမယ့် ဂုဏ်ယူစရာတော့ မကောင်းလှပါဘူး။ ဒီပတ်ဝန်းကျင်မှာ သူ့ကို ယှဉ်နိုင်စွမ်းရှိသူရယ်လို့ ခပ်ရှားရှားပါ။ တိုးတက်ချင်တဲ့ကစားသမားတစ်ယောက်ဆိုတာ ပြိုင်ဘက်ကောင်းတွေရဲ့ပံ့ပိုးမှုကို ရရှိဖို့လည်း လိုပါတယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11

## ရွှေခါးပတ်ချန်ပီယံ တူးတူးနှင့် ယူကရိန်းကစား သမားထိုးသတ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာ့လက်ခမောင်းကုမ္ပဏီက စတုတ္ထအကြိမ်မြောက်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရှစ် (World Lethwei Championship 4) ပြိုင်ပွဲတွင် ရွှေခါးပတ်ချန်ပီယံတူးတူးနှင့် ယူကရိန်းလက်ဝှေ့သမားတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

Bare-Knuckle King ဟု အမည်ပေးထားသည့် အဆိုပါမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ဖေဖော်ဝါရီလ ၁၇ ရက်တွင်ကျင်းပမည်ဟု မြန်မာ့လက်ခမောင်းကုမ္ပဏီက ထုတ်ပြန်ထားသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲ၏ အဓိကတွဲဆိုင်းအဖြစ် လက်ရှိရွှေခါးပတ်ချန်ပီယံတူးတူးသည် ရွှေခါးပတ်ကာကွယ်ပွဲ အဖြစ်ထိုးသတ်ရမည်ဖြစ်ပြီး ၎င်းကို စိန်ခေါ်ထိုးသတ်မည့်ကစားသမားမှာ ယူကရိန်းနိုင်ငံသား Vasyl Sorokin (ဗက်စ်ဆလ် ဆိုရိုကင်) ဖြစ်သည်။

ယင်းပြိုင်ပွဲကို တွဲဆိုင်းခုနစ်ဆိုင်းခန့်ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး အမျိုးသမီးတွဲဆိုင်းတစ်တွဲ ပါဝင်မည်ဖြစ်ကာ မြေဟောက်မင်းကလပ်မှ ရွှေဇင်မင်း (မြန်မာ) နှင့် ကမ္ဘောဒီးယားလက်ဝှေ့မယ် Eh Yaunt တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တူးတူးနှင့်ထိုးသတ်မည့် ယူကရိန်းကစားသမား ဆိုရိုကင်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၃ ရက်နေ့က ထိုင်းနိုင်ငံမှ မွေထိုင်းကစားသမား ဆူစခွန်ကို Thai Fight ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။

တူတူးမှာ ၂၀၁၇ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဩစတြေးလျ လက်ဝှေ့သမား ဘာဒါတိုကို အနိုင်ယူခဲ့သည့် ရွှေခါးပတ်ချန်ပီယံဖြစ်သည်။ ■ J-04



## ဂျာဂင်ကလော့ပ်၏ကမ်းလှမ်းမှုကို လီရွိုင်းဆာနေး နှစ်ကြိမ်တိုင် ငြင်းဆန်ခဲ့၊ ဂွါဒီယိုလာကြောင့် မန်စီးတီးကို ရွေးဖြစ်သွားခဲ့သည်ဟု ဂန်ဒိုဂန်ဆို

**မန်ချက်စတာ၊ ဇန်နဝါရီ ၁၃**

မန်စီးတီးတိုက်စစ်တောင်ပံကစားသမား လီရွိုင်းဆာနေးသည် ၎င်းအနေနှင့် မန်စီးတီးထံသို့ မပြောင်းရွှေ့မီတွင် လီဗာပူးထံသို့ ပြောင်းရွှေ့ရန်အတွက် နည်းပြဂျာဂင်ကလော့ပ်ထံမှနေ၍ ဆက်သွယ်မှုများရခဲ့ဖူးကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး ဂျာဂင်ကလော့ပ်မှာ ဒေါ့မွန်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလကတည်းကပင် လီရွိုင်းဆာနေးကိုခေါ်ယူရန် ချိတ်ဆက်ခဲ့ဖူးခြင်းဖြစ်ကြောင်း The Bild က ဖော်ပြထားသည်။

ဒေါ့မွန်ထံတွင် ဂျာဂင်ကလော့ပ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း ၎င်း၏ညာလက်ရုံးတစ်ဦးဖြစ်ခဲ့သူ ဒေးဗစ်ဝက်ဂ်နာသည် လီရွိုင်းဆာနေးကိုခေါ်ယူရန် အကြံပြုတိုက်တွန်းခဲ့ဖူးပြီး ယင်းအချိန်က လီရွိုင်းဆာနေးမှာ ရှော်ကေးထံတွင် အကယ်ဒမီသင်တန်းသားအဖြစ် ပညာဆည်းပူးနေဆဲကာလဖြစ်သည်။

သို့သော် လီရွိုင်းဆာနေးသည် ဒေါ့မွန်နှင့် ရှော်ကေးတို့အကြားရှိ ခါးသီးသောဒါဘီဆက်ဆံရေးအခြေအနေများကြောင့် နည်းပြဂျာဂင်ကလော့ပ်၏ကမ်းလှမ်းမှုကို ငြင်းဆန်ကာ ရှော်ကေးထံတွင်သာ ကစားသမားဘဝ ဆက်လက်ဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး မန်စီးတီးထံသို့ မပြောင်းရွှေ့မီတွင်လည်း ဂျာဂင်ကလော့ပ်က ၎င်းကို လီဗာပူးထံသို့ ပြောင်းရွှေ့ကစားရန် စည်းရုံးရေးဆင်းခဲ့သေးကြောင်း လီရွိုင်းဆာနေးက ထုတ်ဖော်အသိပေးထားသည်။

လီရွိုင်းဆာနေးနည်းတူ အခြားသော မန်စီးတီး ကစားသမားတစ်ဦးဖြစ်သော ဂန်ဒိုဂန်ကလည်း နည်းပြ ဂျာဂင်ကလော့ပ်မှာ ၎င်းကို လီဗာပူးထံသို့ ပြောင်းရွှေ့ကစားရန် အမြဲတစေ ကမ်းလှမ်းခဲ့ဖူးကြောင်းဖွင့်ဟပြောကြားသွားခဲ့ပြီး ၎င်းအနေနှင့် လီဗာပူးထံသို့ မပြောင်းရွှေ့ဖြစ်ခဲ့ဘဲ မန်စီးတီးကို ရွေးချယ်လိုက်သည်မှာ နည်းပြဂွါဒီယိုလာကြောင့်ဖြစ်သည်ဟုလည်း ဂန်ဒိုဂန်က ပြောကြားသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂန်ဒိုဂန်က "ဂျာဂင်ကလော့ပ်နဲ့ ကျွန်တော့်အကြားမှာ ကွဲပြားခြားနားတဲ့ ကိစ္စရပ်ပေါင်းများစွာကို ဆွေးနွေးစကားပြောဆိုတာမျိုးတွေ ဒီကနေ့ထိတိုင် ရှိနေဆဲပါပဲ။ ကျွန်တော်ဟာ သူသဘောကျနှစ်ခြိုက်တဲ့ကစားသမားစာရင်းမှာ အမြဲပါဝင်ခဲ့ဖူးပါတယ်။ ကျွန်တော့်ကို လီဗာပူးဆီခေါ်ယူဖို့အတွက်လည်း သူက ကြိုးပမ်းခဲ့ဖူးတာ အမှန်ပါပဲ။ ဒါပေမဲ့ အဲ့ဒီကမ်းလှမ်းမှုကို ကျွန်တော် ငြင်းဆန်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပြဂွါဒီယိုလာရဲ့ဦးဆောင်မှုအောက်မှာ ကစားသမားဘဝကို ဖြတ်သန်းနိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ရောက်ရှိလာခဲ့လို့ပါပဲ။ ဒါကြောင့်ပဲ မန်စီးတီးကို ကျွန်တော် ရွေးချယ်ဖြစ်သွားခဲ့တာပါ"ဟု အသိပေးသွားခဲ့သည်။ ■ E-11

## ဒီဂီယာကို အသင်းသမိုင်းကြောင်းတစ်လျှောက် စံချိန်တင်လုပ်ခလစာပေး၍ စာချုပ်သစ်ချုပ်ရန် မန်ယူ စီစဉ်

**မန်ချက်စတာ၊ ဇန်နဝါရီ ၁၃**

မန်ယူအသင်းတာဝန်ရှိသူများသည် ဂိုးသမားဒီဂီယာကို အသင်းသမိုင်းကြောင်းတစ်လျှောက် စံချိန်တင်လုပ်ခလစာတစ်ရပ်ပေးချေ၍ စာချုပ်သစ်ချုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

မန်ယူသည် ချယ်လ်ဆီးအသင်းက ဂိုးသမား ကော်တွာကို စာချုပ်သစ်ချုပ်ရန်အတွက် အပြီးသတ်သဘောတူညီချက်ရယူလိုက်နိုင်ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာအပြီးတွင် ရီးရဲလ်မက်ဒရစ်က ဒီဂီယာဘက်သို့ တစ်ကျော့ပြန်လည်ဦးလှည့်မှုများရှိလာမည်ကို စိုးရိမ်ပူပန်နေပြီဖြစ်ကာ ယင်းအတွက် ဒီဂီယာကို စာချုပ်သစ်ချုပ်ရန် မန်ယူက စီမံစိုင်းပြင်းလာခြင်းဖြစ်သည်။




အသက် ၂၇ နှစ်အရွယ်ရှိ ဒီဂီယာနှင့် မန်ယူအသင်းအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် လာမည့် ၂၀၁၉ ခုနှစ် ဇွန်လတိုင်သည်အထိ သက်တမ်းကျန်ရှိနေဆဲဖြစ်ကာ စာချုပ်သစ်တွင် ဒီဂီယာ၏ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို ပေါင်သုံးသိန်းအထိ တိုးမြှင့်ပေးရန် မန်ယူက စီစဉ်ထားပြီဖြစ်သည်။

ဒီဂီယာသည် လက်ရှိတွင် မန်ယူထံ၌ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၂၁၀,၀၀၀ ရရှိနေပြီး အသင်းဘက်က ကမ်းလှမ်းရန် စီစဉ်ထားသော စာချုပ်သစ်ကို လက်ခံခဲ့မည်ဆိုပါက ဒီဂီယာမှာ မန်ယူအသင်း သမိုင်းကြောင်းတစ်လျှောက်တွင် လုပ်ခလစာအကျိုးခံစားခွင့် အများဆုံးရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်သွားတော့မည်လည်းဖြစ်သည်။

ချယ်လ်ဆီးသည် ကော်တွာကို တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းဖြင့် စာချုပ်သစ်ချုပ်ရန် သဘောတူညီမှု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မန်ယူက ဒီဂီယာကို ကမ်းလှမ်းမည့်စာချုပ်သစ်မှာ ၎င်းကို ကမ္ဘာ့လုပ်ခလစာ အများဆုံးရ ဂိုးသမားအဖြစ် စံချိန်တင်နိုင်စေရန်လည်း အထောက်အပံ့ပေးလိမ့်မည်ဖြစ်သည်။

ဒီဂီယာသည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် နွေရာသီကာလကစားသမား အပြောင်းအရွှေ့ဈေးကွက်တွင် ရီးရဲလ်မက်ဒရစ်ထံသို့ ပြောင်းရွှေ့ရောက်ရှိရန် လွန်စွာနီးစပ်ခဲ့ဖူးပြီး မန်ယူနှင့် ရီးရဲလ်မက်ဒရစ်တို့အကြားတွင် အပြောင်းအရွှေ့အတွက် စာရွက်စာတမ်းလွှဲပြောင်းပေးအပ်မှု အချိန်နောက်ကျခဲ့ခြင်းကြောင့် ယင်းအပြောင်းအရွှေ့မှာ အဆုံးသတ်တွင် ပျက်ပြယ်သွားခဲ့ရခြင်းဖြစ်သည်။ ■ E-11

# Escape

## အသက် ၂၀ လူငယ်လေး ဒေါ်လာသန်း ၄၅၀ ကျော်ဖိုး ထီပေါက်

အမေရိကန်ပြည်ထောင်စုဖလော်ရီဒါပြည်နယ်က အသက် ၂၀ အရွယ်ကောင်လေးတစ်ယောက်ဟာ ဂျက်ပေါ့ထီပေါက်သွားခဲ့တာမို့ ဒေါ်လာ သန်း ၄၅၀ ရရှိသွားပါသတဲ့။

ယခုအချိန်မှာတော့ ဘယ်လိုမျိုးပျော်ပါးကြမလဲဆိုတာကို စီစဉ်နေတယ်လို့ သူက ပြောပါတယ်။

အမေရိကန်ထီသမိုင်းမှာ ဂျက်ပေါ့ထီဆုကြေးအများဆုံးရရှိမှု စတုတ္ထချိတ်သွားခဲ့ပါတယ်။

ရှိန်းမစ်စ်လာလို့ အမည်ရတဲ့အမျိုးသားငယ်ဟာ ပထမအရစ်အဖြစ်အမေရိကန်ဒေါ်လာ ၂၈၂ သန်း ရရှိမှာဖြစ်ပြီး ကျန်ငွေများကို ဆက်လက်ရရှိမှာဖြစ်ပါသတဲ့။

သူထီပေါက်တော့မယ်လို့ကိုယ့်ကိုယ်ကိုယ် ထင်နေမိတယ်လို့ မစ္စတာမစ်စ်လာက ပြောကြားခဲ့ပါတယ်။

ထီပေါက်တဲ့ သတင်းကြားကြားပြီးနောက်မှာ ကောင်လေးဟာ Facebook ပေါ်မှာ Oh. My. God. ဆိုပြီး တစ်ခွန်းတည်း တင်ခဲ့ပါတယ်။

■F-02





## အမှိုက်ပုံးထဲမှာ စစ်ကျန် လက်ပစ်ဗုံးတွေ့လို့ အလန့်တကြားဖြစ်



အမေရိကန်ပြည်ထောင်စု ကွန်နက်တီကပ်ပြည်နယ်က သန့်ရှင်းရေးလုပ်သားတစ်ဦးဟာ အမှိုက်ပုံးထဲမှာ လက်ပစ်ဗုံးတစ်လုံး တွေ့ခဲ့ရပါသတဲ့။

စတန်းဖို့ဒ် အမှိုက်သိမ်းကုမ္ပဏီရဲ့ခေါ်ဆိုမှုကြောင့် ရဲများသွားရောက်စစ်ဆေးကြည့်ရာမှာ တကယ့်လက်ပစ်ဗုံးအစစ်ကြီးဖြစ်နေတာကို တွေ့လိုက်ရပါသတဲ့။

ပြည်နယ်ဗုံးကျွမ်းကျင်သူ ရဲတပ်ဖွဲ့ကို ထပ်မံခေါ်ယူရပြီး ဗုံးကို ဖြုတ်ခဲ့ရပါသတဲ့။

အဆိုပါလက်ပစ်ဗုံးဟာ ပထမကမ္ဘာစစ် သို့မဟုတ် ဒုတိယကမ္ဘာစစ် လက်ထက်ဗုံး ဖြစ်နိုင်တယ်လို့ တာဝန်ရှိသူများက ဆိုပါတယ်။

ဒဏ်ရာရမှု တစ်စုံတစ်ရာမရှိဘဲနဲ့ အဆိုပါဗုံးကို စနက်တံဖြုတ် ရှင်းလင်းနိုင်ခဲ့တယ်လို့ သတင်းများကဆိုပါတယ်။

ဘာကြောင့် စစ်ကျန်ဗုံးက အမှိုက်ပုံးထဲ ရောက်နေတယ်ဆိုတာကိုတော့ မသိရသေးပါဘူး။

■ F-02

## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ



★ အိုင်းစတိုင်းကြီးကွယ်လွန်တော့ အလောင်းကိုခွဲစိတ်ရသူဟာ ဆရာကြီးရဲ့ဦးနှောက်ကို ခိုးပြီး ဆေးစိမ်ထားကာ နှစ်ပေါင်း ၂၀ လောက် သိမ်းထားခဲ့ပါသတဲ့။

★ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူတွေဟာ လက်ရေးဆိုးတတ်ပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ စဉ်းစားတာ သိပ်မြန်တတ်တာမို့ လက်က မလိုက်နိုင်လို့ပါ။





★ အမေရိကန်တရားဥပဒေသမိုင်းမှာ သေဒဏ်ပေးခဲ့သမျှထဲမှာ အငယ်ဆုံးဟာ အသက် ၁၄ နှစ်ဖြစ်ပါသတဲ့။





★ မြွေတွေဟာ ဘယ်တော့မှ မျက်တောင် မခတ်ဘူးတဲ့။ အိပ်ရင်လည်း မျက်လုံးဖွင့်ပြီးတော့ အိပ်တတ်ကြပါတယ်။